ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်


* စာတည်းအဖွဲ့အမှာ ............. ၁
* အောက်တိုဘာတော်လှန်ရေးက ပြဌာန်းခဲ့တဲ့ ............. ၄
* စာအုပ်တအုပ်ကို ဖတ်မိခြင်း ............. ၆
* ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းနိုင်မှ ............. ၁၄
* ပြည်တွင်းစစ်၊ အကြမ်းဖက်သမားနှင့် ............. ၁၈
* စစ်အုပ်စု အကျိုးစီးပွား အမြော်အမြင်နဲ့ ............. ၂၁
* အောက်တိုဘာတော်လှန်ရေး နှစ် ၁၀၀ ပြည့်အောင်ပွဲ ............. ၂၄
* တိုက်ပွဲအလီလီမှသည် ............. ၃၁
* စစ်တပ်ဟာ စစ်တန်းလျားကို ပြန်ချိန်တန်ပြီ ............. ၃၃
* ၁၉၂၅ ရှန်ဟဲ လူသတ်ပွဲ (နိုင်ငံတကာကဗျာ) ............. ၃၇
* အောက်တိုဘာတော်လှန်ရေး၏ ............. ၃၈
* ကာ့ဒ်နိုင်ငံတော်ထူထောင်ရေး ............. ၄၁
* သတင်းနဲ့မှတ်ချက် ............. ၄၆



**အမှတ် (၄၁)**

**အောက်တိုဘာ၊ ၂၀၁၇ ခုနှစ်။**

# စာတည်းအဖွဲ့အမှာ

ပြည်သူ့အာဏာဂျာနယ် အမှတ် (၄၁) အောက်တိုဘာ၊ ၂၀၁၇

# မဟာအောက်တိုဘာတော်လှန်ရေးကြီးရဲ့လမ်းကြောင်း အမွန့်ရှည်ရမည်

၁၉၁၇ခုနှစ်၊ နိုဝင်ဘာလ ၇ရက်နေ့တွင် မဟာအောက်တိုဘာ တော်လှန်ရေးကြီးအောင်ပွဲခံခဲ့သည်။

ကမ္ဘာ့သမိုင်းတွင် ပစ္စည်းမဲ့လူတန်းစားက နိုင်ငံတော်အာဏာကို ရရှိလိုက်သည့် ပထမဆုံးသော တော်လှန်ရေးကြီး ဖြစ်သည်။

ကမ္ဘာပေါ်တွင် အလုပ်သမားနှင့်လယ်သမားကို ကိုယ်စားပြုသော တူတံစဉ်အမှတ်အသားကို နိုင်ငံတော်အလံအဖြစ် ပထမဆုံးအကြိမ် တွေ့မြင်ကြရသည်။

ကားလ်မာ့က်စ်နှင့်အိန်ဂယ်တို့က ကွန်မြူနစ်ပါတီကြေညာ စာတမ်းတွင် စ – စချင်း ပြောကြားလိုက်သော ဥရောပတိုက်ကို ခြောက်လှန့်နေသည့် တစ္ဆေကြီးတကောင်မှာ တစ္ဆေကြီးတကောင် မဟုတ်၊ သက်ရှိထင်ရှား လူသားစင်စစ်ဖြစ်ကာ အရင်းရှင်ကမ္ဘာနှင့် နယ်ချဲ့တကာကို စိန်ခေါ်၊ ကိုင်လှုပ်လိုက်သည်။ နိုင်ငံတကာအရင်းရှင်များ တကယ်ပင် ကြောက်ဒူးတုန်ကုန်ကြသည်။

ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်ဝါဒဆိုသည်မှာ စာအုပ်ထဲမှာသာ ရှိသည့်အရာမဟုတ်၊ လက်တွေ့အရာများဖြစ်ကြောင်း တကမ္ဘာလုံးကို ပြသခဲ့သည်။ နယ်ချဲ့သောအဆင့်သို့ ရောက်နေသည့် အရင်းရှင်စနစ်ကို တော်လှန်ဖြုတ်ချ၍ရကြောင်း ကမ္ဘာကို သက်သေပြလိုက်သည်။

အောက်တိုဘာ တော်လှန်ရေးကြီး၏ အရင်မှာ ပေါ်ပေါက်ခဲ့သော ပဲရစ်ကွန်မြူန်း၏ ရှုံးနိမ့်မှုကြောင့် တော်လှန်ရေးဆိုလျှင် စိတ်တွင် မပြတ်မသားဖြစ်နေသော ကမ္ဘာ့ပြည်သူများအတွက် အလင်းရောင်ကြီး ဆောင်ကျဉ်းပေးခဲ့သည်။ သည်တော်လှန်ရေးကြီးကဲ့သို့သော တော်လှန်ရေးကြီးတရပ်ကို ဖော်ဆောင်လုပ်ကိုင်မည်ဆိုလျှင် အတွေးအခေါ်အရ၊ နိုင်ငံရေးအရ၊ စည်းရုံးဖွဲ့စည်းမှုအရ စနစ်ကျတောင့်တင်းသော ပါတီတရပ် မဖြစ်မနေလိုအပ်ကြောင်း ကမ္ဘာ့ပြည်သူတွေ အသိရလိုက်ကြသည်။

နောက်ပြီး လက်နက်ကိုင်တော်လှန်ရေး။ ကိုယ့်ထက်အင်အား အများကြီးသာ၊ ရာစုနှစ်နှင့်ချီ တည်ဆောက်ထားသော အုပ်ချုပ်ရေးယန္တရားကြီး လက်ဝယ်ရှိနေသည့် အုပ်စိုးသူလူတန်းစားကို ဖြုတ်ချမည်၊ သူ့ထံမှ အာဏာကို ရယူမည်ဆိုလျှင် လက်နက်ကိုင်သည့်နည်းမှတပါး အခြားမရှိဆိုသည်ကိုလည်း ဤ တော်လှန်ရေးကြီးက ပြသလိုက်သည်။

သို့ဖြင့် အောက်တိုဘာတော်လှန်ရေး အစဉ်အလာ၊ အောက်တိုဘာတော်လှန်ရေး လမ်းကြောင်း၊ အောက်တိုဘာတော်လှန်ရေး တွေးခေါ်နည်း စသည်တို့မှာ နောင်တွင် အနိုင်နိုင်ငံမှ အလုပ်သမားများ၊ အဖိ နှိပ်ခံပြည်သူများနှင့် သူတို့အတွက် တိုက်ပွဲဝင်နေသူများအတွက် အောက်တိုဘာ အစဉ်အလာ၊ အောက်တိုဘာလမ်းကြောင်းအဖြစ် ထွန်းတောက်လျက် ရှိနေပေတော့သည်။

တပါတည်း ပြောရမည်က အောက်တိုဘာတော်လှန်ရေး ပေါ်ပေါက်ချိန်သည် ပထမကမ္ဘာစစ်ကြီး



အရှိန်မြင့်နေချိန်နှင့်လည်း တိုက်ဆိုင်နေသည်။ ထိုအချိန်က ရုရှားဇာဘုရင်က ဤကမ္ဘာစစ်ကြီးအတွင်း ဝင်ပါနေသဖြင့် ရုရှားတပြည်လုံး အကြီးအကျယ် ဆင်းရဲကျပ်တည်းနေသည်။ ယင်းသို့သော အချိန်မျိုးတွင် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ မှန်ကန်သော နိုင်ငံရေးခြေလှမ်းများကြောင့် ပထမကမ္ဘာစစ်အကျပ်အတည်းမှလည်း လွတ်ထွက်နိုင်၊ ပြည်သူလူထု ထောက်ခံမှုလည်း ရရှိခဲ့သည်။ သို့ဖြင့် အောက်တိုဘာတော်လှန်ရေးသည် ကိုလိုနီဘဝကျရောက်နေကြသော ပြည်သူများ အတွက်လည်း မီးရှူးတန်ဆောင်ကြီး ဖြစ်လာခဲ့ရသည်။

ဤနေရာတွင် သမိုင်းနောက်ခံကို ခပ်တိုတိုလေး ရေးပြသင့်သည်ဟု ထင်သည်။ အောက်တိုဘာတော်လှန်ရေး မတိုင်မီက ရုရှားနိုင်ငံဆိုသည်မှာ အင်မတန်ခေတ်နောက်ကျသော၊ ပဒေသရာဇ်ဘုရင် အုပ်စိုးသည့်၊ အရင်းရှင်စနစ် ကောင်းကောင်း မထွန်းကားသေးသော မြေယာတပိုင်း နိုင်ငံသာ ဖြစ်သည်။ နီကိုလပ်စ်ဘုရင်မင်းဆက်က အုပ်စိုးနေသော နိုင်ငံ၏စီးပွားရေးမှာ ကြာလေဆိုးလေ ဖြစ်လာကာ ထိုနှစ် ဖေဖော်ဝါရီလထဲတွင် တော်လှန်ရေးတခု ဖြစ်ပေါ်ခဲ့သည်။ ယင်းကို ဖေဖော်ဝါရီတော်လှန်ရေးဟု ခေါ်ဆိုကြသည်။ ဇာဘုရင် ဒုတိယနီကိုလပ်စ်ကို တော်လှန်ဖြုတ်ချခဲ့သည့် ဤအုံကြွမှု ကြီးကို ကွန်မြူနစ်များနှင့် ဓနရှင်အင်အားစုများ ပူးတွဲဆင်နွှဲခဲ့ကြခြင်းဖြစ်ပြီး အောင်ပွဲရသောအခါတွင် ကရင်စကီ (Kerensky) ခေါင်းဆောင်သည့် ယာယီအစိုးရတခုကို ထူထောင်ခဲ့ကြသည်။ ကရင်စကီအစိုးရ လက်ထက်တွင် လူထု၏ စီးပွားရေးမှာ ပိုကောင်းမလာဘဲ ပိုဆိုးလာသည်။ ထို့ပြင် ကရင်စကီအစိုးရသည် ဇာဘုရင်ပါဝင်ခဲ့သော ပထမကမ္ဘာစစ် ထဲတွင် ဆက်ပါနေသဖြင့် တိုင်းပြည်၏ အခြေအနေမှာ အဘက်ဘက်တွင် ဆိုးရွားသထက် ဆိုးရွားလာသဖြင့် တိုင်းပြည် အနှံ့အပြားတွင် သပိတ်တွေ ပေါ်လာတော့သည်။ ထို ၁၉၁၇ ခုနှစ်၊ အောက်တိုဘာလသို့ ရောက်သောအခါ ရုရှားနိုင်ငံ အဝှမ်းတွင် ဖြစ်ပေါ်နေသော လယ်သမား ပုန်ကန်မှုချည်းကပင် အကြိမ်ပေါင်း ၄၀၀၀ ကျော် ရှိနေပြီ ဖြစ်သည်။ မကြာမီ မှာပင် မြို့တော်ပီထရိုဂရက်နှင့် မော်စကိုတို့က မြို့စောင့်တပ်တွေအပါ တိုင်းပြည်ရဲ့ မြောက်ပိုင်းနှင့်အနောက်ပိုင်း စစ်မျက်နှာ တို့မှတပ်များနှင့် ဘောလ်တစ်ပင်လယ် ရေတပ်တို့က ကရင်စကီယာယီအစိုးရ၏ အမိန့်များကို နာခံမည်မဟုတ်တော့ ကြောင်း ကြေညာခဲ့ကြသည်။ ဤသို့သော အခြေအနေတွင် ဗော်ရှီဗစ်ပါတီ ဗဟိုကော်မတီက ထုတ်ပြန်သော ကြေညာ ချက်၌ “လက်နက်ကိုင်ပုန်ကန်မှုတခု မုချပေါ်ပေါက်တော့မည်။ အခြေအနေမှာ လုံးဝရင့်မှည့်နေပြီ”ဟု ဖော်ထုတ် လိုက်သည်။

သို့ဖြင့် နိုဝင်ဘာလ ၇ ရက် – ရုရှားရိုးရာ ပြက္ခဒိန်ဟောင်းအရ  အောက်တိုဘာလ ၂၅ ရက် – နေ့တွင် ဗော်ရှီဗစ်များက ထိုစဉ်က ရုရှားပြည်၏ မြို့တော်ဖြစ်သော ပီထရိုဂရက်မြို့တွင် ကရင်စကီ၏ ယာယီအစိုးရကို လက်နက်ဖြင့် စတင်ပုန်ကန်လိုက်ကြသည်။ ကရင်စကီနှင့် သူ၏အစိုးရအဖွဲ့ဝင် အားလုံးလိုလို ဆောင်းရာသီနန်းတော်သို့ ပြေးဝင် ခိုလှုံကြသည်။ ဘာမှ မကြာလိုက်ပါ။ ဆောင်းရာသီနန်းတော်ကိုလည်း သွေးထွက်သံယိုမှု မရှိသလောက် နီးပါးဖြင့် ဗော်ရှီဗစ် တွေက သိမ်းပိုက်နိုင်လိုက်သည်။ ထိုအချိန်တွင် မူလ ကရင်စကီ အစိုးရလက်အောက်က စစ်တပ်နဲ့စစ်သား အမြောက် အမြားလည်း လီနင်ဦးဆောင်သော ဗော်ရှီဗစ်တပ်များနှင့် ပူးပေါင်းခဲ့ကြပြီဖြစ်သည်။ အချို့သော ရုပ်ရှင်နှင့် စာအုပ်များတွင် ဆောင်းရာသီနန်းတော်တိုက်ပွဲကို သွေးချောင်းစီးတိုက်ပွဲသဖွယ် ဖော်ပြနေခြင်းမှာ လူအများ စိတ်ဝင်စားစေရန် ကားချဲ့ ပုံဖွဲ့ခဲ့ခြင်းသာ ဖြစ်သည်။ တကယ်က ကရင်စကီ စုဆောင်းရရှိသော တပ်များသည် သေနတ်သံ ကြားသည်နှင့်ပင် ပြေးသူ ပြေး၊ အညံ့ခံသူခံ ဖြစ်ခဲ့သည်။ ဆောင်းရာသီ နန်းတော်တိုက်ပွဲ စတင်ရန် အော်ရိုရာခရူဇာ စစ်သင်္ဘောကြီးပေါ်ကနေ

ပစ်ခဲ့သော အမြောက်ဆန်များမှာလည်း ဗလာအမြောက်ဆန်များသာ ဖြစ်သည်။

ထိုဗလာအမြောက်ဆန်များမှ အသံသည် ကမ္ဘာတဝှမ်းလုံးကို ဟိန်းထွက်ပဲ့တင်ထပ်ခဲ့သည်။

ရုရှားပြည်ကြီးတွင် အလုပ်သမား၊ လယ်သမား၊ စစ်သားတို့၏ စည်းလုံးညီညွတ်မှုဖြင့် သမိုင်းတခေတ် ပေါ်ထွန်းစေခဲ့သည်။

ကွန်မြူနစ်ဝါဒကို ကမ္ဘာအနှံ့ပြန့်ပွားစေခဲ့ပြီး ကမ္ဘာအနှံ့တွင် ကွန်မြူနစ်ပါတီတွေ အလျှိုလျှိုပေါ်ထွက်ခဲ့သည်။



အော်ရိုရာစစ်သင်္ဘော (Cruiser Aurora)

ရုရှားဗော်ရှီဗစ်ပါတီအနေဖြင့် တပြည်လုံးအာဏာ ရရှိပြီးသော်လည်း ရှုံးနိမ့်သွားသည့် အုပ်စိုးသူ၏ အပေါင်းအဖော်များ၊ ပဒေသရာဇ်အကြွင်းအကျန်များနှင့် ဖောက်ပြန်သူများက လက်နက်ကိုင် အင်အားဖွဲ့ပြီး (ဆိုဗီယက်တပ်များကို တပ်နီ၊ သူတို့ကို တပ်ဖြူဟု ခေါ်သည်) ပြန်တိုက်ခြင်းကို နှိမ်နင်းရသေးသည်။ ထိုဖောက်ပြန်ရေးတပ်များကို ပြည်ပအရင်းရှင်နိုင်ငံများက ငွေအင်အား၊ လူအင်အား၊ လက်နက်အင်အားများဖြင့် ကူညီခဲ့ကြသည်။ သို့သော် သူတို့ကို ဆိုဗီယက်တပ်နီတော်က ၁၉၂၃ ခုနှစ်တွင် အပြတ်နှိမ်နင်းနိုင်ခဲ့သည်။

တချိန်က ဗမာပြည်၊ ရန်ကုန်–မန္တလေးလို မြို့ကြီးများတွင် အောက်တိုဘာတော်လှန်ရေးနေ့၌ အခမ်းအနားများကို နှစ်စဉ်လိုပင် ကျင်းပလေ့ရှိကြသည်။ စစ်တပ်အာဏာသိမ်းမှုတွေ ဖြစ်လာတော့မှ ပျောက်သွားသည်ဟု ဆိုရမည် ထင်သည်၊ ယခု နောက်ပိုင်းတွင်မူ လူငယ် အများအပြားမှာ ဤအကြောင်းကို ကြားပင်မကြားဖူးကြတော့ဟု ထင်သည်။ ကမ္ဘာပေါ်မှာ ပထမဆုံးဆိုရှယ်လစ်စနစ် နိုင်ငံကြီး ပေါ်ပေါက်ခြင်းကို ဂုဏ်ပြုသည့် ဤနေ့ထူးနေ့မြတ်ကို ဗိုလ်နေဝင်းတို့ရဲ့ မဆလ ဆိုရှယ်လစ်စနစ်က အသိအမှတ်မပြုခဲ့။ သူ့ကိုဆက်ခံသော စစ်ဗိုလ်များကလည်း သူ့ခြေရာကို နင်းသည်။ သူတို့အဖို့ စစ်မှန်သော ဆိုရှယ်လစ်စနစ်နှင့် ကွန်မြူနစ်ပါတီ၊ လက်ဝဲဝါဒီဆိုသည်တို့မှာ သူတို့၏ ကမ္ဘာမကြေရန်သူများ ဖြစ်သည်။ သူတို့လမ်းကို ဆက်လိုက်သည့် စစ်အာဏာရှင် အဆက်ဆက်လည်း ဤအတိုင်းပင် ဖြစ်သည်။ ယနေ့အထိ။

အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံသော အချိန်သည် ဗမာပြည်တွင် အမျိုးသားရေးလှုပ်ရှားမှုများ အရှိန်ယူစကာလ ဖြစ်သည်။ ကိုလိုနီဘဝဖြစ်သဖြင့် ပြည်ပမှ သတင်းများကို ကိုလိုနီသခင်များ ခွင့်ပြုသလောက်သာ သိရှိရသည်ဟု ဆိုနိုင်သည်။ သို့ဖြင့် ဆယ်စုနှစ်တစ်ခုကျော်မှ ရေနံမြေသပိတ်ကြီးပေါ်လာသည်။ တဆက်တည်း ဗမာပြည်ကွန်မြူနစ်ပါတီ ပေါ်လာသည်။ ဗမာပြည်မှ ကွန်မြူနစ်များသည် မိမိတို့အရေးတော်ပုံမှာ အောက်တိုဘာတော်လှန်ရေးကြီး၏ အဆက်၊ မိမိတို့ တက်လှမ်းရမည့် ရည်မှန်းချက်မှာ အောက်တိုဘာတော်လှန်ရေးက အောင်ပွဲရခဲ့သော ရည်မှန်းချက်ပင် ဖြစ်သည်ဟု တလျှောက်လုံး သဘောထားသည်။

စာတည်းအဖွဲ့
အောက်တိုဘာ၊ ၂၀၁၇ ခုနှစ်။



## အောက်တိုဘာတော်လှန်ရေးက ပြဋ္ဌာန်းခဲ့တဲ့လမ်းကြောင်းအတိုင်း လျှောက်လှမ်းခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ

၁၉၁၇ မှာ ပေါ်ပေါက်ခဲ့တဲ့ ရုရှားနိုင်ငံက အောက်တိုဘာ တော်လှန်ရေးဟာ ဒီနှစ် ၂၀၁၇မှာ နှစ် (၁၀၀) ပြည့်ပြီ ဖြစ်ပါတယ်။ အောက်တိုဘာတော်လှန်ရေး အောင်မြင်ပြီး ပေါ်ပေါက်လာတဲ့ ပထမဆုံးသော ဆိုရှယ်လစ်သမ္မတနိုင်ငံတော်ဟာ ကမ္ဘာ့တဝန်းက အဖိနှိပ်ခံ ပြည်သူတွေကို အတိုင်းအတာ ကြီးမားလှတဲ့ ပျော်ရွှင်တက်ကြွမှုတွေကိုပေးခဲ့ပြီး မာ့က်စ်ဝါဒ၊ လီနင်ဝါဒနဲ့အတူ တော်လှန်ရေး စိတ်ဓာတ်တွေကို စွဲကိုင်လိုစိတ်များ နိုးကြားတက်ကြွလာစေဖို့ကိုပါ ကြီးမားစွာ လှုံ့ဆော်ပေးနိုင်ခဲ့ပါတယ်။

အောက်တိုဘာတော်လှန်ရေး ဆိုတာဟာ ဇာဘုရင်ခေတ်ရုရှား လူ့အဖွဲ့အစည်းမှာ တည်ရှိခဲ့တဲ့ အလုပ်သမား၊ လယ်သမားနဲ့ ခေနရှင်ပေါက်စများအနေနဲ့ ဇာဘုရင်နဲ့ အရင်းရှင်၊ မြေရှင်တို့ရဲ့ ရက်စက်ပြင်းထန်စွာ ဖိနှိပ်သွေးစုပ်ခံနေရတဲ့ဘဝဆိုးက လွတ်မြောက်နိုင်ဖို့ ရဲဘော်လီနင် ခေါင်းဆောင်တဲ့ ရုရှားကွန်မြူနစ်တွေက မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ကိုင်စွဲပြီး ရှေ့ဆောင်တိုက်ပွဲဝင်ခဲ့လို့ အောင်မြင်ခဲ့တဲ့ သမိုင်းတွင်တဲ့ အောင်ပွဲတရပ် ဖြစ်ပါတယ်။ ဒ့ါအပြင် ပဒေသရာဇ်စနစ်ကို ဆန့်ကျင်တော်လှန်တဲ့ ခေနရှင်တော်လှန်ရေးများ ဆင်နွှဲခဲ့ကြရာမှာ ခေနရှင်လူတန်းစားကသာ ခေါင်းဆောင် ဆင်နွှဲခဲ့ကြတဲ့ ကမ္ဘာ့အစဉ်အလာကို ပယ်ဖျက်ပြီး ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ အောင်မြင်စွာ တော်လှန်ခဲ့တဲ့ သမိုင်းမှတ်တိုင်လည်း ဖြစ်ပါတယ်။ မာ့က်စ်ဝါဒရဲ့ လက်တွေ့အောင်ပွဲတရပ်လည်း ဖြစ်ပါတယ်။

ဒါကြောင့်လည်း အောက်တိုဘာတော်လှန်ရေး အောင်မြင်ပြီးနောက်ပိုင်းမှာ အဖိနှိပ်ခံနေရတဲ့ ဘဝက လွတ်မြောက်ဖို့ တိုက်ပွဲဝင်ကြတဲ့ နိုင်ငံအသီးသီးက ပြည်သူလူထုတွေ၊ ကိုလိုနီဘဝက လွတ်မြောက်ဖို့ နယ်ချဲ့ဆန့်ကျင်ရေး ဆင်နွှဲကြတဲ့ ကမ္ဘာ့ပြည်သူလူထုတွေ အတွက် မာ့က်စ်ဝါဒ၊ လီနင်ဝါဒဟာ လမ်းပြကြယ်ဖြစ်ခဲ့သလို ဆိုရှယ်လစ်သမ္မတနိုင်ငံတော် ထူထောင်ရေးဟာလည်း ဦးတည်ချက်နဲ့ ရည်ရွယ်ချက်ပန်းတိုင် ဖြစ်လာခဲ့ကြပါတယ်။ ဒါကြောင့် လီနင်က ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိနေကြတဲ့ ကွန်မြူနစ်ပါတီများကို ရုရှားရဲ့ အောက်တိုဘာတော်လှန်ရေးမျိုး တခြားနိုင်ငံတွေမှာ အလွယ်နဲ့ မဖြစ်နိုင်ကြောင်းနဲ့ မိမိတို့ တိုင်းပြည်တခုချင်းစီရဲ့ အခိုင်အမာ အခြေအနေများအရ သက်ဆိုင်ရာ တိုင်းပြည်ရှိ ကွန်မြူနစ်ပါတီများက လက်တွေ့ကျကျ လေ့လာသုံးသပ်ပြီး တိုက်ပွဲဝင်သင့်ကြောင်း သတိပေးခဲ့ပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများမှာ တည်ထောင်ဖွဲ့စည်းထားခဲ့ကြတဲ့ ကွန်မြူနစ်ပါတီတွေဟာလည်း ရဲဘော်လီနင်ရဲ့ သွန်သင်ချက်အတိုင်း မိမိတို့တိုင်းပြည်ရဲ့ လူတန်းစားတိုက်ပွဲ အခြေအနေတွေကို ခွဲခြမ်းစိတ်ဖြာပြီး မာ့က်စ်ဝါဒ၊လီနင်ဝါဒ လမ်းညွှန်မှုတွေနဲ့ ပေါင်းစပ်ပြီး အဖိနှိပ်ခံနေရတဲ့ လူထုတွေလွတ်မြောက်ဖို့ ကြိုးစားခဲ့ကြတာပါပဲ။ ဒါကြောင့်လည်း အောင်ပွဲတွေရပြီး ဆိုရှယ်လစ်နိုင်ငံတော်သစ်တွေ ပေါ်ထွက်လာတာ အများအပြားတွေ့နေခဲ့ကြရတာ ဖြစ်သလို၊ လီနင်ရဲ့ သွန်သင်ချက်တွေအတိုင်း လုပ်ခဲ့ပေမယ့် မအောင်မြင်သေးတဲ့ နိုင်ငံတွေလည်း အများအပြားရှိနေတာတွေ့နေကြရတဲ့ အထဲမှာ ဗမာပြည်ဟာ တနိုင်ငံ ဖြစ်ပါတယ်။

ဗမာပြည်မှာ အင်္ဂလိပ်နယ်ချဲ့ အုပ်စိုးနေဆဲကာလ ၁၉၃၉ ဩဂုတ်လ ၁၅ ရက်နေ့မှာ မြေအောက်ပါတီအဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ၁၉၄၅ မှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးမှာ ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ရင်း တော်လှန်ရေးအပြီးမှာ မြေပေါ်ပါတီအဖြစ် ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ပါတီရဲ့ဒုတိယအကြိမ်မြောက်ကွန်ဂရက်ကို ၁၉၄၅ ဇူလိုင်လထဲမှာ

ရန်ကုန်မြို့ပေါ်မှာ ကျင်းပခဲ့ပါတယ်။ ဒီကွန်ဂရက်မှာ ဘရောက်ဒါဝါဒကို ပါတီက လက်ခံနေတဲ့ အချိန်မို့ အင်္ဂလိပ်နယ်ချဲ့နဲ့ စေ့စပ်ပြီး လွတ်လပ်ရေးယူရေး လမ်းစဉ်ကို လက်ခံနေချိန် ဖြစ်ပါတယ်။ ဒီလမ်းစဉ် ချထားစဉ်က ပါတီနဲ့ ဖဆပလ ဟာ အဆင်ပြေခဲ့ကြပေမယ့် ဒီနောက်ပိုင်း ပါတီက အင်္ဂလိပ်နယ်ချဲ့သမားကို ပြတ်ပြတ်သားသား ဆန့်ကျင်တော်လှန်ပြီး လုံးဝလွတ်လပ်ရေး ရယူဖို့ လမ်းစဉ်ပြောင်းခဲ့ကာ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေး ပဒေသရာဇ်မြေရှင် ဆန့်ကျင်ရေးအတွက် လူထုလူတန်းစားတိုက်ပွဲများကို မိမိသီးခြားရပ်တည်မှုအရလည်းကောင်း၊ ဖဆပလ အဖွဲ့ချုပ်အတွင်းမှလည်းကောင်း ခေါင်းဆောင်ကာ လုံ့ဆော်စည်းရုံး တိုက်ပွဲဝင်ခဲ့ပြီးနောက် ဖဆပလ နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ဟာ ထိပ်တိုက်တွေ့ခဲ့ကြတာ ဖြစ်ပါတယ်။

ပဒေသရာဇ်နိုင်ငံတခု၊ ကိုလိုနီနိုင်ငံတခု၊ ဒါမှမဟုတ် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းနိုင်ငံတခု ဘဝကနေ လွတ်မြောက်ပြီး ဒီမိုကရေစီနိုင်ငံတခု ဖြစ်ပေါ်လာဖို့ဆိုရင် ဒီမိုကရေစီတော်လှန်ရေးတရပ်ကို အောင်မြင်အောင် ဆင်နွှဲကြရတာ ဖြစ်ပါတယ်။ ကွန်မြူနစ်ပါတီတခု အနေနဲ့ဆိုရင်တော့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး (သို့မဟုတ်) ဒီမိုကရေစီသစ် တော်လှန်ရေး တရပ်ဆင်နွှဲရမယ်ဆိုတာဟာ အောက်တိုဘာတော်လှန်ရေး ဆင်နွှဲအောင်မြင်ပြီးတဲ့နောက်ပေါ်ထွက်လာတဲ့လမ်းကြောင်းသစ်၊ နိဂုံးချုပ်ချက်အသစ်တရပ်အဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီက ခံယူခဲ့တာ ဖြစ်ပါတယ်။ ဆိုလိုတာက နယ်ချဲ့ရဲ့ ကိုလိုနီပြုမှု၊ လယ်ယာလုပ်ငန်းမှာ တည်ရှိနေတဲ့ ပဒေသရာဇ်မြေရှင်သွေးစုပ်မှု၊ နေရှင်လူတန်းစားရဲ့ ပြည်သူလူထုအပေါ်သွေးစုပ်မှုများကို ကွန်မြူနစ်ပါတီက ပြည်သူလူထုကို လှုံ့ဆော်စည်းရုံးပြီး ပြတ်ပြတ်သားသား တိုက်ခိုက်ချေမှုန်းပစ်ပြီး အလုပ်သမား၊ လယ်သမား၊ နေရှင်ပေါက်စနဲ့ အမျိုးသားနေရှင်တို့ရဲ့ ပြည်သူ့အာဏာကို တည်ဆောက်ရမယ်လို့ ခံယူတာဖြစ်ပါတယ်။ ဒီလမ်းစဉ်၊ ဒီခံယူချက်အရ လက်တွေ့အကောင်အထည်ဖော်နေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ (နယ်ချဲ့နဲ့ စေ့စပ်ကာ လွတ်လပ်ရေးရယူရေး လမ်းစဉ်အတိုင်းသွားဖို့ သဘောတူလို့ အင်္ဂလိပ်ဆီက အာဏာရလာခဲ့တဲ့) ဖဆပလ လက်ယာဂိုဏ်းတို့ ရင်ဆိုင်ခဲ့ကြရချိန်မှာ၊ အာဏာရ ဖဆပလ အစိုးရက လက်ဦးမှုယူပြီး ဗမာပြည်ကွန်မြူနစ်ပါတီကို ချေမှုန်းခဲ့တာ ဖြစ်ပါတယ်။ ဒီကနေ ပြည်တွင်းစစ် စခဲ့တာ ဖြစ်ပါတယ်။ ဖဆပလ ရဲ့လက်ဦးမှုယူ ချေမှုန်းတာခံခဲ့ရတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဟာ အညံ့ခံအလျှော့မပေးဘဲ မိမိမှာရှိသမျှအင်အားနဲ့ တုံ့ပြန်တိုက်ပွဲဝင်ရင်းဆက်လက်ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ၁၉၄၈ မတ်လ ၂၈ ရက်နေ့ကစပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ပြည်သူ့ဒီမိုကရေစီ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့တယ်လို့ သမိုင်းတွင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလက်နက်ကိုင် တော်လှန်ရေးဟာ တော်လှန်ရေးအခြေအနေ ရင့်မှည့်ပြီလို့ ယူဆပြီး မိမိစိတ်ကြိုက် စတင်ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးတရပ်တော့ မဟုတ်ဘဲ၊ အုပ်စိုးသူရဲ့ အလစ်အငိုက် ချေမှုန်းမှုကို လက်တွေ့ကျကျ ရင်ဆိုင်တုံ့ပြန်တိုက်ခိုက်ရရင်းက အချိန်စောပြီး စခဲ့ရတဲ့ တော်လှန်ရေးတရပ် ဖြစ်ခဲ့ပါတယ်။ ဒါဟာ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ အောက်တိုဘာတော်လှန်ရေးက ပြဋ္ဌာန်းခဲ့တဲ့ ကွန်မြူနစ်ပါတီတခု ဆင်နွှဲသင့်တဲ့ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးတရပ်ကို ပြတ်ပြတ်သားသား ဆင်နွှဲခဲ့တဲ့ သမိုင်းကြောင်းလည်း ဖြစ်ပါတယ်။

ဗမာပြည်ဟာ ကိုလိုနီ ဘဝက လွတ်မြောက်ပြီး နိုင်ငံရေးအရ လွတ်လပ်ရေးရခဲ့ပေမယ့်၊ စီးပွားရေးအရ ပဒေသရာဇ်တပိုင်း လက်ဝေခံစီးပွားရေးအဖြစ် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ပါတယ်။ စစ်ကျွန်ဘဝမှ လွတ်မြောက်ပြီး အမှီအခိုကင်းတဲ့ ဒီမိုကရေစီသမ္မတနိုင်ငံတရပ် ပေါ်ပေါက်ဖို့ ဆက်လက်ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

၂၆ – ၉ – ၁၇

# စာအုပ်တအုပ်ကို ဖတ်မိခြင်း

**၁။ သမိုင်းပြောင်းပြန်ကိစ္စများ**

– အမှားကြာလျှင် အမှန်ဖြစ်

– ဒီအတိုင်းထားလျှင် သမိုင်းညစ်တော့မည်

ဖောက်ပြန်ရေးသမားတွေဟာ သမိုင်းမှန်ကို ရင်မဆိုင်ရဲခဲ့ကြဘူး။ တရားခံအဖြစ်က ရှောင်ထွက်နိုင်ဖို့ မဟုတ်မမှန်တွေ ပြောကြတယ်၊ ရေးကြတယ်။

ပြည်တွင်းစစ်တရားခံဖြစ်သူ ဦးကျော်ငြိမ်းက ဗမာပြည်ကွန်မြူနစ်ပါတီကို တရားခံအဖြစ် စွပ်စွဲခဲ့တယ်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို မိုင်းခွဲဖို့ အမိန့်ပေးသူဟာ ဗိုလ်အောင်ကြီးဖြစ်တယ်လို့ ဗိုလ်နေဝင်းက လက်ညှိုးထိုးပြခဲ့တယ်။

ဒီလိုသမိုင်းဆိုင်ရာ ပုံဖျက်မှုမျိုးကို ဗိုလ်ခင်ညွန့်လည်း အတော်လုပ်ခဲ့တယ်။ ရှစ်လေးလုံးသမိုင်းကို ပြောင်းပြန်လုပ်နိုင်ဖို့ ကြိုးစားအားထုတ်ခဲ့တယ်။ ဒီကနေ့ စစ်ဗိုလ်လူထွက်တွေရေးတဲ့ အထူထုတ်၊ အခွံထုတ်အတွဲလိုက်စာအုပ်တွေ ဈေးကွက်ထဲ ဒလဟော ဝင်ခဲ့တယ်။ သေသူများအပ ဗိုလ်ခင်ညွန့်အပါ တချို့စစ်ဗိုလ်ကြီးများ ခုထိရေးလို့ မပြီးကြသေး–

သူတို့ အားကြိုးမာန်တက် ရေးနေကြတာက သူတို့ကိုယ်သူတို့ ကာကွယ်ဖို့၊ ပြည်သူတွေရဲ့ အခန်းကို ဖျောက်ပစ်ဖို့၊ ကွန်မြူနစ်ပါတီနဲ့ တော်လှန်ရေးသမားတွေရဲ့ ကဏ္ဍကို မှိန်ဖျော့ပစ်ဖို့ဖြစ်တယ်။

ကိုယ်နဲ့ဆိုင်တဲ့အပိုင်းကိုပဲ ဖော်ပြရရင် အုပ်စိုးသူ အဆက်ဆက်ဟာ ကွန်မြူနစ်ပါတီရဲ့ သမိုင်းကို ညစ်ထေးစေချင်ကြတယ်။ အမှားကို အမှန်၊ အမှန်ကို အမှားဖြစ်အောင် လုပ်တယ်။ သမိုင်းဖြစ်ရပ်မှန်တွေကို ဖျောက်ပစ်တယ်။ ရှုပ်ရှုပ်ထွေးထွေးဖြစ်အောင် လုပ်တယ်။

သမိုင်းဝင် ခတ်ပုံဟောင်းတွေရဲ့အောက်မှာ ပါတီခေါင်းဆောင်တွေရဲ့ နာမည်တွေ အလွဲလွဲအမှားမှားထည့်တဲ့နည်း၊ ကိုယ်ရေး ရာဇဝင်တွေကို ရောယှက်ပစ်နည်း၊ ကောင်းမှုတွေကို ဖျောက်ပစ်တဲ့နည်းတွေသုံးတယ်။ အများဆုံးလုပ်တာ ဗိုလ်ခင်ညွန့် လက်ထက်ပဲ။

သမိုင်းဆိုတာ အာဏာရှိရင် ပြောင်းပြန်ရေးလို့ရတယ်လို့ ထင်ကြဟန်ရှိတယ်။

ပါတီအနေနဲ့ကတော့ မျိုးဆက်မပြတ် ဆက်လက်တည်ရှိနေခဲ့တာမို့ ဒီပုံဖျက်မှုတွေကို စိုးရိမ်စရာမရှိပါဘူး။ ချေဖျက်သွားမှာပါ။

**၂။ စာအုပ်ဝေဖန်ချက်**

စာအုပ်ဝေဖန်ချက်အခန်း ဆိုပေမယ့် သမိုင်းပြောင်းပြန်လုပ်ထားတာတွေကို ပြန်တည့်မတ်ပေးရမယ့်အလုပ်က အဓိကပါ။

ဝေဖန်ရမယ့်စာအုပ်အမည်က ‘ကိုကိုးကျွန်းရဲ့ သွေးစွန်းမှတ်တမ်း’ဖြစ်တယ်။ ရေးသူက ‘အငြိမ်းစား ထောင်အရာရှိ တစ်ဦး’ (ထောင်ပိုင် ဦးစိန်ဌေး) ဆိုသူပဲ။

ဒီစာတမ်းမှာ ၂ ပိုင်းခွဲတင်ပြပါမယ်။

(၁) စာအုပ်ရေးသူ

(၂) စာအုပ်ပါ အချက်အလက်များ

အပိုင်း (၁)

စာအုပ်ရေးသူ ဦးစိန်ဌေးဟာ ကိုကိုးကျွန်းဖိနှိပ် ညှဉ်းပန်းရေးစခန်း နောက်ဆုံးပိုင်းမှာ အရေးကြီးတဲ့ ဇာတ်ဝင်ခန်းက ပါဝင်

ကပြသူ ထောင်မှူးကြီး ဖြစ်တယ်။ သူဟာ ငယ်ငယ်က ကွန်မြူနစ်ဖြစ်ခဲ့ဖူးတယ်။ ကွန်မြူနစ်သင်တန်း တက်ခဲ့ဖူးတယ်။ သူ့ဆွေမျိုးထဲမှာ ဝါရင့်ကွန်မြူနစ် တော်တော်များများ ရှိခဲ့တယ်။ ကျောင်းသားသမဂ္ဂနဲ့ ကျောင်းသားရဲခေါင်တပ်မှာ တက်တက်ကြွကြွ ပါဝင်ခဲ့ဖူးတယ်။ ကွန်မြူနစ်တွေ တောခိုကြတော့ သူက အိမ်ထောင်ကျပြီး တောထဲပါ မသွားခဲ့ဘူး...လို့ဆိုတယ်။ နောက် ထောင်ဝန်ထမ်းဖြစ်လာခဲ့တယ်။

ချုပ်လိုက်တော့ သူဟာ ကွန်မြူနစ်ပျက်တဦးပဲ။ ကွန်မြူနစ်ပျက်တွေရဲ့ လုပ်ဟန်တွေ သူ့မှာအပြည့်ရှိတယ်။ ကိုကိုးကျွန်းထောင်မှူးကြီးဘဝနဲ့ ၆ လကျော် ၇ လနီးပါးသာ ကြာခဲ့ပေမယ့် သူ့အရည်အချင်း၊ သူ့ဇ,တွေ ကောင်းကောင်း ဖော်ပြသွားခဲ့သူပါ။ ရှစ်လေးလုံးကာလမှာတော့ အင်းစိန် ထောင်ပိုင်ကြီးဖြစ်လာတယ်။ သူဘုန်းမီးနေမီး တောက်ပပုံတွေ၊ ငရဲမင်းကြီးအဖြစ် ခြွေရံသင်းပင်းတအုပ်နဲ့ အင်းစိန်ထောင်ထဲ ညီလာခံထိုင် မင်းမူခဲ့ပုံတွေကို အကျဉ်းသားဆရာနေမင်း (သရက်) ရဲ့ ဆောင်းပါးတပုဒ်ထဲမှာ ဖော်ပြထားပါတယ်။

ဖုန်းမော်အရေးအခင်း ကာလတွင် မလုပ်တတ် မကိုင်တတ်ဖြစ်နေသော စစ်ဗိုလ်တွေ ဦးစီးတဲ့ တရားသူကြီးအဖွဲ့တွေ အသက်ရှူပေါက်ရအောင် လုပ်ပေးခဲ့တယ်။ ဘာချုပ်မိန့်မှ မပါဘဲ ထောင်ထဲမောင်းသွင်းလာသူ ၂၀၀ တသုတ်၊ ၁,၀၀၀ ခန့်တသုတ်ကို "ဥပဒေမှာ မရှိခဲ့ပေမယ့် ထောင်ကဝိုင်းပြီး ဖြစ်အောင်လုပ်ပေးခဲ့တယ်"...လို့ သူကိုယ်တိုင်ဝန်ခံရေးသားသူ။

ရှစ်လေးလုံးကာလနောက်ပိုင်းတွင် အင်းစိန်ထောင်ဆူပူမှုဖြစ်ခဲ့တယ်။ ၃ ပတ်ကျော်လောက် အကျဉ်းသားတွေက ထောင်ကို စီးထားရာကနေ မဆလ အစိုးရက အကွက်ကျကျ စီစဉ်ထားတဲ့ အတိုင်း အကျဉ်းသား ၁၀,၀၀၀ ကျော်ကို လွှတ်ပေးခဲ့ရသူ။

ထောင်ဆူပူမှုအတွင်း မဆလ အစိုးရ အမိန့်အရ ပစ်ခတ်သတ်ဖြတ်ရာတွင် အကျဉ်းသား (၁,၀၀၀) ခန့် သေကြေခဲ့ရတဲ့ အင်းစိန်ထောင်မှာ သူက ထောင်ပိုင်ကြီး–

စစ်ဗျူရိုကရေစီ ယန္တရားထဲမှာ သူတို့အကျပ်အတည်း ဖြစ်လာရင် ဘယ်သူ့ကို ထိုးကျွေးမလဲ၊ ဘယ်သူ့ကို အသုံးချမလဲ တွက်ချက်ပြီး လုပ်လေ့ရှိတယ်၊ ဒါကိုဗိုလ်နေဝင်း လုပ်နည်းလုပ်ဟန်လို့လည်း ပြောလို့ရတယ်။

လူ (၁,၀၀၀) ထားဖို့လုပ်ထားတဲ့ ကိုကိုးကျွန်းမှာ သူတို့စီမံကိန်းအတိုင်း မဖြစ်၊ အုပ်ချုပ်လို့မရ ဖြစ်နေတော့ ထောင်ပိုင် ဦးထွန်းခင်နောက် သူ့ကို သွားတွေ့တာဟာ တိုက်ဆိုင်မှုတော့ ဟုတ်ဟန် မတူဘူး။ သူတို့ ကိုင်လို့ရမယ့်သူ၊ ခိုင်းတာလုပ်ပေးမယ့်သူအဖြစ် မြင်ဟန်တူတယ်။

ဒီလိုလူစားမျိုးတွေက လူ့လောကမှာ သိပ်ရှားလှတာ မဟုတ်သလို ဝန်ထမ်းလောကမှာလည်း ရှိတတ်ကြတာကလား။

ဦးစိန်ဌေးကို တာဝန်ပေးသူက ထောက်လှမ်းရေးက လာတဲ့ ထောင်အထူးအရာရှိ ဗိုလ်မှူးမြင့်သိန်း–

အင်္ဂလိပ်ခေတ် အမှုထမ်းကောင်းလို့ **B.C.S** ဘွဲ့ချီးမြှင့်ခံထားရတဲ့ ထောင်မင်းကြီး ဦးငြိမ်းလှိုင်ကတောင် ကြောက်နေရသူ–

'ကျွန်းမှာ အုပ်ချုပ်ရေးပျက်နေပြီ၊ ဒါကို ခင်ဗျားလုပ်နိုင်မှသွား – မလုပ်နိုင်ရင် မသွားနဲ့'– လို့ အမိန့်ပေးသူ–'ထောင်ပိုင်ကြီး ဦးထွန်းခင် သွားတုန်းက မြွေဟောက်လို ပါးပျဉ်းထောင်သွားတယ်။ ကျွန်တော်တို့က တကယ်ထင်ပြီး စောင့်ကြည့်နေတာ၊ ဟိုရောက်တော့ သတ္တိရှိရှိ မလုပ်ရဲဘူး။ မြက်လျှောဖြစ်သွားတယ်။ ခင်ဗျားလည်း ခုကျွန်တော်ပြောတာတွေကို ခေါင်းညိတ်နေတာပဲ။ ဟိုရောက်တော့မှသာ မြက်လျှောမဖြစ်စေနဲ့'...တဲ့။

ဒီလိုမှာလိုက်တဲ့အကြောင်း ဦးထွန်းခင်ကို ပြောတော့ – 'အေးပေါ့ဗျာ၊ ဒီစကားကြားရတာ စိတ်ထိခိုက်ရတယ်။ ကျွန်တော့်ကို အသုံးမကျတဲ့လူ၊ သတ္တိမရှိတဲ့လူလို့ ပြောလိုက်တာပဲ —— အေးဗျာ ခင်ဗျားကိုလည်း မှာလိုက်တယ်၊ ကျွန်တော့်အတွက် မှာလိုက်တယ် ဆိုတော့ **လုပ်ရတော့မှာပေါ့ဗျာ**'လို့ တုံ့ပြန်တယ်။

(တကယ်ကတော့ ၂ ယောက်လုံးကို မခံချင်အောင် ဆွပေးလိုက်တဲ့ 'ဆိုက်ကို' မိသွားတာပါ)

ကျွန်းရောက်တော့ ထောင်ပိုင်နဲ့ ထောင်မှူးကြီးက ထိန်းသိမ်းတွေ ရေတပ်စခန်းဘက်မသွားရဘူးလို့ အမိန့်ထုတ်တယ်၊ နယ်စပ်မှာ ကင်းစခန်း ဖွင့်တယ်၊ အကျဉ်းသားတွေက လူတိုးပြီး (အယောက် ၃... ... ၄ ဆယ်) ကင်းစခန်းကို ကျော်ကျော် သွားကြတယ်။ ခုလိုကျူးကျော်သွားပြနေတာကတော့ သခင်သန်းထွန်းပါတီက ကွန်မြူနစ်တွေချည်းပဲလို့ ဦးစိန်ဌေးက ဖော်ပြတယ်။ အလံနီနဲ့ တခြားအဖွဲ့အစည်းတွေကတော့ မပါဘူး ... တဲ့၊ ဒီတော့ တို့ဘက်ကလည်း တလှမ်းတိုးရမယ်ဆိုပြီး – ဖြတ်သွားတဲ့ ၃ ယောက်တသုတ်ကို ဖမ်းတယ်၊ တယောက်ထွက်ပြေးသွားတယ်။ ဒါကို မခံမရပ်နိုင်

ဖြစ်ပြီး ပေါက်ကွဲကုန်တယ်။ ဒီလိုနဲ့ ၅၃ ရက်ကြာ အစာငတ်ခံတိုက်ပွဲကြီး ပေါ်လာတာဖြစ်တယ်။ ဒီတိုက်ကွက်ဟာ အကျဉ်းသားတွေက ဖော်ထုတ်တဲ့ တိုက်ပွဲမဟုတ်–သူတို့ဟာ မြက်လျှောမြွေ မဟုတ်ဘူး၊ မြွေဟောက် မြွေနဂါးမှန်းသိအောင် အမောက်ထောင်လိုက်လို့ ဖြစ်လာတဲ့ တိုက်ပွဲပဲ … လို့ သူက ကောက်ချက်ဆွဲတယ်။

အပိုင်း (၂)

စာအုပ်ပါအချက်အလက်များ

သူ့စာအုပ်ထဲမှာ တန်ဖိုးရှိတဲ့အချက်အလက်၊ စာရင်းဇယားတွေ အများကြီးပါသလို အလွဲလွဲအမှားမှားတွေလည်း အများကြီးပါတယ်။ သူကိုယ်တိုင် ဝန်ခံထားတာတော့ ရှိတယ်။ (ပြည်မဌာနချုပ်ရုံးခန်းထဲက ဖိုင်တွေ ကြည့်ရေးရတာမဟုတ်)။ သူ့ဘာသာ မှတ်သားပြုစု၊ ရှေ့ပိုင်းဖြစ်တာတွေ မေးမြန်း၊ စာအုပ်တချို့ဖတ်ရှုပြီး ရေးထားတာ ဖြစ်ပါတယ် …တဲ့။

– လူနာမည်တွေ ဖော်ပြရာမှာ တဖွဲ့နဲ့တဖွဲ့ ရောထွေးနေတယ်၊ နာမည်တွေ မှားနေတယ်၊ စည်းကမ်းပိုင်းဖောက်ဖျက်တာမှာ တဖွဲ့ လုပ်တာကို ကျန်တဖွဲ့ လုပ်သလို ရေးထားတာမျိုး၊ သူတို့အဆောင်တွေထဲမှာ ပန်းပဲဖိုရှိတယ်၊ အရက်ချက်တဲ့စက်ရုံ ရှိတယ်လို့ ရေးထားတာမျိုးကျတော့ ဗကပ တွေ ထိခိုက်ကုန်တာပေါ့။ တခါ ပြည်သူတွေဖတ်မိရင် နိုင်ငံရေးသမားတွေ ကျွန်းသွားပြီး အရက်ချက်သောက်နေတာပါကလားလို့ ထင်သွားနိုင်တယ်။ အဲဒီခေတ်ကို ဒီခေတ်အလေ့အထနဲ့ကြည့်ရင် အမှုသေးလေးပါလို့တော့ ပြောနိုင်တယ်။

– ‘တသီးပုဂ္ဂလ နေသူများ’ဇယားနဲ့ ‘သီးခြားခွဲထွက်နေသူများ’ခေါင်းစည်းအောက်က ဇယားမှာပါတဲ့ ၁၅ ယောက်ဟာ ပြောက်သောက်ဖြစ်တယ်။ အလံနီအများစု၊ မလညပ ၂ ယောက်၊ မဆလ ကို ကန့်လန့်တိုက်လို့ ကြည့်မရသူ၊ တပ်ကိုထိတဲ့ လူမှုရေးကိစ္စကြောင့် ကျွန်းကိုအပို့ခံရသူ … စတာတွေကို ဦးစိန်ဌေး သိပုံမရ–

–ဗကပ ကျွန်းကော်မတီစာရင်း ဖော်ပြတာဟာ အမှားကြီးပဲ။ ပါရမယ့်သူ မပါ။ မပါရမယ့်သူတွေ ပါနေတယ်။

**မမှားသင့်သော အမှားများ**

(၁) ပထမသုတ်ပါဝင်သူ ၈ ယောက်လား၊ ၁၀ ယောက်လား

(စာ – ၁၄၆) (၉–၆–၇၁) ရက်နံနက် ၈ နာရီမှာတော့၊ ကျွန်တော်နဲ့ ထောင်ပိုင်ကြီး ဦးထွန်းခင်ကို ခေါ်ပြီး စခန်းအဝင် တံခါးရှေ့မှာ – သူတို့က လေးငါးဆယ်ရှိမယ်။ သူတို့ရဲဘော်နှစ်ယောက်ကို ဖမ်းပြီး ရဲစခန်းပို့တဲ့အတွက် မကျေနပ်ဘူး၊ ဒါကြောင့် ဒီနေ့ကစပြီး ကျုပ်တို့ရဲဘော် ၈ ယောက် စတင်အစာငတ်ခံ ဆန္ဒပြတယ်လို့ ရေးထားခဲ့ပြီး နောက်တမျက်နှာ တိုက်ပွဲဝင် ပထမအသုတ်စာရင်းမှာတော့ ရဲဘော်အုန်းမော်နဲ့ ရဲဘော်မောင်မောင်စိုးတို့ နာမည်တွေ ထည့်သွင်းထားကာ (၁၀) ယောက်လို့ ဖော်ပြပြန်တယ်။

(တကယ်က ‘ရှစ်ယောက်’ လို့ ဘယ်တုန်းကမှမပြော၊ စ,ဝင်ကတည်းက (၁၀) ယောက်ဖြစ်တယ်။)

(၂) တိုက်ပွဲနိုင်လို့ ပြည်မပြန်ပို့တာလား–စီမံကိန်းရှိပြီး သားမို့ ပြန်ပို့တာလား

(စာ–၂၁၉) မှာ သူတို့ကတော့ အခုလို ကျွန်းကနေ ပြည်မပြန်ခေါ်တာဟာ အခုလိုအသက်ပေးပြီး ဆန္ဒတွေပြလို့ဟု ခုထိထင်နေကြသေးတယ်ဗျာ၊ ကျွန်တော်သိရသလောက်တော့ ကျွန်တော့်ကို ကိုကိုးကျွန်းလွှတ်တော့ မင်းကြီး ဦးငြိမ်းလှိုင်က ‘မင်းသိပ်မကြာပါဘူး၊ မိုးကုန်ရင် ကျွန်းဖျက်သိမ်းပြီး သူတို့အားလုံး ပြန်ခေါ်တော့မှာ’…လို့ ပြောလိုက်သေးတယ်။

(စာ–၂၂၀) မှာကျတော့– “ကိုကိုးကျွန်းက ပြန်ရောက်ပြီး သုံးလလောက်ပဲ ရှိသေးတယ်၊ မင်းကြီးက ကျွန်တော့်ကိုခေါ်ပြီး ကိုကိုးကျွန်းကို တခေါက်ထပ်လွှတ်တယ်။ ကိုကိုးကျွန်းပြန်ဖွင့်ရင် ဖွင့်ရမှာ …တဲ့၊ ပျက်စီးနေတဲ့ အဆောက်အအုံတွေကို အခုပြန်ပြင်နေတယ်၊ သွပ်ဆူးကြိုးတွေလည်း ပြန်ကာနေတယ်၊ အဲဒါတွေကို မင်းသွားကြည့်ပါ–ပြီးရင်ပြန်တင်ပြ အစီရင်ခံပါ”–တဲ့

ထားတော့–

ဘာတွေလဲ၊ ဗိုလ်နေဝင်း မဆလ တွေ ဘာအကြံယုတ်တွေ စဉ်းစားလုပ်ဆောင်ကြသလဲ၊ ခုထိမသိရပါ။ ဘာပဲဖြစ်ဖြစ် ဦးစိန်ဌေး ရေးသားချက်တွေက အမြီးအမောက် မတည့်တာ တွေ့ရတယ်။

(၃) နောက်ထပ် တက်တက်စင်လွဲနေတဲ့ ဖော်ပြချက်တခု–မန်းအောင်ကြည်တို့ ၃ ယောက်၊ ကျွန်းက ထွက်ပြေးတဲ့ကိစ္စ

(စာ–၈၇) ဒီလောက် သူတို့ထင်တိုင်းကြဲနေမှတော့၊ သူတို့ကို ကျွန်တော်တို့ မနိုင်မှတော့ … မဆန်းပါဘူးဗျာ၊ ဘာများအံ့သြစရာရှိလို့လဲ။ ဘာမဆို သူတို့လက်ထဲမှာပဲ၊ ဘာလုပ်လုပ်ရနေတာပဲ။ သူတို့အဆောင်မှာ ပန်းပဲဖိုရှိနေတယ်။ … … … … တယ်သတ္တိရှိ

ပါလားလို့လည်း ချီးမွမ်းစရာ မလိုပါဘူး၊ ကျန်တဲ့လူတွေက သတ္တိမရှိလို့၊ သူတို့လို မစွန့်စားရဲလို့ ကျန်ခဲ့ကြတာပါ”

ခုလိုရေးထားတာ မဟုတ်ဘူး၊ (သူက ပွဲသိမ်းခါနီးမှ ဝင်က, ရတဲ့ ဇာတ်ကောင်ပဲ၊ အခြေခံကို မသိ၊ မဆုပ်ကိုင်) တကယ်က အားလုံးလိုလို ပြေးရဲတယ်၊ ကျွန်တော်တို့ထဲမှာလည်း ပြေးဖို့ပြင်ထားသူ တော်တော်များများ ရှိတယ်၊ ၂ – စုလောက်က လှေစပ်ထားပြီးပြီ။ တစုဆိုရင် အတော်ပြင်ဆင်ပြီးနေပြီ၊ လှေစပ်ပြီးလို့ ရိက္ခာတွေ စုရသလောက်စုပြီး လှေပေါ်တင်ထားပြီးကြပြီ။ တိုက်ပွဲဖြစ်သွားလို့ သာ အကောင်အထည် မဖော်လိုက်နိုင်တာပါ။ ကျွန်တော်တို့တတွေ ရေကူးလေ့ကျင့်နေကြတာကလည်း – လိုအပ်ရင် အဆင်သင့်ဖြစ်နေဖို့ပါ။ လုပ်သင့်မသင့် –လုပ်ချိန်ရောက်ပြီးလား တွက်ဆနေကြတာပါ။ ကျွန်းပါတီကော်မတီကသာ အလံစိမ်းရိုက်ကြည့်ပါလား–တယောက်မှ ကျန်မှာမဟုတ်ဘူး။

သူရေးထားတာ ကလေးကလား ဆန်လွန်းတယ်။ ဒီကိစ္စ သူအလွဲလွဲအမှားမှား ရေးထားတာ ဆက်ပါမယ်။

မန်းအောင်ကြည်တို့ ခရီးစဉ်မှာ သူတို့ ၃ ဦးနဲ့ ပါတီကော်မတီအပြင် အနည်းဆုံး (၁၀) ယောက်လောက် သိထားတယ်၊ … … (တကယ့်တကယ် ထွက်ကြတော့မယ်ဆိုတော့ လိုက်မယ့်သူ မရှိဘူး) …ဆိုတာကလည်း အဖြစ်မှန်နဲ့ အတော်လွဲတယ်။ အဖြစ်မှန်က – လှေလုပ်တာ သူတို့ ၃ ယောက်ပဲ ကြိတ်လုပ်တာ ဖြစ်တယ်။ လှေနှစ်စင်းပေါ်မှာ ပျဉ်တွေခင်းပြီး ဖောင်ဖွဲ့ကြတယ်ဆိုတာ မှန်တယ်၊ မှန်တိုင်းကို ရင်ဆိုင်ရရင် လှေမမြုပ်အောင်ပါ။ ၃ ယောက်တည်းနဲ့ ဒါကြီးကို မ,ပြီး တောထဲကနေ ပင်လယ်ထဲချဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပြီးတဲ့အခါ ပါတီကို တင်ပြတယ်၊ မန်းအောင်ကြည်နဲ့ မန်းငြိမ်းမောင်က တင်တယ်။ ရဲဘော်အောင်ဝေက ပါတီဝင်ပါ။ သူပတ်သက်နေတာ ပါတီကို တင်ပြမထားဘူး။ လျှို့ဝှက်ထားတယ်။ လှေ … ရေချတော့ ပါတီက ဗလကောင်းတဲ့ ရဲဘော် ၈ ယောက် အကူအညီ ပေးပါတယ်။ (ဒါက အထူးလျှို့ဝှက်ချက်ပါ) ပဲခူးရိုးမကို သွားကြမှာမို့ ကျွန်းအခြေအနေနဲ့ တခြားအစီရင်ခံစရာရှိတာတွေ မှာလိုက်ပါတယ်။ ထမ်းချပြီး ပြန်ထွက်မယ်ပြင်မှ ချုံထဲပုန်းနေတဲ့ ရဲဘော် (ဦး) အောင်ဝေ ထွက်လာပြီး လှေပေါ်ခုန်တက်သွားတာ ဖြစ်တယ်။

ဦးစိန်ငွေး အူချာပေါက်ရေးထားတာမှာ နာမည်တပ်တာကနေ စ,လွဲပါတယ်။ ရဲဘော်အောင်ဝေကို မန်းငွေအောင်လို့ ဖော်ပြတယ်။ ဒီတော့ မြန်မာ့အသံကို ပစ်ခတ်တဲ့ မန်းငွေအောင် ဖြစ်သွားပါလေရော–

(စာ–၉၁) မှာ ဒီလိုဖော်ပြပြန်တယ်။ (ရထားပေါ်က ခုန်ချထွက်ပြေးတဲ့အခါ)

“မန်းငွေအောင်နောက် ဂျီသရီးပါသွားတော့ တပ်နဲ့ရဲတွေက အတင်းလိုက်တယ်၊ တွေ့တော့ မန်းငွေအောင် အသက်မရှိတော့ဘူး။ သေနတ်ဒဏ်ရာတွေနဲ့ အသေမိသွားကြတယ်”— “ဒီလောက် စွန့်စွန့်စားစားလုပ်သွားကြပြီး မန်းငွေအောင်နှင့် မန်းအောင်ကြည်တို့ ကျွန်းကနေ ပင်လယ်ဖြတ်ပြီး ကုန်းပေါ်ရောက်မှ သေသွားကြရတာကိုတော့ တကယ်စိတ်မကောင်းပါဘူး … ဗျာ”…တဲ့။

ဖြစ်စဉ်အမှန်က မန်းအောင်ကြည်ရော – ရဲဘော် (ဦး) အောင်ဝေပါ တကွဲတပြားစီ ပဲခူးရိုးမဗဟိုကို ရောက်သွားကြတယ်။ ရဲဘော်အောင်ဝေကတော့ အရူးယောင်ဆောင် တရွာဝင်တရွာထွက် တောင်းရမ်းစားသောက်ပြီး ရောက်သွားတာ ဖြစ်တယ်။ ဥက္ကဋ္ဌ သခင်ဇင်က “ရဲဘော်တို့ ထွက်ပြေးတာ မှန်တယ်”…လို့ အသိအမှတ် ပြုခဲ့တယ်။

မန်းအောင်ကြည်က ငှက်ဖျားနဲ့ ပဲခူးရိုးမမှာပဲ ဆုံးတယ်။ ရဲဘော်အောင်ဝေက ရဲဘော်ဥက္ကာဝင်းတို့ ကျောင်းသားအစုနဲ့အတူ တပ်ပေါင်းစုလုပ်ငန်းလုပ်ရင်း ပဲခူးရိုးမ အရှေ့ခြမ်းမှာ ကျဆုံးသွားခဲ့ကြတယ်။

နောက်မှားတာတွေမှာ … …

– ရဲဘော်အုန်းမြင့်လှိုင်ကို အလံနီ ဒုတိယတန်း ခေါင်းဆောင်လို့ ဖော်ပြတာ

– အလံနီကိုမြမန်း (ခ) ရွှေမင်းကို ဗကပ စာရင်းထဲ ထည့်ထားတာ တွေ့ရတယ်၊ အလားတူ အလံနီ သခင်ရန်ရွှေကို ဗကပ စာရင်းထဲ ထည့်ထားတာ

နောက်မှားတာတွေက နာမည်တွေဖြစ်တယ်။

– မလညပ ဒုတိယတန်းခေါင်းဆောင် မောင်ဘို(ခ) မျိုးထွန်း (တကယ်က မျိုးထွင်)

– ရဲဘော်အုန်းမော်ကို – အုန်းမောင် (ကျွန်းမှာ အုန်းမောင် ၅ ယောက်ရှိ)

– ရဲဘော်ထင်ရှိန်ကို – တင်ရှိန်လို့မှား

– ရဲဘော်ကြည်မောင်ညွန့်ကို – ကြာမောင်ညွန့် ...တဲ့

– ရဲဘော်ညွန့်ခေါင်က – ညွန့်မောင်ဖြစ်သွား

– ဦးချစ်ဆွေကို – ချစ်ထွေးလို့မှတ်တမ်းတင်ထားတယ်။

(စာ–၂၀၁) အလောင်းတွေကိုတော့ ယုတ္တိရှိရှိဟုတ်တိပတ်တိ မီးသင်္ဂြိုဟ်လိုက်ကြတယ်။ ကျွန်တော်နဲ့ ထောင်ပိုင်ကြီးကတော့ မီးရှို့လိုက်တဲ့ ခေါင်းတွေထဲမှာ အလောင်းတွေမပါဘူးလို့ တထစ်ချယူဆထားကြတယ်။ အလောင်းတွေကို တနေရာမှာ မြှုပ်ထားကြပြီး အခု မီးသင်္ဂြိုဟ်တဲ့ အခမ်းအနားက ဟန်ပြပဲ။ ကျွန်တော်တို့ဆီက တောင်းသွားတဲ့ အုတ်တွေ၊ ထုံးတွေ၊ လိလပ်မြေတွေ မတွေ့ပါလား၊ မပါပါလား၊ အဲဒါတွေ ဘယ်ရောက်ကုန်ပြီလဲပေါ့ဗျာလို့ ရေးထားတယ်။ အဲဒါကို ဖြေပါ့မယ်။ အဲဒီပစ္စည်းတွေကို ခင်ဗျားတို့ မြင်နေရတဲ့ အာဇာနည်ကျောက်တိုင် ထုဆောက်ရာမှာ တခုမကျန် ထည့်သုံးလိုက်ပါတယ်ဗျာ။

(ခေါင်းတွေကို မီးမရှို့ခဲ့ပါဘူး။ ရှို့တာက ကျဆုံးပြီးပြီးချင်း ထည့်တဲ့ သစ်သားခေါင်းတွေပါ။ နောက်သွပ်ပြားခေါင်းတွေလုပ်၊ မပုပ်အောင် ပြာတွေခံပြီး ထည့် – ပြာဖုံးအုပ်ထားတဲ့ခေါင်းတွေ ဖြစ်တယ်။ ခေါင်းတွေကို အလှည့်ကျထမ်းပြီး မြေမြှုပ်နေတာ တစခန်းလုံး ကြည့်နေကြတာဖြစ်တယ်။ တခေါင်းမှာ တလောင်းထည့်ထားတာပဲ – ဘာသဘောနဲ့ ခုလိုရေးတာမသိ – 'သူကတော့ စာရေးသူ တွေ့ခဲ့ကြုံခဲ့ဆုံခဲ့တွေကို တိတိကျကျ မှန်မှန်ကန်ကန် ရေးနေတာပါ' – လို့ တနေရာမှာ ဆိုထားလေရဲ့)

**တန်ဖိုးရှိတဲ့ မှတ်တမ်းတင် အချက်အလက်များ**

သူ့ကိုကျေးဇူးတင်ရမယ့် ရေးသားချက်တွေကို ဖော်ပြလိုတယ်။

– အကျဉ်းသားတွေရဲ့စာရင်း (ကိုယ်ရေးအကျဉ်းအပါ)

– ထားမရတော့အောင် ချည့်နဲ့သူ၊ ဖျားနာသူများ ပြန်ပို့တဲ့စာရင်း၊ ရက်စွဲနှင့်တကွ ဖော်ပြပေးတယ်။

– အကျဉ်းသားတွေအပေါ်၊ အဖွဲ့အစည်းတွေအပေါ် ထောင်က သတ်မှတ်ထားတာတွေ ဖော်ပြပေးတာကတော့ သမိုင်းတန်ဖိုးရှိလှတယ်။

– ထောင်အုပ်ချုပ်ရေးအပိုင်းက စည်းကမ်းနဲ့ပတ်သက်ပြီး သူတို့လူကြီးများအား ခေါ်ယူတွေ့ဆုံပြီး လိုက်နာကြဖို့ မေတ္တာရပ်ခံရာတွင် –

* **သခင်ခင်အောင်** – ဒီမှာ အစားအသောက် ဆင်းရဲတယ်။ ထောင်မှာ (P.P.C-Prisoner Private Cash) မိမိငွေဖြင့် မှာစားလို့ ရတယ်။ ဒီမှာ မရဘူး။ ဟိုမှာ အသားအမြဲစားရတယ်။ ဒီမှာ မမှန်ဘူး။ ဒီတော့ အစားအသောက်တော်တယ်။ ဒါကြောင့် ငါးရှာတယ်။ ဖွတ်ရှာတယ်။ ခရုရှာတယ်။ အချိန်ကို သတိမထားနိုင်ဘူး။ ဒါကြောင့် အချိန်နောက်ကျရခြင်း ဖြစ်တယ်။ ပြည်မလို အစစအရာရာ လိုတာရရင် ထိန်းသိမ်းခံများအနေဖြင့် ငါးရှာ၊ ဖွတ်ရှာ–ရှာစရာမလို၍ ပြဿနာပေါ်စရာ အကြောင်းမရှိ (စာ–၆၆)

* **လေထီးဦးအုန်းမောင်** – ဒီစခန်းမှာရှိတဲ့ အကျဉ်းသားအားလုံးဟာ အာဟာရချို့တဲ့နေတဲ့အတွက် ကျန်းမာရေးကျဆင်းနေတယ်။ အာဟာရအတွက် ကိုယ့်ဟာကိုယ် ရှာစားနေတာကို ပိတ်ပင်တားဆီးဖို့ မလိုကြောင်း

* **ဆရာရာဂျန်** –အချိန်နောက်ကျရခြင်းမှာ ခုတင်ပြကြတဲ့အတိုင်း အာဟာရအတွက် အစာရှာကြရင်း နောက်ကျရတဲ့အတွက် အချိန်တိုးပေးသင့်တယ်။ တိုးပေးဖို့လိုအပ်ကြောင်း

* **ဗန်းမော်တင်အောင်** – ဒီမှာ နိုင်ငံရေးသမားတွေ အလုပ်လုပ်နေရတယ်။ ကိုယ့်ထမင်းကိုယ် ချက်စားနေရတယ်။ ကိုယ့်ရေ ကိုယ်ခပ်၊ ကိုယ့်ထင်းကိုယ်ရှာရတယ် ... ဆိုတာဟာ ဘယ်အစိုးရကမှ မလုပ်ခဲ့ပါဘူး။ အစဉ်အလာလည်း မရှိခဲ့ပါဘူး။ ယခုကဲ့သို့လုပ်နေရတာ၊ အစိုးရကသာ စားရေးသောက်ရေး အပြည့်အဝစီစဉ်ပြီး ကျွေးမွေးထားရင် ငါးရှာ ဖားရှာရန် မလိုဘူး

* **ဦးခင်မောင်မြင့်** – ဒီမှာ အစားအသောက်ဟာ အင်းစိန်ထောင် C Class အကျဉ်းသားအဆင့်ကို မမီဘူး။ အင်းစိန်က အစားအသောက်မှာ သာတယ်။ အဆက်အသွယ်ပြတ်တာကတော့ ဒီမှာနဲ့ မထူးဘူး။ အင်းစိန်မှာ BMH ကို သွားတဲ့အခါ အပြင်ကို မြင်ရတယ်။ ဒါပေမဲ့ အင်းစိန်ထောင်က ညှဉ်းပန်းနှိပ်စက်တဲ့နေရာမှာ သာတယ်။ ဟစ်တလာနာဇီအကျဉ်းထောင်ထက် ဆိုးသေးတယ်။ တိုက်ထဲမှာ တံတွေးခွက် အစွန်းအထင်းဖြစ်နေရင် ထုတ်ရိုက်တာပဲ။

* **အလံနီ၊ မလညပ ကတော့** –

"ဤစခန်းတွင် ရောက်နေသည့်အတွက် ထောင်အာဏာပိုင်များနှင့် အတတ်နိုင်ဆုံး ပြေလည်အောင်နေမည်။ ချမှတ်ထား

သော စည်းကမ်းများများလည်း အတတ်နိုင်ဆုံး လိုက်နာမည် ဖြစ်ကြောင်း” တင်ပြပြောဆိုကြတယ်။

ဒီအဖွဲ့ကြီး (၃) ခုနဲ့ ပတ်သက်လို့ သူတို့သတ်မှတ်ထားချက်တွေကတော့–

**သခင်သန်းထွန်း ဗကပ အဖွဲ့**

မိမိတို့အတွက် ထမင်းချက်၊ ရေခပ်၊ ထင်းရှာ၊ ဟင်းသီးဟင်းရွက် စိုက်နေကြခြင်းမှာ နိုင်ငံရေးသမားများအနေဖြင့် သိက္ခာကျသည်။ နိုင်ငံရေးသမားများအနေဖြင့် အထက်ဖော်ပြပါ အလုပ်များမှာ ထောင်တွင်း၌ မည့်သည့်အခါကမှ အစဉ်အလာ မရှိခဲ့။ ယခုလုပ်နေရသည်မှာ မလွှဲမရှောင်သာ၍ လုပ်နေကြရခြင်း ဖြစ်သည်။ အသက်ရှင်ရေးအတွက် မစားမဖြစ်သော ထမင်းဟင်းအတွက်သာ လုပ်နေရသည်။ စည်းကမ်းတခု၊ တာဝန်တခုအနေဖြင့် လုပ်နေကြသည်မဟုတ်၊ အစိုးရထံမှ –ရနိုင်သည်ကို တိုး၍တောင်းခံရန်နှင့် ချမှတ်ထားသော စည်းကမ်းဥပဒေများကို တိုး၍ဖျက်သည်။ အဖျက်လုပ်ငန်းများကို အစွမ်းကုန်လုပ်မည်။ Enlarging Democratic area ဒီမိုကရေစီဘောင်ချဲ့ရေး ...တဲ့။

**သခင်စိုး အလံနီ ဗကပအဖွဲ့**

ကိုယ်ထူကိုယ်ထစနစ်အရ မိမိတို့စားရန် ဟင်းသီးဟင်းရွက်များ စိုက်သည်။ ကိုယ့်ထမင်းကိုယ်ချက်ပြီး ထင်းကိုကြိုးစားရှာကြသည်။ ဤစခန်းတွင် လုပ်ရှားဆူပူဆန္ဒပြ၍ အကျိုးမထူး၊ အေးအေးဆေးဆေးနေ၍ ထောင်ဥပဒေကို လိုက်နာနိုင်သမျှ လိုက်နာမည်။ လိုအပ်သည်များကို ဥပဒေဘောင်အတွင်းမှ တင်ပြတောင်းခံမည်။

**မလညပ သဘောထား**

အလံနီ ဗကပ သဘောထားနှင့် တသဘောတည်းဖြစ်သည့်အပြင် ပို၍ပျော့ပျောင်းသည်ဟု ယူဆရသည်။

**လွဲမှားသော ကောက်ချက်များ**

(စာ–၂၄) အဲဒီမှာ အကျဉ်းသားတွေ အတော်ပင်ပန်းကြရှာတယ်။ အတော်ဆင်းရဲကြရှာတယ်။ ဒီဇာ်ရာဒဏ်ချက်တွေကြောင့်လား မသိဘူး။ တောဝင်သွားတဲ့ တိရစ္ဆာန်လို ရိုင်းစိုင်းသွားတယ်။ စိတ်သဘောထားတွေ ကြမ်းတမ်းခက်ထန်လာတယ်။ သူတို့အချင်းချင်းလည်း စိတ်ဝမ်းတွေကွဲပြီး တယောက်နှင့်တယောက် ကြည့်မရဘူး။ အထူးသဖြင့် အလံနီသခင်စိုးအဖွဲ့နှင့် အလံဖြူသခင်သန်းထွန်းအဖွဲ့ဝင်တွေဟာ တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ မျက်နှာချင်းဆိုင်လို့မရကြဘူး။

(ဒီစာရေးခြင်းဖြင့် ဗမာပြည် နိုင်ငံရေးသမိုင်းကို မသိတာ၊ ဒီ ၂ ဖွဲ့ရဲ့ နောက်ခံစည်းရုံးရေးဆိုင်ရာကိစ္စတွေ လမ်းစဉ် ပေါ်လစီကိစ္စတွေ နားမလည်တာ ထင်ရှားတယ်၊ နောက်တဦးနှင့်တဦး ရင်းရင်းနှီးနှီး ဆက်ဆံတာ–အဖွဲ့အစည်းချင်းလည်း လိုအပ်ရင်လိုအပ်သလို ဆွေးနွေးညှိနှိုင်းတာ၊ အကူအညီပေးတာတွေ ရှိခဲ့တယ်။)

ဒီကနေ သူကောက်ချက်ဆွဲတာက – သူတို့အချင်းချင်းတောင် ဒီလိုဖြစ်နေကြတယ်ဆိုတော့ ကျွန်တော်တို့ ထောင်မှူးထောင်ပိုင်တွေအပေါ် သူတို့သဘောထား ပိုဆိုးတာပေါ့ ...တဲ့

ကျွန်တော်တို့သဘောထားတွေက သူတို့သတ်မှတ်ထားတာနဲ့ ကိုက်ညီတာတွေ ရှိသလို မကိုက်ညီတာတွေလည်း ရှိပါတယ်။ အဲဒါတွေကတော့ –

(စာ–၆၇) မှာ ... ... သခင်သန်းထွန်း ဗကပ အဖွဲ့ဝင်တွေအားလုံးလိုလိုကတော့ –

၁။ အစိုးရအား ရန်သူဟု သဘောထားပြီး ပြောဆိုသုံးစွဲရာတွင် ‘ရန်သူ’ဟု ပြောဆိုသုံးစွဲကြသည်။ (မှန်တယ်)။

၂။ ဆေးဘက်အမှုထမ်းများနှင့် အကျဉ်းဦးစီးဌာန အမှုထမ်းများကိုလည်း ရန်သူဟု သဘောထားသည်။ (မဟုတ်)

၃။ အနီးကပ်ရန်သူများ (ဆေးဘက်နှင့် အကျဉ်းဦးစီး) အား အတတ်နိုင်ဆုံး စိတ်ရောကိုယ်ပါ ဒုက္ခနှင့်သောက ပေးရမည်။

(ဒီသဘော ထားမရှိ)

၄။ (လိုရင်း) ဆေးဝါးအပါ အစိုးရပစ္စည်းများသည် ရန်သူ့ပစ္စည်းဖြစ်၍ နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးရမည်။ ဖြုန်းတီးရမည်။ ဆေးဝါးချို့တဲ့လျှင် လုံလောက်စွာမပေးဟု စွပ်စွဲရမည်။ ဆေးဝါးနှင့် ဆိတ်၊ ဘဲ၊ ဝက်များကို ခိုးယူရမည်၊ ရန်သူ့ပစ္စည်းမို့ တရားသည်။ Even stealing is justified- (ပါတီသဘောထားမဟုတ်)

၅။ (လိုရင်း) အမှုထမ်းအားလုံး အလုပ်ရှုပ်နေစေရမည်။ သူတို့တတွေ ရန်သူအား ကူညီပါဝင် ဆောင်ရွက်ပေးနေတာဟာ ရန်သူကို အားပေးတာ၊ ရန်သူဒုက္ခမရောက်အောင် ကူညီတာဖြစ်လို့ သူတို့အလုပ်ချိန်နည်းပါးနေလို့မဖြစ် – ဒီလိုဖြစ်နေရင် ထိန်းသိမ်းတွေဟာ ပြစ်မှုကျူးလွန်တာပဲ။ (မှား)

၆။ အခွင့်အရေးတွေ ရှာဖွေတောင်းခံရမည်။ မလုပ်ရ၊

မသွားရဟု၍တားမြစ်ခြင်းများကို ချိုးဖောက်ခြင်းဖြင့် 'ဒီမိုကရေစီ အောင်ချဲ့ရေး' ကို ဆောင်ရွက်ရမည်။ ဤကဲ့သို့ ချိုးဖောက်ခြင်းဖြင့် အပေါ်စီးရသည်အထိ တဆင့်ပြီးတဆင့် ဆောင်ရွက်ရမည်။ (မှန်) ... စသည်ဖြင့် ခံယူထားကြကြောင်း ဖော်ပြထားပါတယ်။

တဆက်တည်း သူတို့ဝန်ထမ်းတွေအပေါ် ကျွန်တော်တို့ သဘောထားကို ဖော်ပြဖို့ လိုလာပါတယ်။ သဘောထားမှန်ပြီး တာဝန်ကျေလောက်သာ လုပ်ကြတဲ့ ထောင်မှူးတောင်ပိုင်နဲ့ ဆရာဝန်များကို ကျွန်တော်တို့ ပြေပြေလည်လည် ဆက်ဆံကြ ပါတယ်။ ထောင်ပိုင်တွေထဲမှာ ဦးအုန်းကျော်၊ ဦးသောင်းရွှေတို့နဲ့ ပြဿနာ ကြီးကြီးမားမားမရှိ။ သူ့အလုပ်သူလုပ် ကိုယ့်အလုပ် ကိုယ်လုပ်ကြတာပဲ။ ဦးထွန်းခင်လက်ထက် ရဲဘော် ၈ ယောက် ကျခဲ့ ရတယ်။ ထောင်မှူးကြီးတွေထဲမှာ ဦးခင်မောင်စိုးနဲ့ ဦးစိန်ဌေးတို့ ကတော့ အထက်ကြိုက်လုပ်ခဲ့တယ်။ ဆရာဝန်တွေထဲမှာ ဒေါက်တာ ဖေစိန်၊ ဒေါက်တာကျော်ဇံဝင်းတို့ (ကောင်း) ကြတယ်။ နောက်ဆုံး ဒေါက်တာလှုနိုင်နဲ့ ပြဿနာ ကြီးကြီးမားမား မရှိ၊ ဒေါက်တာသန်းအောင် နဲ့ ဒေါက်တာချစ်မင်းကတော့ အာဏာပိုင်တွေ မျက်နှာသာပေးခံရ အောင် လုပ်ကြတယ်။ ကျွန်းပြန်တွေ ရေးကြတဲ့ မှတ်တမ်းတင်ကြတဲ့ စာတွေထဲမှာ ယေဘုယျအားဖြင့် ဒီအမြင်အတိုင်း ရှိကြတာ တွေ့ရ မှာပါ။

(စာ – ၂၂၂) ထောင်မှူးနဲ့အကျဉ်းသားဆိုတာ ခွာလို့ မရဘူး။ ဒင်္ဂါးတပြားမှာ ဟိုဘက်ကခေါင်း ဒီဘက်ကပန်း၊ ခေါင်းနဲ့ပန်း မရှိရင် ဒင်္ဂါးတပြား မဖြစ်ဘူး။

သူပြောချင်တာက ကျွန်းတောင်ဘက်ခြမ်း အကျဉ်းစခန်းမှာ ဒီလူတွေပဲ ရှိတာ၊ သင့်သင့်မြတ်မြတ် မနေသင့်ပါလားဆိုတဲ့ အဓိပ္ပာယ်၊ ဒါပေမဲ့ အုပ်စိုးသူတွေအနေနဲ့ ပို့တာကိုက စိတ်ဓာတ်ကျအောင်ဆိုတဲ့ ရည်ရွယ်ချက်၊ ဒါကို အကောင်အထည်ဖော်ရတဲ့ သူတို့တတွေနဲ့ ဒီ ပေါ်လစီကို ချိုးဖျက်လိုတဲ့ တော်လှန်ရေးသမားတွေ ဘယ်လိုလုပ် သင့်မြတ်နိုင်မလဲ။ ဒင်္ဂါးတပြားတော့ ဖြစ်လာမယ်။ ဓာတ်မတည့် နာမ် မတည့်တဲ့ ခေါင်းနဲ့ပန်း မီးထတောက်ကုန်ကြတာ မဆန်းပါဘူး။

(စာ–၈၆) – သူတို့အဖွဲ့တွေ တော်တော်များများလို ကိုကိုး ကျွန်းကလွတ်တော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရက နေဖို့ အိမ်ပေးတယ်။ စားဖို့အလုပ်တွေ ပေးထားတယ်။ သူတို့ကျွန်းပြန် တွေ ရန်ကုန်လမ်းမတော် လမ်းသစ်ရိပ်သာက အစိုးရတိုက်တွေ၊ အခန်းတွေ ပေးထားတာ။ အဲဒီမှာ များများနေကြတယ်။

(ဒီအချက်အလက်တွေ လုံးဝမှားတယ်၊ အထူးသဖြင့် မိမိတို့ ပါတီက ရဲဘော်တွေနဲ့ ဘာမှ မပတ်သက်ပါ။)

– သူက တနေရာမှာ – သူနဲ့ထောင်ပိုင်တို့က မြွေဟောက်၊ မြွေနဂါးမှန်းသိအောင် အမောက်ထောင်ပြလိုက်လို့ ၅၃ ရက် အစာ တော်ခံတိုက်ပွဲ ဖြစ်သွားရသလိုလို ရေးထားပြီး–

(စာ–၉၄) ကျွန်တော်တို့ ထောင်ဝန်ထမ်းတွေအနေနဲ့ ကိုကိုး ကျွန်းက ပုဒ်မ (၅) အကျဉ်းသားတွေကို လက်ဖျားနှင့်ထိဖို့မပြောနဲ့ မျက်စောင်းတောင်ထိုးပြီး မကြည့်ရဲခဲ့ပါဘူးဗျာ... လို့ ဖော်ပြပြန်တယ်။

တခါ– ကျွန်းကပြန်ခေါ်တာမှာ တိုက်ပွဲကြောင့် မဟုတ်ဘူး ... လို့ ရှေ့ပိုင်းမှာ ရေးထားသော်လည်း –

(စာ–၁၅၄) ကျတော့ 'ကျွန်းစခန်းဖျက်သိမ်းရေး၊ ကိုယ်ထူ ကိုယ်ထ စနစ်ဖျက်သိမ်းရေး၊ ပြည်မပြန်ပို့ပေးရေး စတာတွေကို မင်းကြီးက လိုက်လျောသွားခဲ့တာပဲ'... လို့ ရေးပြန်တယ်။

နောက်တခါ – (ရဲနီ) တင်မြင့်မီးအလောင်း ရတာကလည်း ရှင်းရှင်းပြောရရင် သူတို့ဘက်က အလျှော့ပေးလိုက်လို့ပဲ ...လို့ မှန်းဆရေးထားတယ်။

(တကယ်ဖြစ်သွားတာက –ပထမအချီလုလို့မရ– တပ်လန် သွားပြီး၊ ဝင်လာတဲ့ တံခါးပေါက်ပိတ် ပြန်ထွက်သွား၊ ထမင်းစား – နားသူနား၊ မိမိတို့ကလည်း အဆောင်ထဲပြန်ဝင်သူဝင်၊ လုပ်စရာ ရှိတာ လုပ်သူလုပ်နဲ့ နားနေစဉ် –ထောင်ဝါဒါတချို့က အကွယ်တခုမှ အလစ်အငိုက်ယူပြီး သံဆူးကြိုးတွေ ဖြတ်ကာ အလောင်းကို ဝင် သယ်သွားကြတာပါ။ အလောင်းစင်က အလံနီ(၇) ဆောင်နဲ့ အလံနီ စားဖိုဆောင်ကြားမှာ ရှိပါတယ်။ )

**ကိုကိုးကျွန်းအကျဉ်းစခန်းကြီးကြပ်ရေးကော်မတီ**

သူ့အခန်းကဏ္ဍက အရေးကြီးတယ်။ အကျဉ်းသားတွေ ကို ဘယ်လိုသဘောထားပြီး အကျဉ်းသားတွေ ဒုက္ခရောက်အောင် ဘယ်လို စနစ်တကျ လုပ်ဆောင်နေကြသလဲဆိုတာ ဒီစာအုပ်ထဲမှာ တွေ့ရတယ်။ ဒီအတွက် မှတ်တမ်းတင်ခဲ့တဲ့ ဦးစိန်ဌေးကို ကျေးဇူး တင်ရပါတယ်။

ကော်မတီမှာ ရန်ကုန်တိုင်း ဒုတိုင်းမှူးက ဥက္ကဋ္ဌ၊ အကျဉ်း ဌာန မင်းကြီးက အတွင်းရေးမှူးနဲ့ တခြားအဖွဲ့ဝင် (၅) ယောက် ထည့်ဖွဲ့ထားတယ်။ အကျဉ်းစခန်းက နလက ဥက္ကဋ္ဌကို သတင်းပို့၊

သူက ကော်မတီကို အစီရင်ခံရပါတယ်။

ပါဝင်တဲ့အချက်အလက်တွေကို တင်ပြခဲ့ပြီ။ ကျန်တဲ့အထဲက ထပ်ဖြည့်ရရင် –

– (စာ–၆၈) သခင်သန်းထွန်း ဗကပ များသည် ၁၉၆၉ ခု ဇူလိုင်လက အကျဉ်းသား ထွန်းရှိန် ပင်လယ်ထဲကျ သေသွားသည်မှစ၍ တောင်ယာများ မလုပ်ကြတော့ဘူး။ (ရောက်ပြီး ၄ လ ကျော် အကြာမှာ ဖြစ်တာပါ)

– ကိုကိုးကျွန်း အကျဉ်းစခန်းတွင် အမြဲတမ်းတပ်စိတ်တစိတ် လက်နက်အပြည့်အစုံဖြင့် ချထားပေးရန်လိုကြောင်း၊ တင်နယ်မြေအတွင်းသို့ ကျူးကျော်လာသည့် ထိန်းသိမ်းခံ အကျဉ်းသားများအား သေနတ်ဖြင့် ပစ်ခတ်ခွင့်ပေးရန် တောင်းဆို

– စည်းကမ်းဖောက်ဖျက်သော အကျဉ်းသားများအတွက် ထောင်မှာကဲ့သို့ တိုက်မရှိ၍ ကွာတာဂါတ် (Quarter Guard) ထားပေးရန်

(စာ–၇၁) ရဲဘော်အုန်းမော်နှင့် ရဲဘော်မောင်မောင်စိုး တောတိုးရာ ရေတပ်က ဖမ်းဆီးညှဉ်းဆဲသဖြင့် ကြောက်ရွံ့သွားမည် မဟုတ်။ ... ... နောက်လာရင် အသေပစ်သတ်မည်၊ အရှင်ပြန်ပို့မည် မဟုတ်ဟု ပြောသည့်အတွက် ထိုသို့ခြိမ်းခြောက်ခြင်းကို မကြောက်။ ၎င်းတို့ရဲဘော်တဦး ထိခိုက်သေဆုံးပါက ကိုကိုးကျွန်းတကျွန်းလုံး ပြာကျသွားမည်။ သေရဲသည်၊ သတ်ရဲသည်၊ လုပ်ရဲသည်ဟု အမှုမကြီး ကြီးအောင်တင်ပြကြသည်။

– (စာ–၈၄) အကျဉ်းဌာန မင်းကြီး ဦးငြိမ်းလှိုင်က–ဖျက်ဆီးတဲ့ အကျဉ်းသားတွေကို မှတ်ထား၊ ဘယ်နေ့ဘယ်အချိန်၊ ဘယ်အဆောင်က ဘာပစ္စည်းတွေ ခွာယူတယ်၊ ဖျက်ဆီးတယ်ဆိုတာ ...၊ ပြည်မပြန်ရောက်ရင် ဖ (၁) နှင့် တရားစွဲမယ်။ (စခန်းဖွင့်ကတည်းက မှတ်ထားတာ ၃ နှစ် နီးပါး ... မှတ်ထားတဲ့ စာအုပ်ကြီးနဲ့ မလောက်လို့ နောက်ထပ် တအုပ် ဆက်မှတ်ခဲ့ရတယ်) ... တဲ့။

**နိဂုံးချုပ်ပါမယ်**

သူ့ရေးဟန်က – ဝန်ခံလိုက်–စွပ်စွဲလိုက်၊ သူတို့လုပ်တာတာဝန်အရ တရားတယ်၊ မှန်တယ်ပြောလိုက်၊ စိတ်မပါဘဲ လုပ်နေရတဲ့ သဏ္ဍာန် ယူလိုက် ... နဲ့ အစာမကြေချင်စရာတွေ များတယ်။

သူ့ရည်ရွယ်ချက်က သူတို့ ဝန်ထမ်းတွေကို နားလည်ပေးဖို့၊ အကျဉ်းသားတွေ မထိခိုက် မနစ်နာအောင် အတတ်နိုင်ဆုံး လုပ်ခဲ့တာတွေ သိစေဖို့ – ဥပမာ၊ သူနဲ့ ဦးထွန်းခင်သာ ကြားမဝင်ရင် ၈ ယောက်မက သေသွားနိုင်တယ်လို့ အမှတ်ယူထားပါတယ်။ အတော်ပြောရဲတဲ့ ပုဂ္ဂိုလ်ပါ။ သူ့ကြောင့် ၅၃ ရက် အစာငတ်ခံတိုက်ပွဲ ဖြစ်ရတာပါ... လို့ ရှေ့မှာ ပြောခဲ့တာ မေ့သွားပုံရတယ်။

သူဟာ ကျွန်းမှာသာ ဒီလိုပြောခဲ့တာမဟုတ်၊ ရှစ်လေးလုံးကာလ ပြည်သူတွေကို ဥပဒေမဲ့ ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ အထက်မှာ ဖော်ပြခဲ့ပါပြီ။ ဒီလိုလုပ်ပေါက်တွေကြောင့် ဆရာနေမင်း (သရက်) က 'ယင်းအဖြစ်မှန် အရှိတရားနဲ့ ပတ်သက်၍ ထောင်ပိုင် ဦးစိန်ဌေး (၈၆) နှစ်အား ယောရဝသို့ မရောက်မီ မြန်မာပြည်သူများက မေးခွန်းထုတ်ရန် လိုအပ်နေသည်' လို့ ရေးထားပါတယ်။

မိမိအနေနှင့်လည်း ဒီစစ်တမ်းကို ဦးစိန်ဌေး မသေခင် ဖတ်ကြည့်သွားစေချင်ပါတယ်၊ ငြင်းကွယ်ချေဖျက်စရာရှိရင် ချေဖျက်သွားပါ၊ ကျွန်းပြန် အဖွဲ့အစည်းအားလုံးနဲ့ တသီးပုဂ္ဂလများကလည်း ကိုယ်တိုင်ဖြတ်သန်းခဲ့ဖူးကြတာကြောင့် ပါဝင်အကဲဖြတ် ဖြည့်စွက်ပေးကြစေချင်ပါတယ်။

ဘဝအရ နိုင်ငံရေးအရ ရပ်တည်ချက်ချင်း မတူတာ ဖော်ပြချက်ချင်း မတူတာ၊ လုပ်ဟန်ချင်းမတူကြတာတွေဟာ ကိုကိုးကျွန်းက ဒင်္ဂါးတပြားရဲ့ ဘက် ၂ ဖက်ပဲ။ သူလည်း သူ့ရပ်တည်ချက်အရ ရေးတာပါ။

ဘာပဲပြောပြော –စာအုပ်နောက်ဆုံးအပိုဒ်မှာ ရေးသွားတာကတော့ အမှန်တရားကို ဆုပ်ကိုင်မိသွားပုံပဲ။ အင်မတန် လှပါတယ်။

"တိုင်းပြည်အတွက်ဆိုရင် အဆင်းရဲခံရဲတယ်။ အနစ်နာခံရဲတယ်။ အသက်စွန့်ရဲတယ်ဆိုတဲ့ နေရာမှာတော့ ကွန်မြူနစ်တွေကို မမီကြပါဘူး။ ဒီတခုတည်းနဲ့ ကျွန်တော် ကွန်မြူနစ်တွေအပေါ် လေးစားမိတယ်ဗျာ" ... ...တဲ့။

၂၃၊ ၁၀၊ ၂၀၁၇

# ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းနိုင်မှ ဒီမိုကရေစီပွင့်မယ်

ကနေ့ ဗမာပြည်မှာ ဖြစ်ပေါ်နေတဲ့ ကိစ္စအဝဝ၊ ပြဿနာအရပ်ရပ်က ၁၃၀၀ ပြည့် အရေးတော်ပုံအဆက်၊ ဖက်ဆစ်ဆန့်ကျင်ရေး အဆက် လွတ်လပ်ရေးတိုက်ပွဲအဆက်တွေချည်း ဖြစ်ပါတယ်။ အကြောင်းအကျိုး၊ အကောင်းအဆိုး အားလုံးဟာ ဒီအရေးတော်ပုံတွေရဲ့ အောင်မြင်မှု၊ အမှားအမှန်တွေအပေါ် သင်ခန်းစာထုတ်ယူနိုင်မှုအပေါ် မူတည်ပြီး ဖြစ်ခဲ့တာချည်းပဲ ဖြစ်ပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံဟာ အရေးနိမ့်ခဲ့ပါတယ်။ ဒါပေမဲ့ ခေတ်သစ်ဗမာပြည်သမိုင်းမှာ သေနင်္ဂဗျူဟာနိုင်ငံရေး အခင်းအကျင်းတခုလုံးကို ညွှန်ပြနိုင်ခဲ့ပါတယ်။ အဲ့ဒါကတော့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေး ဆိုတာပါပဲ။ အဲ့ဒီ အခင်းအကျင်းကို အကောင်အထည် ဖော်ဖို့ဆိုရင် အမျိုးသားစည်းလုံး ညီညွတ်ရေးကို တည်ဆောက်နိုင်ရမယ်။ လက်နက်ကိုင် တပ်ဖွဲ့ကို ထူထောင်နိုင်ရမှာ ဖြစ်တယ်။

အဲဒါကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီကို ဖွဲ့စည်းထူထောင်ခဲ့တယ်။ တပ်ပေါင်းစု ဖြစ်တဲ့ ဖဆပလ အဖွဲ့ချုပ်ကို ဖွဲ့စည်းထူထောင်နိုင်ခဲ့တယ်။ ဘီအိုင်အေ က အစ လက်နက်ကိုင်တပ်တွေကို ထူထောင်နိုင်ခဲ့တယ်။ ဖက်ဆစ်ဂျပန်တော်လှန်ရေး လုပ်ငန်းစဉ်အတွင်းမှာ ဒီလုပ်ငန်းစဉ်အားလုံးဟာ ကိုယ့်အခန်းကဏ္ဍအလိုက် တညီတညွတ်တည်း လုပ်ဆောင်နိုင်ခဲ့တယ်။ ဒါကြောင့် အမျိုးသားစည်းလုံးညီညွတ်မှုဟာ အမြင့်ဆုံး အဆင့်ကို ရောက်ရှိပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေး အောင်ပွဲခံခဲ့တယ်။

ဖက်ဆစ်တော်လှန်ရေး အောင်ပွဲခံထားတဲ့အရှိန်ဩဇာနဲ့ အမျိုးသားစည်းလုံးညီညွတ်မှုအမြင့်ဆုံး အခြေအနေကို ရောက်နေတဲ့ ဗမာပြည်ကို ခြေကုန်လက်ပန်း ကျနေတဲ့ အင်္ဂလိပ်နယ်ချဲ့သမားဟာ ကိုလိုနီ ကျွန်ပြုဖို့ အခက်တွေ့ပါတယ်။ ဒါပေမဲ့ လွတ်လပ်ရေး မပေးရင် ဖြစ်နိုင်ဦးမလားဆိုပြီး သွေးတိုးစမ်းပါတယ်။ စက္ကူဖြူစာတမ်းတို့၊ ဒိုမီနီယံအဆင့်တို့ စတာတွေနဲ့ သွေးတိုးစမ်းရင်း အမျိုးသား စည်းလုံးညီညွတ်မှုကို ဖြိုခွဲပါတယ်။ အင်္ဂလိပ်နယ်ချဲ့သမားဟာ လွတ်လပ်ရေး ပေးကိုပေးရတော့မယ်ဆိုတာ သိသွားပါတယ်။ ဒါကြောင့် မစားရတဲ့အမဲ သဲနဲ့ပက်တဲ့ အစီအမံတွေ လုပ်ပါတယ်။ ဖဆပလ အဖွဲ့ချုပ် အတွင်းက လက်ယာဂိုဏ်းကို တနည်းနည်းနဲ့ အသုံးချဖို့ ကြိုးပမ်းပါတယ်။ တောင်တန်းသားတွေနဲ့ ပြည်မသားတွေကို သွေးခွဲပါတယ်။ ဒါကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီကို ဖဆပလ အဖွဲ့ချုပ်ထဲကနေ ထုတ်ပယ်တာ ဖြစ်လာပါတယ်။ ဒါပေမဲ့ တောင်တန်း၊ မြေပြန့် သွေးခွဲမှုကိုတော့ ပင်လုံစာချုပ်နဲ့ တုံ့ပြန်လိုက်နိုင်ပါတယ်။ နောက်ဆုံးမှာ အမျိုးသားခေါင်းဆောင် ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံသတ်ဖြတ်နိုင်ခဲ့တဲ့အထိ အင်္ဂလိပ်နယ်ချဲ့သမားက ကြံစည်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကို လွတ်လပ်ရေးပေးခဲ့ရပါတယ်။ တနည်းပြောရရင် အမျိုးသားစည်းလုံးညီညွတ်မှု စတင်ပြိုကွဲချိန်မှာမှ အင်္ဂလိပ်အစိုးရက လွတ်လပ်ရေးပေးခဲ့တာ ဖြစ်ပါတယ်။

လွတ်လပ်ရေး ရတဲ့အခါမှာ ဖဆပလ ထဲက လက်ယာဂိုဏ်းဟာ အာဏာရရှိသွားပါတယ်။ တကယ်တော့ ဆိုရှယ်လစ်ပါတီက အာဏာရသွားတာ ဖြစ်ပါတယ်။ ဖဆပလ အစိုးရဟာ အာဏာရလာပြီးတဲ့အခါမှာ လက်ဝဲအင်အားစုတွေကို အပြတ်နှိပ်ကွပ်ပါတယ်။ မြေပြန့်သား၊ တောင်တန်းသားတွေကိုလည်း လူမျိုးရေးအရ သွေးခွဲလို့ဆော်ပါတယ်။ အစိုးရအဖွဲ့၊ အစိုးရအမှုထမ်း၊ ပါလီမန်၊ စစ်တပ် စတာတွေ အားလုံးမှာ ဗမာလူမျိုးကြီးဝါဒကို သွတ်သွင်းပါတယ်။ ပင်လုံစာချုပ်ကို ဘေးချိတ်ပြီး လူမျိုးစုအင်အားစုတွေကို နှိပ်ကွပ်တာတွေ လုပ်ပါတယ်။ အမျိုးသား စည်းလုံးညီညွတ်မှုကို ဦးစားပေးပြန်လည်တည်ဆောက်တာ မလုပ်ဘဲ အမျိုးသား ပြိုကွဲမှုကို ပိုသည်းသန် ပြင်းထန်စေတာကြောင့် ပြည်တွင်းစစ်ဖြစ်ရတဲ့ အခြေ ရောက်ခဲ့တယ်။ ပြည်တွင်းစစ် ရပ်စဲ၊ အမျိုးသားစည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ခဲ့တာကြောင့် ဗမာပြည်ဟာ မူလနိုင်ငံရေး သေနင်္ဂဗျူဟာ လမ်းကြောင်း ဖြစ်တဲ့ လွတ်လပ်ရေး၊ ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးဆိုတဲ့ လမ်းကြောင်းပေါ်က လွဲချော်သွားခဲ့တယ်။

ဒါကြောင့် ပြည်သူလူထုကြီးဟာ လွတ်လပ်ရေးအရသာအစား ပြည်တွင်းစစ် ဒုက္ခပင်လယ်မှာ ကူးခတ်နေရတယ်။ ဒီမိုကရေစီ ဆိုတာ အသံသာ ကြားနေရတယ်။ ဆိုရှယ်လစ်ရေးကတော့ ဝေလာဝေးပါပဲ။

ဖဆ – ဆိုရှယ်အစိုးရ (ဖဆပလ အစိုးရကို ဖဆပလ အဖွဲ့ တည်မြဲ၊ သန့်ရှင်း ဆိုပြီး နှစ်ဖွဲ့ကွဲတဲ့အထိ သတင်းစာတွေမှာ ခေါ်ဝေါ်သုံးစွဲလေ့ ရှိတယ်) ဟာ ဆိုရှယ်လစ်တပ်မှူးတွေကို အားပြုပြီး ပြည်တွင်းစစ်ကို တိုက်ခဲ့တယ်။ တဖက်မှာ ပြည်သူလူထုကြီးကို လက်ဝဲဆန့်ကျင်ရေး၊ ဘာသာရေး၊ လူမျိုးရေးတွေနဲ့ မှိုင်းတိုက်သွေးခဲ့ပြီး အုပ်ချုပ်တယ်။ ဖဆပလ အစိုးရနဲ့ ပါလီမန်ဒီမိုကရေစီသာ အကောင်းဆုံးဖြစ်တယ်လို့ ကြွေးကြော်ပြီး ဖဆပလ အဖွဲ့ကြီး အနှစ် ၄၀ တည်တံ့ရမယ်လို့ ကြွေးကြော်ခဲ့တယ်။ ဒါပေမဲ့ လွတ်လပ်ရေးရပြီး ၁၀ စုနှစ်တစု မပြည့်ခင်မှာပဲ ဖဆပလ အဖွဲ့ကြီး နှစ်ခြမ်း ဖြန်းဖြန်းကွဲခဲ့တယ်။ ဒီအခါမှာ ဖဆပလ အစိုးရဟာ သူတို့မွေးတဲ့မျောက်က သူတို့ကို ပြန်ခြောက်တာ ခံလိုက်ရတယ်။ ဖဆပလ အစိုးရ ပ စား ပေးခဲ့တဲ့ ဆိုရှယ်လစ်တပ်မှူးကြီးတွေဟာ စစ်အုပ်စုတစုကို ဖွဲ့စည်းခဲ့ပြီး ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ သန့်ရှင်း ဖဆပလ တဖြစ်လဲ ပထစ အစိုးရကို အာဏာသိမ်း ဖြုတ်ချလိုက်တယ်။ အဲ့ဒီနေ့ကစပြီး ဗမာပြည်ဟာ စစ်အာဏာရှင်စနစ်အောက် ကျရောက်ခဲ့ရတယ်။

ဗိုလ်နေဝင်းဦးစီးတဲ့ စစ်အုပ်စုဟာ စစ်တပ်ကို လက်ကိုင်တုတ်အဖြစ် အသုံးချပြီး အာဏာသိမ်းခဲ့တာ ဖြစ်တယ်။ အာဏာ သိမ်းပြီးတဲ့နောက်မှာ စစ်ဗျူရိုကရေစီအုပ်ချုပ်ရေး ယန္တရားကို တောင့်တင်းအောင် လုပ်တယ်။ စစ်ဗျူရိုကရက်တွေက တိုင်းပြည် စီးပွားရေး၊ ဘဏ္ဍာရေးအားလုံးကို လက်ဝါးကြီး အုပ်လိုက်ပါတယ်။ ဒီလိုနဲ့ အာဏာရှင်စနစ်ကို ခိုင်မာတောင့်တင်းအောင် လုပ်ခဲ့တယ်။ ဒါပေမဲ့ ဗိုလ်နေဝင်း စစ်အုပ်စုဟာ မြန်မာ့နည်းမြန်မာ့ဟန်နဲ့ ဆိုရှယ်လစ်စနစ်ကို ချီတက်မယ်လို့ လိမ်ညာမှိုင်းတိုက်ခဲ့တယ်။ အညမည သဘောတရားတို့ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတို့၊ ပြည်သူ့ကောင်စီတို့ ပြည်သူ့လွှတ်တော်တို့ ဆိုရှယ်လစ်ဒီမိုကရေစီ ဆိုတာတွေနဲ့ မဟုတ်တမ်းတရမ်းတွေ ပြောပြီး ဖြောင်လိမ်ညာလှည့်ဖြားခဲ့တယ်။ ၁၉၇၄ အခြေခံဥပဒေ ဆိုတာကိုလည်း စစ်အာဏာရှင်စနစ်ကို ကာကွယ်ဖို့အတွက် ချမှတ်ခဲ့တယ်။ ပြည်တွင်းစစ်ကို ဖြတ်လေးဖြတ်စနစ်နဲ့ တိုက်တယ်။ ဖြတ်လေးဖြတ်ဆိုတာ ပြည်တွင်းစစ်ကို ဘာဥပဒေမှ လေးစားလိုက်နာစရာ မလိုဘဲ ရက်ရက်စက်စက် တိုက်ခိုက်၊ ဖမ်းဆီး၊ ညှဉ်းဆဲ သတ်ဖြတ်ခွင့် ဖြစ်တယ်။ အဲ့ဒီစနစ်မှာ တပ်မှူး၊ တပ်သား အားလုံးဟာ ကျေးရွာတွေကို ရွှေ့ပြောင်းတာ၊ ဆွဲစုတာ၊ ဖျက်ဆီးတာ၊ လူသတ်တာ မုဒိမ်းကျင့်တာ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်တာတွေကို လွတ်လွတ်လပ်လပ် လုပ်နိုင်ကြတယ်။ ဒီစနစ်ကို စစ်အစိုးရ အဆက်ဆက်က ကနေ့အထိ ကျင့်သုံးနေပါတယ်။ ၂၀၀၈ အခြေခံဥပဒေ ချမှတ်ပြီး ကြံ့ဖွံ့အစိုးရ တက်လာတော့လည်း ဒီစနစ်ကို ကျင့်သုံးတာပါပဲ။ ကနေ့ ဒီချုပ်အစိုးရလို့ဆိုတဲ့ အရပ်သား ကိုယ်စားလှယ်နဲ့ စစ်အုပ်စု ကိုယ်စားလှယ်တွေ ဖွဲ့စည်းထားတဲ့ ဖက်စပ်အစိုးရအထိ အစိုးရ စစ်တပ်ဟာ စစ်ဆင်ရေးတွေမှာ ဒီစနစ်ကိုပဲ ကျင့်သုံးနေပါတယ်။

စစ်အစိုးရအဆက်ဆက် ကျင့်သုံးခဲ့တဲ့ ဖောက်ပြန်မှားယွင်းတဲ့ မြေယာပေါ်လစီ အရပ်ရပ်ကြောင့် တောင်သူလယ်သမားတွေ ဆင်းရဲသည်ထက် ဆင်းရဲသွားပြီး ခရုဆန်ကျွတ်ဘဝကို ရောက်သွားရပါတယ်။

အလုပ်သမားတွေကိုလည်း ဖိနှိပ်သတ်ဖြတ်တာတွေ တောက်လျှောက်လုပ်ခဲ့တယ်။ ၇၄–၇၅ အလုပ်သမားအရေးအခင်းမှာ အလုပ်သမားတွေ ရက်ရက်စက်စက် သတ်ဖြတ်ခံရတယ်။ ထောင်သွင်းအကျဉ်းချ ညှဉ်းဆဲနှိပ်စက်တာတွေ လုပ်ခဲ့တယ်။

ပြည်သူပိုင်သိမ်းတယ်ဆိုပြီး ပြည်သူတွေကို ခေးပြတိုက်ခဲ့တာကြောင့် ဗမာပြည်မှာ အလတ်တန်းစားတွေလည်း ဘဝပျက်ခဲ့ရတယ်။

၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်အရေးအခင်းမှာ ကျောင်းသားလူငယ်တွေ ရာချီ အသတ်ခံရတယ်။ သမဂ္ဂအဆောက်အအုံ ဖြိုခွဲ ခံလိုက်ရတယ်။ ဒါဟာ ပညာရေးလောကမှာ စစ်အာဏာရှင်စနစ် ပညာရေးကို ထူထောင်တာရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်။ အဲဒီကစပြီး ဗမာပြည် ပညာရေးစနစ်ဟာ နိမ့်ပါးလာခဲ့တာ ကနေ့ဆိုရင် ဘွဲ့ရပညာမတတ်ဘဝတွေ ဖြစ်ကုန်တယ်။ စစ်တက္ကသိုလ်တွေ၊ စစ်ကျောင်းတွေမှာတော့ မြင်းကို ချိုတပ်ပေးတဲ့ ပညာရေးစနစ် ကျင့်သုံးတယ်။ ဒါကြောင့် စစ်တက္ကသိုလ်က ဆင်းလာတဲ့ ဗိုလ်တွေဟာ မြောက်ကြွမြောက်ကြွနဲ့ ဖော့လည်းဖော့၊ ကိုက်လည်းကိုက်၊ ကန်လည်းကန်တဲ့ စစ်ဗျူရိုကရက်တွေ ဖြစ်လာပါတယ်။ အခု အဲ့ဒီစစ်ဗျူရိုကရက်တွေဟာ နိုင်ငံရေး၊

စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတဲ့ နယ်ပယ်အသီးသီးမှာ တမိုးလုံးဖျောက်ဆိပ် ဖြစ်နေတော့ ဗမာပြည်ဟာ အဆင်းရဲဆုံး၊ ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးနိုင်ငံ ဖြစ်သွားရပါတယ်။ ဗမာပြည် အမျိုးသားဂုဏ်သိက္ခာဟာလည်း အဖတ်ဆယ်မရလောက်အောင်ကို ကျဆင်းနေတယ်။

စစ်အာဏာရှင်စနစ် ကျင့်သုံးတဲ့ စစ်အုပ်စုဟာ လုပ်ကြံသတ်ဖြတ်ရေးတွေကိုလည်း လုပ်ပါတယ်။ ကြုံတိတ်(ခေါ်) လုံတိတ် (ခေါ်) မြကြီးကိုလွှတ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ သခင်သန်းထွန်းကို လုပ်ကြံစေခဲ့ပါတယ်။ အောင်မြင်သွားပါတယ်။ အဲ့ဒီ ကြုံတိတ် (ခေါ်) လုံတိတ်(ခေါ်) မြကြီးကို KNU ဥက္ကဋ္ဌကို လုပ်ကြံဖို့ စေလွှတ်လိုက်တာမှာတော့ မအောင်မြင်ဘဲ မြကြီးဟာ အသတ်ခံလိုက်ရတယ်။ ဒါပေမဲ့ KNU အထွေထွေအတွင်းရေးမှူး မန်းရှာလားဖန်းကို တဖက်လှည့်ပြီး လုပ်ကြံသတ်ဖြတ်လိုက်တာမှာတော့ အောင်မြင်သွားပြန်တယ်။ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုဟာ စစ်အုပ်စုက လုပ်တယ်ဆိုတာလည်း ရှင်းပါတယ်။ အခုရှေ့နေဦးကိုနီ လုပ်ကြံသတ်ဖြတ်ခံရမှုဟာလည်း မေးစရာတောင်မလိုတဲ့ ကိစ္စပါပဲ။ သီပေါစော်ဘွား စဝ်ကြာဆိုင် ပျောက်ခြင်းမလှ ပျောက်သွားတဲ့ကိစ္စဟာလည်း ကမ္ဘာကျော်သွားတဲ့ စစ်အုပ်စုရဲ့ လုပ်ကြံသတ်ဖြတ်မှုပါပဲ။

စစ်အုပ်စုမှာ နံပါတ် (၁) က လွဲရင် ကျန်တာတွေဟာ မင်းခယောက်ျား၊ ကမ်းနားသစ်ပင် ဖြစ်လေ့ရှိပါတယ်။ စစ်အုပ်စုစတင် ဖွဲ့စည်းရာမှာ အတော်အရေးပါခဲ့တဲ့ ဗိုလ်အောင်ကြီးဟာ စစ်အာဏာသိမ်းပြီး မကြာခင်မှာပဲ ကမ်းနားသစ်ပင် ဖြစ်သွားခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးဟောင်းလည်းဖြစ်၊ ဒီချုပ်နာယကကြီးလည်းဖြစ်တဲ့ သူရဦးတင်ဦးလည်း ကမ်းနားသစ်ပင် ဖြစ်သွားခဲ့ပါတယ်။ နာမည်ကြီး လန်ဘားတင်ဦးခေါ် မျက်မှန်တင်ဦးကလည်း ကမ်းနားသစ်ပင် ဖြစ်သွားခဲ့ပါတယ်။ နေရာတကာမှာ မပါရင် မပြီးတဲ့ ပဲခူးဆားလုပ်ခဲ့တဲ့ ဗိုလ်ချုပ်ကြီးဟောင်း၊ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ခင်ညွန့်လည်း ကမ်းနားသစ်ပင်ဖြစ်သွားရပါတယ်။ ကုန်ကုန်ပြောရရင် စစ်အုပ်စုနံပါတ် (၁) အပြောင်းအလဲမှာ ပထမဆုံး စစ်အုပ်စုနံပါတ် (၁) ဗိုလ်နေဝင်းဟာ နေအိမ်အကျယ်ချုပ် ဘဝနဲ့ လူ့လောကထဲက ထွက်သွားရတယ်။ နောက်တက်လာတဲ့ နံပါတ် (၁) ဗိုလ်စောမောင်ကတော့ အကြံသမား ဗိုလ်သန်းရွှေနဲ့ တက်လမ်းရှာ ဗိုလ်ခင်ညွန့်ပေါင်းပြီး ဖြုတ်ချခံရတယ်။ ကနေ့ စစ်အုပ်စုကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လုပ်နေတဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တော့ ကမ်းနားသစ်ပင် ဖြစ်လေမလား၊ ဗိုလ်သန်းရွှေဟာ သူ့ဗိုလ်နေဝင်းကို လုပ်ခဲ့သလိုအဖြစ်မျိုး အဖြစ်မခံတော့မှာ သေချာပါတယ်။ ဒါကြောင့် ဗိုလ်သန်းရွှေဟာ ၂၀၀၈ အခြေခံဥပဒေကို အချိန်အကြာကြီးယူပြီး မရမက ချမှတ်နိုင်အောင် လုပ်ခဲ့တယ်။ လူသိန်းနဲ့ချီပြီး သေဆုံးခဲ့တဲ့ နာဂစ်မုန်တိုင်းဒဏ် ခံရတဲ့အချိန်မှာ အဓမ္မအတည်ပြုခဲ့တယ်။

တကယ်တော့ ဗိုလ်နေဝင်း စစ်အုပ်စုက စစ်တပ်ကို လက်ကိုင်တုတ်အဖြစ် အသုံးချပြီး စစ်အာဏာသိမ်းခဲ့တယ်။ စစ်အာဏာရှင်စနစ်ကို ထူထောင်ကတည်းက တတိုင်းပြည်လုံးမှာ ပြဿနာ သောင်းချောက်ထောင် ပေါ်ခဲ့ပါတယ်။ စစ် အာဏာထူထောင်ပြီး နိုင်ငံရဲ့စီးပွားရေး၊ ဘဏ္ဍာရေးကို စစ်အုပ်စုက လက်ဝါးကြီး အုပ်လိုက်ကတည်းက ဗမာပြည်မှာ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုစတဲ့ နယ် ပယ်အားလုံးမှာ စစ်အုပ်စုက မဖြေရှင်းနိုင်တဲ့ မရေမတွက်နိုင်တဲ့ ပြဿနာတွေ ပေါ်ခဲ့တယ်။ ပြဿနာပေါ်တိုင်း စစ်အုပ်စုက ကျည်ဆန်နဲ့ ဖြေရှင်းခဲ့တယ်။ အဲဒါကြောင့်လည်း စစ်အုပ်စုမှာ မရေမတွက်နိုင်တဲ့ လူတွေအစုလိုက် အပြုံလိုက် ပစ်ခတ်သတ်ဖြတ်မှုတွေ ပေါ်ခဲ့တာပဲ။ ၁၉၆၂ ခုနှစ် ဇူလိုင် (၇) ရက် အရေးအခင်း၊ ၇၄–၇၅ အလုပ်သမားအရေးအခင်း ရှစ်လေးလုံး လူထုအုံကြွမှုအရေးအခင်း၊ ၂၀၀၇ ခုနှစ် သံဃာအရေးအခင်းစတဲ့ စတဲ့ မရေမတွက်နိုင်တဲ့ အရေးအခင်းတွေ ဖြစ်ခဲ့တယ်။ ဒါတွေဟာ ကနေ့အထိ မဖြေရှင်းနိုင်တဲ့ ပြဿနာတွေပဲ။ ပြည်တွင်းစစ်ပြဿနာကြီးကိုလည်း စစ်အုပ်စုက မဖြေရှင်းနိုင်ဘဲ ဖြစ်နေတယ်။ ဖြေရှင်းချင်တဲ့ ဆန္ဒလည်း မရှိတာဖြစ်တယ်။ စစ်အုပ်စုအတွင်းမှာလည်း မဖြေရှင်းနိုင်တဲ့ ပြဿနာတွေ အများကြီး ရှိ နေပြန်တယ်။ ဒါကြောင့် ဗိုလ်သန်းရွှေ စစ် အုပ်စုဟာ ၂၀၀၈ အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီးတဲ့နောက် နောက်ကြောင်း မပြန်ရေး၊ ၂၀၀၈ အခြေခံဥပဒေအရ အလုပ် လုပ်ရေးဆိုတာကို လုပ်လာရတာပဲ။ ၂၀၀၈ အခြေခံဥပဒေကို ဥပဒေကြောင်းအရ ပြင်ဆင်လို့ မရအောင် ရေးဆွဲခဲ့တယ်။ ဒီနည်းနဲ့ ပြီးခဲ့တဲ့ ပြဿနာတွေကို ဘာမှမဖြေရှင်းဘဲ စစ်အာဏာရှင်စနစ်ကို ဆက်ကျင့်သုံးနိုင်အောင် လုပ်ခဲ့တာ ဖြစ်တယ်။ ဒါ့ကြောင့် ၂၀၀၈ အခြေခံဥပဒေဟာ စစ်အုပ်စုတည်ရှိ

ရေး၊ စစ်အာဏာရှင်စနစ် ကျင့်သုံးရေး အတွက် နောက်ဆုံးခံတပ် ဖြစ်နေတာပဲ။

ဒီချုပ်ဟာ ဗမာပြည်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တွန်းတင်မယ်ဆိုပြီး အားခဲရုန်းကန်ခဲ့တယ်။ ၂၀၀၈ အခြေခံဥပဒေကို ပြင်ဆင်မယ်၊ အပြောင်းအလဲတွေဖြစ်အောင် လုပ်မယ်၊ အမျိုးသားရင်ကြားစေ့ရေးကိုရအောင် လုပ်မယ်၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်၊ ဒီအလုပ်တွေ အောင်မြင်အောင် လုပ်နိုင်ဖို့အတွက် အစိုးရဖွဲ့နိုင်အောင် လုံးပန်းခဲ့တယ်။ ရွေးကောက်ပွဲ အနိုင်ရတယ်။ အစိုးရဖွဲ့နိုင်တယ်။ လွှတ်တော် ခေါ်နိုင်တယ်စတဲ့ လုပ်ပိုင်ခွင့်တွေ ရခဲ့တယ်။ ဒါပေမဲ့ အဲ့ဒီလုပ်ပိုင်ခွင့်တွေဟာ ၂၀၀၈ အခြေခံဥပဒေအရ ဖြစ်ပါတယ်။ ဒါကြောင့် ဒီချုပ်အစိုးရဟာ ဆီဆုံနွားဘဝမျိုး ကျရောက်သွားခဲ့ရပါတယ်။ ဆီဆုံထမ်းပိုးနဲ့တူတဲ့ စစ်အစိုးအဆက်ဆက်က လုပ်ခဲ့တဲ့ ဝန်ထုပ်ဝန်ပိုးတွေကိုထမ်းရင်း ခရီးနှင်နေရတဲ့ အခြေအနေဆိုက်နေတယ်။ ဒါကြောင့် ဒီချုပ်အစိုးရ တက်လာပြီးတဲ့နောက် အပြောင်းအလဲရှိပါတယ်။ အရွေ့လည်း ရှိပါတယ်။ ခရီးလည်း နှင်နေပါတယ်။ ဒါပေမဲ့ ဆီဆုံနွားလိုပဲ ခရီးမပေါက်ပါ။ အပစ်အခတ်ရပ်စဲရေးတို့၊ NCA တို့ ၂၁ ရာစုပင်လုံတို့ဟာ ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေး ဦးတည်ချက်ထားသင့်ပါတယ်။

ဗမာပြည်မှာ ရှိနေတဲ့ ကိစ္စအဝဝ၊ ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ဖို့ဆိုရင် စစ်အုပ်စုကို ဖျက်သိမ်းပစ်ရမယ်။ စစ်အာဏာရှင် စနစ်ကို ဖျက်သိမ်းပစ်ရမယ်။ စစ်အုပ်စုက ချမှတ်ထားတဲ့ ၂၀၀၈ အခြေခံဥပဒေကို ဖျက်သိမ်းပစ်ရမယ်။ အဲ့ဒါမှ ဒီမိုကရေစီလမ်း ပွင့်သွားမှာ ဖြစ်တယ်။ စစ်အုပ်စုဖျက်သိမ်းရေး၊ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေး ဆိုတာတွေဟာ တဆက်တစပ်တည်း ဖြစ်တယ်။ တခုပြီးမှ တခုလုပ်ရတဲ့ဟာမျိုး မဟုတ်ပါ။ ဒါပေမဲ့ လက်တွေ့အစချီချက်ကတော့ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးက အစချီရမှာ ဖြစ်ပါတယ်။ အဲ့ဒါမှ အင်အားစု အားလုံးဟာ ကိုယ့်အခန်းကဏ္ဍကနေ တညီတညွတ်တည်း လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံရေး အင်အားစုအားလုံး (ဥပဒေတွင်း၊ ဥပဒေပ လွှတ်တော်တွင်း၊ လွှတ်တော်ပ) ကိုယ့်အခန်းကဏ္ဍကနေ တညီတညွတ်တည်း လုပ်ဆောင်လိုက်နိုင်ရင် ပြည်သူလူထုကြီးဟာ တခဲနက်ပါဝင်လာနိုင်မှာ ဖြစ်ပါတယ်။ တနည်းအားဖြင့် နိုင်ငံရေးအင် အားစုအားလုံးဟာ လူထုတိုက်ပွဲကြီးမှာ တညီတညွတ်တည်း ပါဝင်လာပြီး လူထု တိုက်ပွဲကို ရဲရဲ ရှေ့ဆောင်သွားကြဖို့ လိုပါ တယ်။ ဒီလို စည်းလုံးညီညွတ်တဲ့အားနဲ့ ၂၀၀၈ အခြေခံဥပဒေကို တိုက်ဖျက်လိုက်နိုင်ရင် အမျိုးသားစည်းလုံးညီညွတ်ရေးဟာ အခြေခံအားဖြင့် တည်ဆောက်နိုင်တာ ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ပန်းတိုင်ကို ရောက်ရှိသွားပါလိမ့်မယ်။ အဲ့ဒီအဆင့်ကို ရရှိတာနဲ့ တပြိုင်တည်း နိုင်ငံတော်သစ်ကို ဒီမိုကရေစီနည်းကျကျ ဘယ်လိုတည် ဆောက်မယ်ဆိုတဲ့ အခြေခံမူတွေကို ဆွေးနွေးချမှတ်နိုင်ပြီး အဲ့ဒီ နိုင်ငံတော်သစ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူတွေကိုလည်း တဆက်တည်း ချမှတ်နိုင်မှာ ဖြစ်ပါတယ်။ အဲ့ဒီလိုသာ လုပ်နိုင်ရင် စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်းပြီးသား ဖြစ်သွားပါလိမ့်မယ်။ ပြည်သူကို အလုပ်အကျွေးပြုတဲ့ တခုတည်းသော တပ်မတော် တရပ်ကိုလည်း တည်ဆောက်သွားနိုင်ပါလိမ့်မယ်။

ဒါပေမဲ့ လုပ်ငန်းစဉ်ဟာ ခက်ခဲပါလိမ့်မယ်။ အကြောင်းက စစ်အုပ်စုဟာ လွယ်လွယ်နဲ့ အာဏာစွန့်မှာ မဟုတ်၊ လွယ်လွယ်နဲ့ စစ်အုပ်စုကို ဖျက်သိမ်းမှာ မဟုတ်လို့ပဲ။ ၂၀၀၈ အခြေခံဥပဒေဟာ စစ်အုပ်စုအတွက် နောက်ဆုံးခံကတုတ် ဖြစ်လို့ အသေအလဲ ခုခံမှာပါပဲ။ ၂၀၀၈ အခြေခံဥပဒေကိုကြည့်ပါ။ ပြင်လို့မရအောင် ရေးဆွဲထားတဲ့ဥပဒေ ဖြစ်တယ်။ အဲဒါအပြင် မရ ရတဲ့နည်းနဲ့ အခြေခံဥပဒေကို ပြင်မယ်ဆိုတဲ့ အခြေအနေပေါ်တာနဲ့ ကာကွယ်ရေးဦးစီးချုပ်က အာဏာသိမ်းနိုင်ခွင့်ပါ လုပ်ထားတဲ့ အခြေခံဥပဒေ ဖြစ်တယ်။

ဒါကြောင့် ၂၀၀၈ အခြေခံဥပဒေကို တိုက်ဖျက်ရာမှာ နည်းမျိုးစုံသုံးရမှာ ဖြစ်တယ်။ ဘယ်နည်းမှာမဆို နိုင်ငံရေး အင်အားစုအားလုံးဟာ လူထုကြီး ပါဝင်လာနိုင်အောင် စည်းရုံးရမယ်။ လမ်းဖွင့်ပေးရမယ်။ ရှေ့ဆောင်ရမယ် ဖြစ်တယ်။ လူထုတိုက်ပွဲကို အားပေးရမယ်။ ရှေ့ဆောင်ရမယ်။ နိုင်ငံရေး အင်အားစု အားလုံးဟာ လူထုကြီးကို အားကိုးရမယ်၊ လူထုလမ်းစဉ်ကို ကျင့်သုံးရမှာ ဖြစ်တယ်။

နိုင်ငံရေးအင်အားစု အားလုံးဟာ လူထုကြီးကို ရဲရဲလှုံ့ဆော်စည်းရုံး ရှေ့ဆောင်ပြီး ကိုယ်သန်ရာနည်းသဏ္ဍာန်နဲ့ ကိုယ့်အခန်းကဏ္ဍကနေ ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေးတိုက်ပွဲမှာ နိုးကြားတက်ကြွစွာ ပါဝင်ကြပါစို့လို့ တိုက်တွန်းလိုက်ပါတယ်။

# ပြည်တွင်းစစ်၊ အကြမ်းဖက်သမားနှင့် ရခိုင်မြောက်ပိုင်းက မွတ်စလင်ပြဿနာ

မတိုးသာမဆုတ်သာဖြစ်နေတဲ့ ၂၁ ပင်လုံ တတိယအကြိမ် အစည်းအဝေး မကျင်းပနိုင်သေးဘဲ၊ တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် NCA (၈ ဖွဲ့) လက်မှတ်ရေးထိုးပွဲ ၂ နှစ်မြောက် အခမ်းအနား (၂၀၁၇ အောက်တိုဘာ ၁၅) ကို ဘူးသီးတောင် – မောင်းတောဘက် ပွဲဆူနေချိန်မှာ နေပြည်တော်တွင် ကျင်းပခဲ့တယ်။ ဒေါ်အောင်ဆန်းစုကြည်က NCA ကို စတင်ဖော်ဆောင်ခဲ့တဲ့ ခေါင်းကိုင် ဖခင်ကြီးအဖြစ် ချီးကျူးစကားပြောကြားသွားတဲ့ သမ္မတဟောင်း ဦးသိန်းစိန် (ဖိတ်ကြားသော်လည်း) မတက်ရောက်ခဲ့ဘူး။ ၂၀၁၅ ရွေးကောက်ပွဲ ခွက်ခွက်လန်ရှုံးနိမ့်ခဲ့ပြီး သွေးသစ်လောင်းထားတယ်ဆိုတဲ့ ကြံ့ဖွံ့ဥက္ကဋ္ဌဦးသန်းဌေးလည်း မတက်ရောက်ဘူး။

ဖိတ်သူဖိတ် မဖိတ်သူမဖိတ် ခွဲခြားခွဲခြားလုပ် ဝတ်ကျေတမ်းကျေလုပ်နေလို့ မြောက်ပိုင်းမဟာမိတ် ၇ ဖွဲ့က မတက်ဘူး။ သံခင်းတမန်ခင်း မရှင်းမလင်းဖြစ်နေလို့ UNFC ၅ ဖွဲ့ကလည်း "ညှိနှိုင်းရန်အချိန် မလုံလောက်" ဆိုတဲ့ အကြောင်းပြချက်နဲ့ မတက်ရောက်ဘူး။

သို့ပင်ဖြစ်သော်လည်း အပစ်ရပ်လက်မှတ်ထိုး ၈ ဖွဲ့နှင့်အတူ သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံ၊ ကာချုပ်မှအစ လွှတ်တော်၊ အစိုးရအဖွဲ့၊ စစ်ဘက်၊ နယ်ဘက်၊ ကော်မတီ – ကော်မရှင်ပေါင်းစုံ၊ နိုင်ငံရေးပါတီများ၊ သံတမန်များ၊ အရပ်ဘက်အဖွဲ့များ၊ ခရီးနီစီးပွားရေးလုပ်ငန်းရှင်များ စသည်ဖြင့် လူစုံတက်စုံ တက်ရောက်ကြပါတယ်။

ရင်ကြားစေ့ အကောင်းမြင် မျှော်လင့်ချက်များဖြင့် တွန်းတွန်းတိုက်တိုက် ကျင်းပခဲ့တဲ့ ဒီပွဲမှာ အဓိကဇာတ်ကောင် ဖြစ်သူကတော့ တပ်ချုပ်မင်းအောင်လှိုင်ပဲ ဖြစ်ပါတယ်။ သူက ပြည်တွင်းစစ်ရပ်စဲရေး – ပြည်တွင်းငြိမ်းချမ်းရေး အပေါ် စစ်အုပ်စုအစဉ်အဆက်ထားရှိတဲ့ တင်းမာတဲ့ သဘောထားကို ထပ်မံဖော်ပြလိုက်ခြင်းဖြင့် တပ်ချုပ်မင်းဆက်ရဲ့ ရပ်တည်ချက်ကို ရှင်းရှင်းပဲပြောသွားခဲ့ပါတယ်။

သူပြောသွားတာက – တပ်မတော်ဟာ ၁၉၈၈ ကစပြီး ၂၀၁၀ အထိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တည်ဆောက်မှုတွေ လုပ်ခဲ့၊ ၂၀၁၁ မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်ခဲ့၊ အမျိုးသားညီလာခံကျင်းပ ဖွဲ့စည်းပုံဥပဒေရေးဆွဲ၊ မြို့နယ်ခရိုင် အုပ်ချုပ်ရေး အဖွဲ့အစည်းတွေ တည်ဆောက်ခဲ့၊ လမ်းပြမြေပုံ ၇ ချက်ဖြင့် ၂၀၁၀ ရွေးကောက်ပွဲကျင်းပ အာဏာလွှဲခဲ့၊ ဒါ့ကြောင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမှာ ဖြစ်တယ်လို့ ဆိုတယ်။ (သတ်ဖြတ်ခဲ့၊ ဖိနှိပ်ခဲ့၊ ဖမ်းဆီးထောင်ချခဲ့၊ ညှဉ်းပန်းနှိပ်စက်ခဲ့၊ လိမ်ခဲ့ညာခဲ့၊ ခိုးခဲ့ဝှက်ခဲ့၊ စည်းစိမ်ခံခဲ့၊ ဂုဏ်သိက္ခာညှိုးနွမ်းဆိုးခဲ့တဲ့ ညောင်နှစ်ပင်ညီလာခံ၊ နာဂစ်ဆန္ဒခံယူပွဲ၊ ကြိုတင်မဲနဲ့မဲလိမ်မဲခိုး ရွေးကောက်ပွဲတွေအကြောင်းနဲ့ မာရှယ်လောနဲ့ပြဋ္ဌာန်းခဲ့တဲ့ ဖောက်ပြန်တဲ့ဥပဒေတွေအကြောင်းတော့ မပြောဘူး။)

လွတ်လပ်ရေးကြိုးပမ်းမှုမှာ သန္ဓေတည်ပေါက်ဖွားလာတဲ့ တပ်မတော်ဟာ အမျိုးသားရေးတာဝန်ကြီးအဖြစ် အရေးသုံးပါးအထိပါးမခံ အမြဲဦးထိပ်ပန်ဆင် ကာကွယ်စောင့်ရှောက်မှာဖြစ်ကြောင်း ဆိုတယ်။ (အချုပ်အခြာအာဏာ – ပြည်ထောင်စု – သွေးစည်းညီညွတ်မှု ဆိုတဲ့ 'အရေးသုံးပါး' အကြောင်းပြလို့ စစ်တပ်က အာဏာသိမ်းခဲ့၊ ပြည်တွင်းစစ်တိုက်ခဲ့၊ ရာသက်ပန်အာဏာကိုင်ထားဖို့ ရည်မှန်းခဲ့ ဆိုတာတော့ ထည့်မပြောဘူး။) (စစ်အုပ်စု မင်းဆက် အဆက်ဆက်အောက်မှာ တိုင်းပြည်ယိုယွင်းပျက်စီးသွား၊ ပြည်သူတွေဆင်းရဲမွဲတေသွား၊ အမျိုးသားဂုဏ်သိက္ခာ နိမ့်ပါးကျဆင်းသွားခဲ့ပြီး အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် ဖြစ်ခဲ့ရတာကိုလည်း ထည့်မပြောဘူး။)

သူဆက်ပြောတာက – NCA စာချုပ်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ (၁) အဓိကအကျဆုံး အခြေခံလုပ်ဆောင်ရမယ့် အချက်ဖြစ်လို့။ (၂) (လက်မှတ်မထိုးရင်) စိတ်မချရဘဲ လက်နက်ကိုင်လမ်းစဉ်ကို ပြန်လည်ဦးတည်သွားနိုင်လို့။ (၃) အစိုးရ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး သဘောတူရေးဆွဲထားလို့ … ပထမဆုံးလျှောက်ရမယ့်ခြေလှမ်းက NCA စာချုပ်မှာ ပါဝင်လက်မှတ်ထိုးခြင်းပဲ ဖြစ်တယ်လို့ ဆိုတယ်။ (NCA ဟာ ၂၀၀၈ ကို မကျော်လွှားနိုင်ရုံတင်မက မူဘောင်ရေးဆွဲရာမှာ မပီမသ လိုရာအဓိပ္ပာယ်ကောက်နိုင်တဲ့ စကားရပ်တွေ ပါနေတာကို ပြင်ဖို့ကြိုးစားတာကို လက်မခံတာ၊ တပ်မတော်ဘက်က တနိုင်ငံလုံး အပစ်အခတ်ရပ်ဖို့ သဘောမတူတာ၊ ညီလာခံမှာ

တန်းတူဆွေးနွေးခွင့်ကို ကန့်သတ်ပိတ်ပင်တာ၊ သွေးခွဲဖို့ကြိုးစားတာစတဲ့စတဲ့ အဖျက်လုပ်ငန်းတွေအကြောင်းတော့ ထည့်မပြောဘူး။)

တပ်ချုပ်မင်းအောင်လှိုင် မိန့်ခွန်းရဲ့ လိုရင်းကတော့ ယခုလိုဖြစ်ပါတယ်။

NCA ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတိုင်းက လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှု မရှိလို့ လက်မှတ်ထိုးစရာမလိုဘူးလို့ ပြောနေတဲ့ အဖွဲ့တချို့ ရှိပါတယ်။

ဒါနဲ့ပတ်သက်ပြီး မသိကျိုးကျွန်ပြုနေရင် ပြည်သူလိုလားတဲ့ ဖယ်ဒရယ်ပြည်ထောင်စုစနစ်ကို ဆန့်ကျင်ခြင်း၊ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်ခြင်း၊ လက်နက်ကိုင်ပြီး "သူတလူငါတမင်း" စနစ်ကို တည်ထောင်လိုခြင်းနှင့် ပြည်ထောင်စုနဲ့ ပြည်ထောင်စုအကျိုးကို မျက်ကွယ်ပြုလိုခြင်းလို့ ယူဆရမှာဖြစ်ပါတယ်။ (ကိုယ့်တရားကိုယ် ထူထောင်ပြီး ဖောက်ပြန်တဲ့ပြည်တွင်းစစ်ကို ဆက်တိုက်ဖို့ အကြောင်းပြချက်ကို ရှင်းရှင်းလင်းလင်း ထုတ်ပြောလိုက်တာဖြစ်ပါတယ်။ ၂၀၀၈ ကို ပြင်ဖို့ မကြိုးစားနဲ့၊ စစ်တပိုင်းအစိုးရ လုပ်ထားတဲ့ NCA ကို လက်မှတ်ထိုးရုံမှတပါး အခြားမစဉ်းစားနဲ့ ဆိုတာကို အတိအလင်း ပြောလိုက်တာ ဖြစ်တယ်။)

ဗိုလ်မင်းအောင်လှိုင်မိန့်ခွန်းမှာ အသစ်အဆန်းတခုမှ မပါပါဘူး။ ပါလာလိမ့်မယ်လို့လည်း စိတ်ကူးယဉ်လို့မရဘူး။ NCA ၂ နှစ်ပြည့်အခမ်းအနားဟာ ၂ နှစ်ပြည့်လို့သာ ကျင်းပတာ အနှစ်မပါ ဗလာသာဖြစ်ကြောင်း သိနေကြပါတယ်။ ယခုလည်း စစ်အုပ်စုရဲ့ ၂၀၀၈ အောက်က အခွင့်ထူးခံအဆင့်နေရာကို နည်းနည်းမှ အထိခံမှာ မဟုတ်ကြောင်း အာဏာလက်ရှိ တပ်ချုပ်ကလေးက ထပ်မံသတိပေးလိုက်တာပဲ ဖြစ်ပါတယ်။

ဘူးသီးတောင် မောင်းတောအရေးအခင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိ ရောက်ရှိပြီး သိန်းအချို့သော ဒုက္ခသည် ရွှေ့ပြောင်းမှုကြီး ဖြစ်ပွားလာတဲ့အတွက် ဗမာပြည် အရပ်သားတပိုင်း – စစ်တပိုင်းအစိုးရ ပုံရိပ် ထိခိုက်ကျဆင်းနေချိန်မှာ NCA ၂ နှစ်မြောက်အခမ်းအနား ကျင်းပခဲ့တာလည်း ဖြစ်ပါတယ်။

ဘူးသီးတောင် – မောင်းတောပြဿနာဟာ အရင်းခံအားဖြင့် အုပ်စိုးသူအဆက်ဆက်ရဲ့ ကိုယ်ကျိုးကြည့် လုပ်ရပ်များကြောင့် ဖြစ်ပါတယ်။ နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေးမှာ လျော့ရဲလာခဲ့တယ်။ ဒီကိစ္စဟာ လူမှုရေးပြဿနာ ပြည်တွင်းရေး ပြဿနာဖြစ်လို့ မိမိအချုပ်အခြာအာဏာအောက်မှာ နည်းမှန်လမ်းမှန် ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းလို့ ရတယ်။ အစိုးရအဆက်ဆက် အကိုင်အတွယ်ညံ့ဖျင်းလို့ (အာဏာနဲ့နွယ်တဲ့ နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်ခဲ့ကြလို့) ပြည်တွင်းမှာ နိုင်ငံရေးပြဿနာ အဖြစ်လည်းကောင်း ပြည်ပမှာ လူ့အခွင့်အရေးပြဿနာ အဖြစ်လည်းကောင်း ကြီးထွားလာတယ်။ ဒီအရှုပ်ထုပ်ဟာ လွယ်လွယ်နဲ့ရှင်းလို့ မရနိုင်တော့ဘူး။ ဒီအရေးကိစ္စကြောင့် အိမ်နီးနားချင်းတွေရော၊ အဝေးက အင်အားကြီးတွေပါ ဝင်ပါလာကြတာ ကောင်းတဲ့ကိစ္စ မဟုတ်ပါ၊

ဒေါ်အောင်ဆန်းစုကြည်က ဝင်ရှင်းပါတယ်။ အာနန်ကော်ဖီအရှင်ရဲ့ အကူအညီလည်း ယူပါတယ်။ စစ်အုပ်စုက ဒီချုပ်ကို အကျပ်ကိုင်ဖို့ နိုင်ငံရေးကစားကွက်အဖြစ် အသုံးချပါတယ်။ ဒါပေမဲ့ ရလဒ်က ပြောင်းပြန်ဖြစ်ရုံတင်မက နိုင်ငံတကာပြဿနာအဖြစ် ကြီးထွားသွားခဲ့လို့ ပြည်ပစွက်ဖက်မှုကို လက်ယပ်ခေါ်သလို ဖြစ်နေပါတယ်။ ဆက်မိုက်နေရင် ကျဆုံးနိုင်ငံ Failed State ဖြစ်သွားပါလိမ့်မယ်။

သီတာထွေးအမှုက ဖွလိုက်တဲ့ ရခိုင်နဲ့မွတ်စလင် အဓိကရုဏ်းဟာ တပြည်လုံး ပြန့်သွားခဲ့တယ်။ ဇဖဇ မဘသ၊ မျိုးစောင့် မျိုးချစ် ကြေးစား၊ အစွန်းရောက် ဘာသာရေး – လူမျိုးရေး သွေးထိုးမှု၊ ဒန်ပေါက်သပိတ်၊ ဒေါသထွက်နေသော လူအုပ်ကြီး၊ လက်ပတ်နီ စသဖြင့် တန်ပြန်တော်လှန်ရေး အကြမ်းဖက်လုပ်ငန်းတွေ တစတစ ကြီးထွားလာပါတယ်။ ဒေါ်ခင်ဝင်း၊ ကိုပါကြီး စသည့် လူသတ်မှုများမှတဆင့် ဦးကိုနီကို ပြောင်လုပ်ကြံသတ်ဖြတ်မှုကဲ့သို့ ဂိုဏ်းဖွဲ့လုပ်ကြံတဲ့ မာဖီးယားအကြမ်းဖက်မှုတွေ ပေါ်ပေါက်လာတယ်။

အကြမ်းဖက်ယန္တရားဟာ ဥပဒေတွင်းမှာကော ဥပဒေပမှာပါ ပေါ်ပေါက်နေတယ်။

ဦးကိုနီကို လုပ်ကြံတဲ့ မာဖီးယားဂိုဏ်းမှာ စစ်ဗိုလ်လူထွက်တွေ ပါဝင်ပြီး ကွင်းဆက်ကျတဲ့ တရားခံဟာ နေပြည်တော် ပရဆေး ဥယာဉ်အနီးမှာ ခြေရာပျောက်သွားတယ်။

ကြံ့ဖွံ့ဝန်ကြီးဟောင်းတဦးဖြစ်သူရဲ့သား ခရိုနီသူဌေးတဦးနဲ့ အပေါင်းပါများထံမှ လက်နက်များနှင့် လက်နက်ကိုင် အဖွဲ့အစည်း တရပ်ရဲ့ အဆင်တန်ဆာများ ဖမ်းမိတဲ့သတင်း ထွက်ပေါ်လာတယ်။

ဒါတွေက အကြောင်းအားလျော်စွာ ဖုံးမရလို့ ပေါ်လာတာတွေပါ။ ရင်ကြားစေ့ရေးအတွက် ပျော်ရွှင်စရာကောင်းတဲ့ သတင်းတွေတော့ မဟုတ်ပါဘူး။ ၂၀၀၈ အောက်မှာ အာဏာယန္တရား တစုံလုံးဟာ စစ်အုပ်စုလက်ထဲမှာ ရှိတယ်ဆိုတာ မမေ့ဖို့ လိုပါတယ်။ ဂျွန်ဦးစောတွေ၊ စိန်လွင်တွေ ထပ်မံပေါ်ပေါက်လာနိုင်ပါတယ်။

တကယ်က စစ်အုပ်စုဟာ အချုပ်အခြာကို ကာကွယ်နေတာ မဟုတ်ပါဘူး။ သူတို့လုယက်ထားတဲ့ အာဏာနဲ့ ခိုးဝှက်ထားတဲ့ စည်းစိမ်ဥစ္စာကို ကာကွယ်နေတာ ဖြစ်ပါတယ်။ ၂၀၀၈ အောက်မှာ သူတို့ တကျော့ပြန် အာဏာသိမ်းနိုင်ဖို့ ဒီချုပ်အစိုးရကို ဖိအားပေး အကျပ်ကိုင်နေတာလည်း ဖြစ်ပါတယ်။ အရပ်သားတပိုင်း အစိုးရ အနေနဲ့ (ဗမာပြည်ရဲ့ ပထမဆုံး ပါလီမန်ဒီမိုကရေစီ ဝန်ကြီးချုပ်နဲ့ လွတ်လပ်ရေးခေတ် ဖဆပလ ဥက္ကဋ္ဌကြီး) ဦးနုရဲ့ 'ငါးနှစ်ရာသီ ဗမာ

ပြည်’ နဲ့ ‘ရက်စက်ပါပေ့ကွယ်’စာအုပ်များကို ကြေညက်အောင် ဖတ်ထားဖို့လည်း လိုပါလိမ့်မယ်။ ဂျပန်ခေတ် ရုပ်သေးအစိုးရလိုမျိုး မဖြစ်စေချင်ပါ။ တခါ ဦးနုလိုဘဝမျိုး မကျရောက်စေချင်ပါ။

ဗမာပြည်ရဲ့ တပ်ချုပ်မင်းဆက်သမိုင်းကို နည်းနည်းပြန်ကြည့်ရင်ပဲ စစ်အုပ်စုဘယ်လမ်းကို လျှောက်မယ်ဆိုတာ သိနိုင်ပါတယ်။ ဖဆပလ – ပထစ လက်ထက်တုန်းက တပ်ချုပ်တွေ ဒါလောက်တန်ခိုး မထွားသေးပါ။

စစ်အုပ်စုအစဉ်အဆက် နိုင်ငံရေးအတိုက်အခံမှန်သမျှ တောထဲနဲ့ထောင်ထဲ မောင်းပို့ပြီး ပြည်တွင်းစစ်ကို မီးမွှေးခဲ့တယ်။ ပြည်တွင်းစစ်ကို အမှီပြုပြီး စစ်ဗျူရိုကရက်လူတန်းစား ကြီးထွားလာတယ်။ ငြိမ်းချမ်းရေးနဲ့လုံခြုံရေး တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးရေးဆိုတာ စစ်အာဏာရှင်စနစ်အောက်မှာ အလှမ်းဝေးနေဦးမှာ ဖြစ်ပါတယ်။ ၂၀၀၈ ကို မဖျက်သိမ်းနိုင်သမျှ စစ်အာဏာရှင်အရိပ် မိုးနေမှာဖြစ်ပြီး ဒီမိုကရေစီနေရောင်ခြည်ကို မြင်တွေ့ရမှာ မဟုတ်ပါဘူး။

ဘယ်လိုအခြေအနေဖြစ်ဖြစ်၊ ဘယ်လောက်ရှုပ်ထွေးရှုပ်ထွေး ပန်းတိုင်ကို မျက်ခြည်မပြတ်ဖို့ အတားအဆီးကို လျှော့မတွက်ဖို့ လိုပါတယ်။ ရန်သူရဲ့ ကစားကွက်ထဲမှာ မျက်စေ့လည်ပြီး အဖိနှိပ်ခံချင်း ခလုတ်တိုက်မနေမိဖို့ လိုပါတယ်။ နည်းပရိယာယ်ပိုင်းမှာ ရန်သူကို အထင်မသေးပါနဲ့။ သေနင်္ဂဗျူဟာအရတော့ ရန်သူဟာ စက္ကူကျားပါပဲ။ ဖြေရှင်းမရတဲ့ သေရာပါ အကျပ်အတည်းတွေ တပုံကြီးနဲ့ပါ။

‘ပြည်သူနှင့်အတူ’ ဆိုပေမယ့် လူထုကို ရှင်းလင်းတဲ့အတွေးအခေါ်နဲ့ မှန်ကန်တဲ့ တိုက်ပွဲလမ်းကြောင်းအတိုင်း ဦးဆောင်မသွားနိုင်ရင် ဒီမိုကရေစီဆိုတာဟာ ရွှေလည်ပြီး တိုင်ပတ်နေပါလိမ့်မယ်။ လူထုမှာ မကုန်ခန်းနိုင်တဲ့ အင်အားတွေရှိတယ်။ လူထုဟာ သမိုင်းဖန်တီးသူဖြစ်တယ်ဆိုတဲ့ ယုံကြည်ချက်ကို လေးနက်ဖို့လိုပါတယ်။

(၂၀၁၇ အောက်တိုဘာ ၁၉)

---

**စစ်အုပ်စုဟာ အချုပ်အခြာကို ကာကွယ်နေတာ မဟုတ်ပါဘူး။**
**သူတို့လုယက်ထားတဲ့ အာဏာနဲ့ ခိုးဝှက်ထားတဲ့ စည်းစိမ်ဥစ္စာကို ကာကွယ်နေတာ ဖြစ်ပါတယ်။**

# စစ်အုပ်စုအကျိုးစီးပွား အမြင်အမြော်နဲ့
# တိုင်းပြည်အရေး အမြော်အမြင်

**တိုင်းပြည်ကို ခေါင်းဆောင်မယ်ဆိုရင်**
**တိုင်းရေးပြည်ရေးအမြော်အမြင်လိုအပ်တယ်။**

တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူများရဲ့ အမြော်အမြင်ကင်းမဲ့မှု (သို့မဟုတ်) အမြော်အမြင်ရှိမှုတို့က တိုင်းပြည်အပေါ် ကောင်းကျိုးဆိုးကျိုး ဘယ်လောက်ထိ ရိုက်ခတ်နိုင်ကြောင်း ဒီနေ့ကာလမှာ ပိုပြီးအထင်အရှား တွေ့မြင်နိုင်ပါတယ်။ ဒီနေ့ ရခိုင်ပြည်နယ် မောင်းတောမှာ ဖြစ်နေတဲ့ ပြဿနာတွေကို ကြည့်ပါ။ ဦးသိန်းစိန်အစိုးရအပါအဝင် ခေတ်အဆက်ဆက် စစ်အစိုးရများနဲ့ အုပ်စိုးသူများ အမြော်အမြင်ကင်းမဲ့ခဲ့လို့၊ ကိုယ်ကျိုးစီးပွားနဲ့ အာဏာအကျိုးစီးပွားတွေအတွက် ခေတ်အဆက်ဆက် ပဋိပက္ခတွေ၊ အမုန်းတွေ၊ ရန်ငြိုးရန်စတွေ စတဲ့ မီးစတွေ ပျိုးခဲ့၊ မီးမွေးခဲ့လို့ ဒီနေ့မှာ မီးတောက်ပိုမို ကြီးထွားလာပြီး နိုင်ငံတကာ အဝန်းအဝိုင်းရဲ့ လက်ညှိုးထိုး ပြစ်တင်ရှုတ်ချမှုတွေကို ပိုမိုခံလာနေရတာ ဖြစ်ပါတယ်။

လူတယောက်ရဲ့ ဘဝနဲ့ဆိုင်တဲ့ အမြော်အမြင် ကင်းမဲ့မှု (သို့မဟုတ်) အမြော်အမြင်ရှိမှုတို့က လူတယောက်ရဲ့ ဘဝနဲ့ပဲ ဆိုင်မှာဖြစ်ပေမယ့် တိုင်းပြည်အုပ်ချုပ်သူများရဲ့ အမြော်အမြင် ကင်းမဲ့မှု၊ အမြော်အမြင်ရှိမှုတို့ဟာ တိုင်းပြည်တခုလုံး၊ သန်းပေါင်းများစွာ ရှိတဲ့ ပြည်သူတွေအားလုံးရဲ့ အကျိုးစီးပွားနဲ့ တိုက်ရိုက် သက်ဆိုင်နေပါတယ်။ ဒီနေ့ ရခိုင်ပြည်နယ် မောင်းတောက ပြဿနာတွေဟာ ကုလသမဂ္ဂအပါအဝင် အင်အားကြီးနိုင်ငံတွေရဲ့ သဘောထားအမြင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်နေရတာမို့ လက်ရှိ တိုင်းပြည်ရဲ့ ခေါင်းဆောင်မှုကို တာဝန်ယူထားသူများအနေနဲ့ အမြော်အမြင်ရှိရှိ ဖြေရှင်းတာ မလုပ်နိုင်ရင် ယခုအခြေအနေလို တိုင်းပြည်ဂုဏ်သိက္ခာ ကျဆင်းလာရတဲ့ အဖြစ်မျိုးသာမက တိုင်းပြည်ဟာ ကျရှုံးနိုင်ငံ ဖြစ်တည်သွားတာမျိုး ဖြစ်စေနိုင်ပါတယ်။ တရုတ်ပြည်အင်အားချည့်နဲ့နေတုန်းက တရုတ်ဖရဲသီးကို အင်အားကြီးနိုင်ငံတွေက အစိတ်စိတ်ခွဲဖို့ ကြိုးပမ်းခဲ့ကြသလို အခုလည်း ဗမာပြည်က သွေးစတရဲရဲနဲ့ အမဲသားတစ်ကို ဟိုက ဒီက ဝင်ဆွဲဖို့ စောင့်နေကြသူတွေလည်း ရှိနေပါတယ်။

**တိုင်းပြည်ရဲ့ အမြော်အမြင်ဟာ နိုင်ငံတကာ့အရေး အမြော်အမြင်၊ ပထဝီနိုင်ငံရေးအမြော်အမြင်တို့နဲ့လည်း သက်ဆိုင်ပါတယ်။**

ဗမာပြည်ဟာ ကမ္ဘာစစ်ကြီး ၂ ကြိမ်မှာ ၂ ကြိမ်စလုံး စစ်ရဲ့ဒဏ်ကို အလူးအလဲ ခံခဲ့ရပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ပိုခံရပါတယ်။ အရှေ့တောင်အာရှမှာ ဒုတိယကမ္ဘာစစ်ရဲ့ဒဏ်ကို အခံရဆုံးလို့တောင် ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ဗမာပြည်ကွန်မြူနစ်များအပါအဝင် တိုင်းပြည်ရှိ လူငယ်နိုင်ငံရေးခေါင်းဆောင်များရဲ့ အမြော်အမြင်ရှိမှုကြောင့် ဖက်ဆစ်ဂျပန်ရဲ့ ဖက်ဆစ်ဘီလူး ဇာတိရုပ်ကို ဂျပန်ဝင်မလာမီကတည်းက သိရှိထားပြီး ပြည်သူလူထုကို ဖက်ဆစ်ဂျပန်ရဲ့ ဆိုးယုတ်မှုတွေကို နဖူးတွေ့ဒူးတွေ့ မတွေ့မီ စောစွာကတည်းက ပညာပေးထားနိုင်ခဲ့ပြီး ဖက်ဆစ်ဂျပန်တို့ကို မောင်းထုတ်နိုင်ရေးအတွက် မှန်ကန်တဲ့လမ်းစဉ်ကို ချမှတ်ကာ လူထုကို စည်းရုံးနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ဗမာပြည်သူများ အောင်မြင်စွာ ဆင်နွှဲနိုင်ခြင်း ဖြစ်ပါတယ်။ (လီနင်ဦးဆောင်တဲ့ ဗော်ရှီဗစ်ပါတီဟာလည်း နယ်ချဲ့သံကြိုးကွင်းဆက် ချည့်နဲ့တဲ့ ရုရှားပြည်မှာ တော်လှန်ရေးအောင်ပွဲခံနိုင်ကြောင်း မြော်မြင်ထောက်ရှုနိုင်ခဲ့လို့ အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံနိုင်တာ ဖြစ်ပါတယ်။ ဒါဟာလည်း နိုင်ငံတကာ့အခြေအနေကို သုံးသပ်ဆင်ခြင်ပြီး မိမိတိုင်းပြည်အတွက် မြော်မြင်ဆောင်ရွက်နိုင်ခဲ့တဲ့ ဖော်ပြချက်တခုပါ။)

ဗမာပြည်ရဲ့ နောက်ပိုင်းခေတ်တွေမှာလည်း နိုင်ငံတကာ့အခြေအနေကို မြော်မြင်ကြည့်ရှုပြီး မိမိတိုင်းပြည်အတွက် မြော်မြင်တွေးခေါ်နိုင်ရေးဟာ ဆက်လက် လိုအပ်နေသေးတာပါပဲ။ ပထဝီနိုင်ငံရေးအရ ကိုယ့်တိုင်းပြည်ဟာ နိုင်ငံကြီးနှစ်နိုင်ငံကြားမှာ တည်ရှိနေတာမို့ နိုင်ငံကြီးတွေရဲ့ ကစားပွဲမှာ အနေမတတ်ရင် ကြားညှပ်ခံရနိုင်တဲ့အန္တရာယ်ရှိကြောင်း ဗကပက ၂၁ ရာစုသို့ လှမ်းဝင်လာချိန်ကတည်းက (ပြည်သူ့အာဏာဂျာနယ်၊ အရေးတော်ပုံဂျာနယ်နဲ့ ၂၁ စာစဉ်တို့မှတဆင့်) သတိပေး ထောက်ပြတာ လုပ်ခဲ့ပါတယ်။ တကြိမ်မက အကြိမ်ကြိမ် သတိပေးထောက်ပြခဲ့တာပါ။ သတိပေးထောက်ပြမှုနဲ့အတူ အမြော်အမြင်ရှိကြဖို့ တောင်းဆိုခဲ့ပါတယ်။

တရုတ်ပြည်ကို ဝိုင်းပတ်ချေမှုန်းဖို့ ရည်ရွယ်ချက်ရှိတဲ့ အနောက် အင်အားကြီးနိုင်ငံတွေကြောင့် တရုတ်ပြည်ဝိုင်းပတ်ရေးမှာ ဗမာပြည်က အသုံးချခံမဖြစ်ရေး၊ တရုတ်ပြည်ရဲ့ အနောက်တောင် ခြံစည်းရိုးနားမှာ ရှိနေတဲ့ ဗမာပြည်ဟာ စစ်ခြေနင်းခုံမဖြစ်ရေး၊ မြေစာပြင်မဖြစ်ရေး၊ စစ်တလင်းမဖြစ်ရေးတို့ဟာ တိုင်းပြည်အုပ်ချုပ်သူများရဲ့ အမြော်အမြင်ရှိမှုနဲ့ သက်ဆိုင်ကြောင်း ပြောခဲ့ပါတယ်။

အမေရိကန်ရဲ့ အရှေ့အာရှ ပေါ်လစီ ပြောင်းလဲလာမှုနဲ့ အတူ ဗမာပြည်အပေါ် ပေါ်လစီပြောင်းလဲလာတာနဲ့ အချိန်ကိုက် ဦးသိန်းစိန်တို့ကလည်း အမေရိကန်နဲ့ ရင်ကြားစေ့ချင်နေတယ်။ သူတို့အပေါ် ဒဏ်ခတ်ပိတ်ဆို့ထားတာတွေကနေ လွတ်ကင်းချင်လာတယ်။ ဒီတော့ အမေရိကန်၊ ဥရောပသမဂ္ဂ (EU) ကိုယ်စားလှယ်တွေကို လက်ကမ်းဖွင့် ကြိုဆိုခဲ့ကြတယ်။ အမေရိကန်ဘက်ကလည်း ဦးသိန်းစိန်အစိုးရလက်ထက်ကတည်းက စီအိုင်အေ ညွှန်မှူးကို လွှတ်ချင်တာ။ ဦးနေဝင်းလက်ထက်ကလို စစ်တပ်ထဲမှာ သူ့သင်တန်းဆင်း စစ်အရာရှိတွေ မွေးပေးခဲ့သလို သည်ဘက်ခေတ်မှာလည်း သူ့သင်တန်းဆင်း လူသစ်တွေ မွေးပေးချင်နေတာ။ နောက်ပိုင်းကျတော့ အမေရိကန်သမ္မတလည်း လာ၊ နိုင်ငံခြားရေးဝန်ကြီးလည်း လာ။ ဒါတင်မက လမ်းပေါက်သွားပြီဖြစ်တဲ့ ဗမာပြည်ကို စီအိုင်အေဝန်ထမ်းတွေ၊ NGO တွေ ဝင်လာမစဲ ပွဲတော်ကြီးကိုဖြစ်လို့။ အမြော်အမြင်ရှိဖို့ သတိပေးတာတွေ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်အုပ်စုက သူ့ကိုယ်ကျိုးအတွက်ပဲ မြင်မြော်ပြီး တိုင်းပြည်အတွက် မြော်မြင်တာ မရှိခဲ့လို့ ဒီကိစ္စကလည်း ဗမာပြည်ရဲ့ အနာဂတ်အရေးအတွက် ရင်လေးစရာပါ။

**ကိုယ့်တိုင်းပြည်တွင်းမှာ မီးမွေးနေခြင်းဟာ**
**အမြော်အမြင်ကင်းမဲ့မှု ဖြစ်တယ်**

ကိုယ့်တိုင်းပြည်တွင်းမှာ မီးစမပျိုးမိဖို့ မီးမပျိုးမိဖို့ လိုအပ်ပါတယ်။ ပြည်တွင်းစစ်မီး၊ ဘာသာရေးမီး၊ လူမျိုးရေးမီး စတဲ့ အန္တရာယ်ကြီးလှပြီး ငြိမ်းသတ်လို့ မလွယ်နိုင်တဲ့ မီးတွေကို ကိုယ်တိုင်က မီးမွေးနေရင် တိုင်းပြည်နဲ့ ပြည်သူတရပ်လုံးရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဘယ်လိုမှ ရရှိနိုင်မှာမဟုတ်ဘဲ တိုင်းပြည်အနေနဲ့ ပိုမိုချည့်နဲ့လာဖို့သာ ရှိပါတယ်။ ဗမာပြည်မှာ ဖဆပလ ခေတ်ကတည်းက ပြည်တွင်းစစ်မီးကို မွေးလာခဲ့လို့ ဗမာပြည်သူတရပ်လုံး နှစ်ပေါင်း ၆၀ ကျော်ကြာ ဆင်းရဲဒုက္ခတွင်းက ရုန်းမထွက်နိုင်သေးဘဲ အသက်အိုးအိမ်စည်းစိမ်တွေ မရေမတွက်နိုင်အောင် ဆုံးရှုံးခဲ့ရပါတယ်။ ဒီလို ထင်ရှားသိသာတဲ့ ပြည်သူတွေရဲ့ ဆင်းရဲဒုက္ခကို မျက်ကွယ်ပြု လျစ်လျူရှုပြီး ပြည်တွင်းစစ်ကို မီးလောင်ရာလေပင့်၊ ဓာတ်ဆီလောင်းတဲ့ အလုပ်မျိုး ဆက်လက်ကျူးလွန်နေတဲ့ အာဏာပိုင်တွေဟာ အမြော်အမြင်ကင်းမဲ့ ရုံမက ကမ်းကုန်အောင် မိုက်တွင်းနက်သူများလို့ ပြောသင့်ပါတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအခြေအနေဟာ လက်ရှိအချိန်အထိ အားတက်စရာ အခြေအနေသို့ မရောက်ရှိနိုင်သေးပါ။ ဦးနေဝင်း အမြော်အမြင်ကင်းမဲ့စွာ တရုတ် – ဗမာ အရေးအခင်းကို ဖန်တီးမီးမွေးခဲ့ပြီးတဲ့နောက်ပိုင်းမှာ တရုတ်ရဲ့ ဒဏ်ခတ်မှုကို ထိတ်လန့်လာပြီး ဦးနေဝင်းကိုယ်တိုင် တရုတ်ပြည်ကို သွားရောက်တောင်းပန်မှု ပြုရတဲ့ သမိုင်းဖြစ်ရပ်လည်း အထင်အရှား ရှိခဲ့တာပါ။ မဆလ ခေတ်မှစပြီး ခေတ်အဆက်ဆက် စစ်အုပ်စု စစ်အာဏာပိုင်တွေက အမျိုးသားရေးအစွန်းရောက် အယူအဆများကို စနစ်တကျဖြန့်ချိ၊ အမျိုးသားရေးအစွန်းရောက် လှုပ်ရှားမှုများကို ဆောင်ရွက်မယ့်အင်အားစုများကို စနစ်တကျ မွေးမြူကာ လိုအပ်ရင် လိုအပ်သလို လူမျိုးရေး ဘာသာရေး ပဋိပက္ခများ မီးမွေးဖန်တီးနေကြတာ ဒီနေ့အထိပဲ ဆိုတာ လူအများက သိရှိနားလည်နေကြပါပြီ။

တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာကို ပါးစပ်က တဖွဖွ ရွတ်ဖတ်သရဇ္ဈာယ်နေပေမယ့် အရှေ့တံခါးဖြစ်ဖြစ် အနောက်တံခါးဖြစ်ဖြစ် တိုင်းပြည်ရဲ့ နယ်နိမိတ်ကို အခိုင်အမာ ကာကွယ်ခြင်း မပြုတာ၊ တိုင်းပြည်ရဲ့ ခြံစည်းရိုးအခြေမှာကပ်ပြီး ဖြစ်ပေါ်နေတဲ့ ရန်မီး၊ ပဋိပက္ခမီးတွေကို ငြိမ်းအေးအောင် အမြော်အမြင်ရှိရှိ ဖြေရှင်းတာမဟုတ်ဘဲ တိုးချဲ့လောင်ကျွမ်းစေခြင်းဟာလည်း အမြော်အမြင်မဲ့မှုကို ဖော်ပြတာ ဖြစ်ပါတယ်။

**လူတန်းစားအကျိုးစီးပွားဟာ အမြော်အမြင်နဲ့သက်ဆိုင်တယ်။**

၄၈ ခုနှစ် မတိုင်မီက ဗမာပြည်နိုင်ငံရေးသမား အများပိုင်းဟာ တိုင်းပြည်လွတ်လပ်ရင် ဆိုရှယ်လစ်နိုင်ငံထူထောင်ရမယ်လို့ မြော်မြင်ခဲ့ဖူးတယ်။ ဗမာပြည်ရှိ အလုပ်သမား၊ လယ်သမားနဲ့ မြို့နေဆင်းရဲသားအစရှိတဲ့ ပြည်သူလူထုအများစုရဲ့ အနာဂတ်အကျိုးစီးပွားကို တွေးခေါ်မြော်မြင်ခဲ့ကြတာ ဖြစ်တယ်။ (မာ့က်စ်တို့ လီနင်တို့က ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် တည်ဆောက်ဖို့ ပြောခဲ့တာဟာလည်း ပစ္စည်းမဲ့လူတန်းစားအကျိုးစီးပွားဘက်က

ရပ်တည်မြော်မြင်ပြီး ပြောခဲ့တာပါ။) ဒါပေမဲ့ အာဏာရ ဖဆပလ အစိုးရဟာ ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို တိုက်ခဲ့တယ်။ ဗကပ ဟာ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေးကို ဆင်နွှဲခဲ့ရတယ်။ အုပ်စိုးသူတွေက သူ့လူတန်းစား အကျိုးစီးပွားအတွက် တန်ပြန်တော်လှန်ရေးကို ဆင်နွှဲခဲ့တယ်။ နောက်တခါ ဗိုလ်နေဝင်းက အတုအယောင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဆိုတာကို ဖန်တီးပြီး အစစ်အမှန် ဆိုရှယ်လစ်စနစ်ကို တိုက်ခိုက်ဖျက်ဆီးခဲ့ပြန်တယ်။

ရှေ့ဝတီကို ကယ်တင်ကြဖို့ ဗကပ က အရေးတော်ပုံ ဂျာနယ် အတွဲ (၁) အမှတ် (၄) (၂၀၁၁) ခုနှစ်မှာ သတိပေးခဲ့တယ်။ ရှေ့ဝတီတိမ်ကောရင် တိုင်းပြည်တိမ်ကောမယ်ဆိုပြီး တင်ပြခဲ့တာပဲ။ ဗမာပြည် ပြည်သူလူထုအများစု အဖိနှိပ်ခံလူထုဘက်က ရပ်တည်ပြောခဲ့တာပဲ။ နစတ/နအဖ လက်ထက်မှာ သစ်တောတွေကို အမြော်အမြင် ကင်းမဲ့စွာ ခုတ်လှဲခွင့်ပြုခဲ့လို့ ဖြစ်လာတဲ့အကျိုးဆက်လို့ ထောက်ပြခဲ့တယ်။ ရေကာတာ စီမံကိန်းတွေလုပ်မယ်ဆိုရင် တိုင်းပြည်ရဲ့အနာဂတ်အကျိုးစီးပွားအတွက် အမြော်အမြင်ရှိရှိ စဉ်းစားဖို့ တိုင်းပြည်အုပ်ချုပ်သူတွေကို သတိပေးခဲ့တယ်။ ဒါပေမဲ့ စစ်အုပ်စုဟာ သူတို့အကျိုးစီးပွားအတွက် မြစ်ဆုံစီမံကိန်းကို အမြော်အမြင်ကင်းမဲ့စွာ လက်ခံသဘောတူခဲ့တယ်။ လက်ပံတောင်းတောင် ဒေသ ကြေးနီစီမံကိန်းဟာလည်း အလားတူပါပဲ။ ဦးပိုင်ကုမ္ပဏီ အကျိုးစီးပွားအတွက် ဒေသခံပြည်သူတွေရဲ့အကျိုးစီးပွားကို မျက်နှာလွှဲ ခဲပစ် လုပ်ခဲ့တာပဲ။ ဒါသာမက သံဃာတော်တွေနဲ့ ပြည်သူတွေကို မီးလောင်ဗုံးပစ်သွင်းဖိနှိပ်ခဲ့တယ်။ အဆက်မပြတ် စစ်တပ်၊ ပုလိပ် တပ်အင်အားနဲ့ ဒေသခံပြည်သူတွေကို သေနတ်နဲ့ပစ်သတ်တာ၊ မြေယာတွေကို နိုင်ထက်စီးနင်း မတရားကျူးကျော်ထိပါးတာတွေ၊ လုယက်တာတွေ ဆက်လုပ်နေဆဲ ဖြစ်တယ်။ ကြေးနီစီမံကိန်းသာမက ဗမာပြည်ရှိ သယံဇာတ၊ တွင်းထွက်ရတနာ၊ သစ်တောနဲ့ ရေမြေပါမကျန် သူတို့အကျိုးစီးပွားအတွက် ထင်သလို လက်ညှိုးထိုး ရောင်းစား၊ သိမ်းပိုက်လုယက်နေကြတာတွေဟာ တိုင်းပြည်ရဲ့ တန်ဖိုးမှန်သမျှ ပြောင်သလင်းခါအောင် ဖြုန်းတီးပစ်နေခြင်းပါပဲ။ တိုင်းပြည်အတွက် အမြော်အမြင်မထားဘဲ ကိုယ်ကျိုးစီးပွားနဲ့ ကိုယ့်လူတန်းစားအကျိုးပွားအတွက်သာ မြင်မြော်တတ်ကြသူတွေလို့ပဲ ဆိုရပါလိမ့်မယ်။

## စစ်အုပ်စုရဲ့ မြင်မြော်မှုနဲ့ တိုင်းပြည်အတွက် အမြော်အမြင်

တိုင်းပြည်အကျိုးစီးပွားကို နည်းနည်းလေးမှ မထောက်ထား၊ သူတို့ရဲ့ ရေရှည်ကိုယ်ကျိုးစီးပွားအတွက်သာ မြင်မြော်နိုင်ကြပုံကို ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကို ကြည့်ရင် အထင်အရှားတွေ့နိုင်ပါတယ်။ ဒီ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံဟာ သူတို့ စစ်အုပ်စုမျိုးဆက်သားစဉ်မြေးဆက်အာဏာရရေးကို မြင်မြော်ထားပြီး ပြည်သူ့အကျိုးစီးပွားကို နည်းနည်းလေးမှ မြော်မြင်ထောက်ထားခြင်း မရှိပါဘူး။ ဒီနေ့ ပြည်သူလူထု ဆင်းရဲဒုက္ခမျိုးစုံနဲ့ ပြဿနာပေါင်းစုံရဲ့ ဖိထောင်းမှု အောက်မှာ ဒုက္ခရောက်နေရခြင်းရဲ့ အဓိက တရားခံဟာ စစ်အုပ်စုနဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံပဲ ဖြစ်ပါတယ်။

စစ်အုပ်စုဟာ ကိုယ်ကိုယ်တိုင်ရဲ့ အကျိုးစီးပွား၊ ကိုယ့်နောက်လိုက် လက်တဆုပ်စာ လူတစုနဲ့ ခရိုနီတွေရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားနေမှုကို ဖယ်ရှားမပစ်နိုင်သေးသရွေ့ တိုင်းပြည်အတွက် စစ်မှန်တဲ့ အမြော်အမြင်ကို ထားရှိနိုင်မှာ မဟုတ်ပါ။ ဒါကြောင့်လည်း ပြည်တွင်းစစ် ဆက်လက် ဖြစ်ပွားနေရတယ်။ ပြည်သူလူထုဟာ စစ်အုပ်စုရဲ့ ဖိနှိပ်မှုကို ဆက်လက်ခံနေရတယ်။ တိုင်းပြည်ရဲ့ အကျိုးစီးပွားတွေ လက်ညှိုးထိုး ရောင်းစားတာ ခံနေရတယ်။ ရခိုင်ပြည် မောင်းတောဒေသမှာ ပြဿနာတွေ တဆင့်တိုး ကြီးထွားလာနေတယ်။

စစ်အုပ်စုရဲ့ ကိုယ်ကျိုးစီးပွား၊ ကိုယ့်အာဏာအကျိုးစီးပွားအတွက် ခံယူထားတဲ့ အမြင်အမြော်တွေ တိုက်ဖျက်ဖယ်ရှားပြီး လူမျိုးရေး ဘာသာရေးခွဲခြားမှုမရှိဘဲ၊ တန်းတူညီမျှ သဘောထားတဲ့ စိတ်ဓာတ်၊ သမာသမတ်ကျတဲ့ စိတ်ဓာတ်၊ တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ အနာဂတ်အရေးကို အလေးထား ထောက်ရှုစဉ်းစားတဲ့ စိတ်ဓာတ်၊ ရိုးသားမှန်ကန်တဲ့ စိတ်ဓာတ်တို့ကို အခြေခံပြီး ဖြေရှင်းမှသာလျှင် ရခိုင်ပြည်နယ် မောင်းတောဒေသ ပြဿနာ၊ ပြည်တွင်းစစ်ပြဿနာတို့အပါအဝင် ပြဿနာမျိုးစုံကို အောင်မြင်စွာ ဖြေရှင်းကျော်လွှားနိုင်မှာပါ။

ပြည်သူလူထု အများစုကြီးရဲ့ အကျိုးစီးပွားကို ဦးထိပ်ပန်ပြီး စဉ်းစားတွေးခေါ်နိုင်မှသာ တိုင်းပြည်အတွက် တကယ်တမ်း မှန်ကန်သင့်လျော်တဲ့ အမြော်အမြင်ကို ရရှိနိုင်မယ်ဖြစ်ပါကြောင်း။



# အောက်တိုဘာ တော်လှန်ရေး နှစ် ၁၀၀ ပြည့်အောင်ပွဲကို ဂုဏ်ပြုကြစို့

၁၉၁၇ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးဟာ မာ့က်စ်ဝါဒကို သဘောတရားမှ လက်တွေ့သို့ ပြောင်းလဲလိုက်ခြင်းဖြစ်ပြီး မာ့က်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုကို သက်သေပြလိုက်တာဖြစ်တယ်။ ၎င်းက ရုရှားနိုင်ငံဟောင်းရဲ့ ခေတ်နောက်ကျမှု ရုပ်သွင်ကို ပြောင်းလဲပေး လိုက်ပြီး အရင်းရှင်စနစ်ရဲ့ တကမ္ဘာလုံး တပေါင်းတစည်းတည်း ရှိနေမှုကို ချိုးဖျက်ပစ်ကာ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများကို တွန်းတင်ပေးလိုက်တယ်။ ဒါဟာ လူသားသမိုင်းရဲ့ ခေတ်သစ်ကို ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး ကမ္ဘာလောကကြီးကို မိုးမြေသိမ့်သိမ့်တုန်သွားအောင် အပြောင်းအလဲကြီး ပေါ်ပေါက်လာခြင်းဖြစ်တယ်။ ဆိုရှယ်လစ်တရုတ်ပြည်အပါအဝင် ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်နိုင်ငံတွေ ပေါ်ပေါက်လာခြင်းဟာ အောက်တိုဘာတော်လှန်ရေးရဲ့ အကျိုးဆက်ဖြစ်သလို အောက်တိုဘာတော်လှန်ရေးရဲ့ ကမ္ဘာ့သမိုင်းအဓိပ္ပာယ်ဆောင်မှုကို မြှင့်တင်လိုက်ခြင်းလည်းဖြစ်တယ်။ အောက်တိုဘာတော်လှန်ရေး နှစ် ၁၀၀ ပြည့်အခါသမယအတွင်း ဆိုရှယ်လစ်စနစ်ဖြစ်ထွန်းတိုးတက်မှုသမိုင်းကို နိဂုံးချုပ်လိုက်ရင် ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ် မုချအောင်ပွဲခံရမယ်ဆိုတဲ့ မျှော်မှန်းချက်ကို ပိုမိုပြတ်သားလာစေသလို ဆိုရှယ်လစ်စနစ် တန်ဖိုးတရားအမြင်များကို နားလည်သိမြင်ရေး အလေးထားပြုစုပျိုးထောင်သွားဖို့ လိုအပ်ချက်ကိုလည်း ပိုမိုထင်ရှားလာစေပါတယ်။

၁၉၁၇ ခု၊ အောက်တိုဘာ ရုရှားမှာ ပေါ်ပေါက်ခဲ့တဲ့ ဆိုရှယ်လစ်တော်လှန်ရေးဟာ နှစ် (၁၀၀) ပြည့်ပါတော့မယ်။ အောက်တိုဘာတော်လှန်ရေးရဲ့ ရိုက်ခတ်မှုအောက်မှာ ရာစုနှစ်တခုအတွင်း မိုးမြေကို မှောက်လှန်ပစ်လိုက်သည့်အလား အပြောင်းအလဲကြီးကို ပေါ်ပေါက်စေခဲ့တယ်။ ဆိုဗီယက် ပြည်ထောင်စု ပေါ်ပေါက်လာပြီးစ (၂၀) ရာစု (၃၀) ခုနှစ်များမှာ တကမ္ဘာလုံးကို သိမ်းကျုံးရိုက်ခတ်သွားတဲ့ အရင်းရှင်စနစ် စီးပွားရေးကပ်အတွင်းမှာ ဆိုရှယ်လစ်စနစ်ရဲ့ သာလွန်မှုကို ပြသခဲ့တယ်။ လူသားတွေကို ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်မှုရဲ့ ဦးတည်ချက်ကို နိမိတ်ပြပေးခဲ့တယ်။ အဲဒီတုန်း က ဂျာမနီနဲ့ ဂျပန်တို့က ဖက်ဆစ်စနစ် ကျင့်သုံးပြီး ဒုတိယကမ္ဘာစစ်ကြီးကို လှုံ့ဆော်စည်းရုံးပြီး တကမ္ဘာလုံးက ပြည်သူတွေကို ကျွန်ပြုဖို့ ကြံစည်နေချိန်မှာ ကွန်မြူနစ်အင်တာနေရှင်နယ်၊ ဆိုဗီယက်ပြည်ထောင်စု၊ တရုတ်ပြည်ကွန်မြူနစ်ပါတီနဲ့ နိုင်ငံတကာ ကွန်မြူနစ်ပါတီအသီးသီးဟာ တပြည်လုံးက တိုးတက်တဲ့ အင်အားစုများကို စည်းရုံး၊ ပြည်သူလူထုကို လက်နက်တပ်ဆင်၊ ခေါင်းဆောင်ကာ ဖက်ဆစ်စနစ်ကို ချေမှုန်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်ရေးအတွက် ကျောရိုးမဏ္ဍိုင်အခန်းကို ဖြစ်ထွန်းစေခဲ့တယ်။ စစ်ကြီးအဆုံးသတ်သွားတော့ ကမ္ဘာ့ဆိုရှယ်လစ်စနစ် လှုပ်ရှားမှုဟာ ဥရောပ၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိကစတဲ့ ကမ္ဘာ့နေရာအနှံ့ အညွန့်တလူလူနဲ့ အုံကြွလာတယ်။ နယ်ချဲ့စနစ်နဲ့ ဗိုလ်ကျ စိုးမိုးရေး ဝါဒတို့ရဲ့ တိုးချဲ့လာမှုကို တစုံတရာ အတိုင်းအတာအားဖြင့် ထိန်းချုပ်ဟန့်တားနိုင်ခဲ့တယ်။ နောင်မှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲ၊ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံတွေ စနစ်အရ အသွေးအရောင်ပြောင်းသွားပေမယ့် ဒါဟာ ဆိုရှယ်လစ်စနစ် ရှုံးနိမ့်သွားခြင်းနဲ့ ဆိုရှယ်လစ်စနစ် "ခေတ်အဆုံး သတ်သွားခြင်း" သဘောမဆောင်ပါဘူး။ ဒီနေ့တရုတ်ပြည် ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ် အားမာန်အပြည့်ဖြင့် မားမားမတ်မတ် ရပ်တည်နေတာဟာ အကျပ်အတည်း အထပ်ထပ် ဝိုင်းဝိုင်းလည်နေတဲ့ အရင်းရှင်စနစ် မြူတွေအုံ့ဆိုင်းနေမှုအတွင်းမှာ ရောင်နီဦးပေါ်ထွက်လာခြင်းဖြစ်တယ်။

## ၁။ အောက်တိုဘာတော်လှန်ရေးရဲ့ ကြီးမြတ်တဲ့ သမိုင်းအဓိပ္ပာယ်

(၁) မာ့က်စ်နဲ့အိန်ဂယ်တို့ဟာ အရင်းရှင်စနစ် လူ့အဖွဲ့အစည်း ပဋိပက္ခများရဲ့ အရင်းခံအားဖြင့် ကျော်နင်းမရနိုင်မှုလက္ခဏာအရ လူသား လူ့အဖွဲ့အစည်းရဲ့ ဆိုရှယ်လစ်စနစ်သို့ ဦးတည် ဖြစ်ထွန်းတိုးတက်မှုအလားအလာကို ကြိုတင်မြင်တွေ့ကြလို့ သိပ္ပံနည်းကျသဘောတရားကို ထူထောင်လိုက်တယ်။ လီနင်နဲ့ ဗော်ရှီဗစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ အောက်တိုဘာတော်လှန်ရေးကို စတင်ဆင်နွှဲခဲ့ကြပြီး လူသားများရဲ့ ပထမဆုံးသော ဆိုရှယ်လစ်နိုင်ငံတော်ကို ထူထောင်ခဲ့တယ်။ အဲဒီလို ထူထောင်လိုက်ခြင်းက စီးပွားရေးအရ ခေတ်နောက်ကျတဲ့ နိုင်ငံဟာလည်း ဆိုရှယ်လစ်စနစ် လမ်းကြောင်းအတိုင်း လျှောက်လှမ်းသွားနိုင်ပြီး မာ့က်စ်ဝါဒရဲ့ ဆိုရှယ်လစ်စနစ်နဲ့ ပတ်သက်တဲ့ အခြေခံအတွေးအခေါ် စိတ်ကူး စိတ်သန်းဟာ ရုပ်လုံးဖော်လို့ရတယ်ဆိုတာကို သက်သေပြလိုက်တာဖြစ်တယ်။ မာ့က်စ်ဝါဒကို သဘောတရားမှ လက်တွေ့အဖြစ်သို့ ပြောင်းလဲလိုက်ခြင်းဟာ မာက်စ်ဝါဒရဲ့ သိပ္ပံနည်းကျမှုကို ထင်ဟပ်လိုက်တာဖြစ်ပြီး မာ့က်စ်ဝါဒဟာ ချေဖျက်လို့ မရတဲ့ အမှန်တရားဖြစ်တယ်ဆိုတာကို သက်သေပြလိုက်ခြင်းလည်း ဖြစ်တယ်။

(၂) အောက်တိုဘာတော်လှန်ရေးက ထူထောင်လိုက်တဲ့ ဆိုရှယ်လစ်စနစ် တနည်းအားဖြင့် လူလူချင်းသွေးစုပ်မှု အခြင်းအရာတွေကို ဖျက်သိမ်းလိုက်တဲ့၊ အလုပ်သမား–လယ်သမားများ တိုင်းပြည်ရဲ့ အရှင်သခင်ဖြစ်လာတဲ့၊ လူ့အဖွဲ့အစည်းရဲ့ တရားမျှတမှုကို ထင်ဟပ်တဲ့ ဆိုရှယ်လစ် စနစ်ဟာ ပထမကမ္ဘာစစ်ပြီးနောက် စီးပွားရေးအကျပ်အတည်းတွင်းသို့ ကျရောက်ခဲ့တဲ့ အရင်းရှင်စနစ်နဲ့ အထင်အရှား နှိုင်းယှဉ်စရာ ဖြစ်လာတယ်။ အမေရိကန်ရဲ့ ကျော်ကြားတဲ့ ဘောဂဗေဒပညာရှင် ဂျိုးဇက်ရှွန်ပီတာ (Joseph schumpeter) က အဲဒီတုန်းက ထိတ်လန့်ကြောက်ရွံ့စရာ အခြေအနေကို “အရင်းရှင်စနစ် လူ့အဖွဲ့အစည်း ပျက်စီးယိုယွင်းသွားမှုဟာ မျက်စိရှေ့မှာတင် ဆိုတော့ ဒါဟာ ယုံမှားသံသယဖြစ်စရာမလိုဘူးလို့ ယေဘုယျအားဖြင့် ထင်မြင်ကြပါတယ်”လို့ ချုပ်ပြီး တင်ပြခဲ့ဖူးတယ်။ အောက်တိုဘာတော်လှန်ရေးရဲ့ ရိုက်ခတ်မှုအောက်မှာ ဖင်လန်၊ ဂျာမနီ၊ ဟန်ဂေရီ၊ ပိုလန်၊ ဘူလ်ဂေးရီးယားစတဲ့ နိုင်ငံတွေမှာ ဆိုရှယ်လစ်တော်လှန်ရေးတွေ ပေါ်ပေါက်ခဲ့တယ်။ တရုတ်၊ အိန္ဒိယ၊ ကိုရီးယားကျွန်းဆွယ်စတဲ့ ကိုလိုနီ၊ ကိုလိုနီတပိုင်း တိုင်းပြည်တွေမှာ နယ်ချဲ့စနစ် ဆန့်ကျင်ရေး၊ ပဒေသရာဇ်စနစ် ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေ ဖြစ်ပွားခဲ့တယ်။ ဒါတွေဟာ အရင်းခံအားဖြင့် အရင်းရှင်စနစ် ကမ္ဘာကို တုန်ခါသွားစေပြီး လူသားသမိုင်းရဲ့ ခေတ်သစ်ကို ဖွင့်လှစ်လိုက်တာဖြစ်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် ဆိုရှယ်လစ်စနစ်ဟာ နိုင်ငံတနိုင်ငံကနေ ဥရောပ၊ အာရှ၊ လက်တင်အမေရိကစတဲ့ တကမ္ဘာလုံးသို့တိုင် ကျယ် ပြန့်သွားခဲ့တယ်။ ဆိုရှယ်လစ်စနစ်ဟာ စီးပွားရေးစီမံကိန်းထိန်းညှိမှု၊ အလုပ်လက်မဲ့ ပပျောက်ရေး၊ ငွေစက္ကူဖောင်းပွမှု ထိန်းချုပ်ရေး၊ လူမှုရေး အာမခံစနစ် ကျင့်သုံးရေးစတဲ့ ဘက်တွေမှာ ကျင့်သုံးတဲ့ တသီတတန်းကြီးသော စီမံဆောင်ရွက်ချက်များဖြင့် နိုင်ငံတော်ကို အားဖြည့်ပေးပြီး ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံအသွင်သစ်ကို ဆောင်ကြဉ်းလာပါတယ်။ ဒါဟာ ဆိုရှယ်လစ်စနစ်က လူသားယဉ်ကျေးမှုတိုးတက်ရေးနဲ့ ပတ်သက် လို့ ကောင်းမှုပြုခြင်းလည်းဖြစ်တယ်။ ဆိုရှယ်လစ်စနစ်ဟာ လူသားတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု ဦးတည်ချက်ကို နိမိတ်ဖတ်လိုက်ခြင်းဖြစ်တယ်။

(၃) အောက်တိုဘာတော်လှန်ရေးသေနတ်သံက တရုတ်ပြည်ကို မာ့က်စ်ဝါဒ ပို့ပေးသလို ကမ္ဘာအနှံ့ မာ့က်စ်ဝါဒကို ပျံ့နှံ့သွားစေလိုက်တယ်။ ဆိုရှယ်လစ်တရုတ်ပြည် ပေါ်ပေါက်လာခြင်းဟာ အောက်တိုဘာတော်လှန်ရေးရဲ့ အကျိုးဆက်ဖြစ်တယ်။ တချိန်တည်းမှာလည်း အောက်တိုဘာတော်လှန်ရေးရဲ့ သမိုင်းအဓိပ္ပာယ်ကိုမြှင့်တင်ပေးလိုက်တယ်။ မော်စီတုန်းခေါင်းဆောင်တဲ့ တရုတ်ပြည်ကွန်မြူနစ်တွေဟာ အောက်တိုဘာတော်လှန်ရေးရဲ့ အခြေခံအတွေ့အကြုံများကို စုပ်ယူပြီး တရုတ် ပြည်လက်တွေ့နဲ့ ပေါင်းစပ်ပေးခြင်းအားဖြင့် တရုတ်ပြည်တော်လှန်ရေးရဲ့ ကြီးမြတ်တဲ့ အောင်ပွဲကို ရရှိခဲ့တယ်။ တိန့်ရှောင်ဖင်ကိုယ်စား ပြုတဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဒုတိယမျိုးဆက်ခေါင်းဆောင်တွေ စုပေါင်းပြီး ဆိုဗီယက်ပြည်ထောင်စု ဆိုရှယ်လစ်စနစ် တည်ဆောက် ရေး အတွေ့အကြုံသင်ခန်းစာများကို စုပ်ယူကာ တရုတ်ပြည်ထူးခြားချက်ပါတဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးသဘောတရားကို တင်ပြခဲ့တယ်။ ဒီနေ့ တရုတ်ပြည်ရဲ့ နိုင်ငံတကာသြဇာ ဆက်လက်မြင့်တက်

နေတယ်။ ထိုနည်းတူ ဗီယက်နမ်၊ ကျူဘားတို့ရဲ့ အောင်မြင်မှုများက အောက်တိုဘာတော်လှန်ရေးလမ်းကြောင်းနဲ့ ၎င်းရဲ့ ဦးတည်ချက်ကို နက်ရှိုင်းလာစေတယ်။

အောက်တိုဘာ တော်လှန်ရေး နှစ် (၁၀၀) ပြည့်ကို အထိမ်းအမှတ်ပြုခြင်းဖြင့် လူသားများရဲ့မူလအစချိချက်ကို မမေ့လျော့ဘဲ သမိုင်းအတွေ့အကြုံများကို နက်နက်နဲနဲ နိဂုံးချုပ် စုပ်ယူခြင်းဟာ ဆိုရှယ်လစ်လမ်းကြောင်းအပေါ် မိမိယုံကြည်ချက်၊ သဘောတရားရေးအပေါ် မိမိယုံကြည်ချက်နဲ့ စနစ်အပေါ် မိမိယုံကြည်ချက်တို့ကို ပိုမိုပြတ်သားလာစေရမယ်။

**၂။ အောက်တိုဘာတော်လှန်ရေး အောင်ပွဲအလံတော်ကို မြင့်မြင့်မားမား လွှင့်ထူရန် လိုအပ်ခြင်း**

၁။ မာ့က်စ်ဝါဒ အခြေခံမှုများကို မိမိနိုင်ငံရဲ့ လက်တွေ့အခြေအနေနဲ့ ပေါင်းစပ်ရာမှာ မာ့က်စ်ဝါဒကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး ဖြစ်ထွန်းတိုးတက်သွားစေရမယ်။ လီနင်ဟာ ပထမကမ္ဘာစစ်မှာ နယ်ချဲ့စနစ်ရဲ့ သံကြိုးကွင်းဆက် ချည့်နဲ့မှုကနေ လက်တွေ့အရ မာက့်စ်ဝါဒရဲ့ ဆိုရှယ်လစ် တော်လှန်ရေးနဲ့ ပတ်သက်တဲ့ သဘောတရားကို ဖွံ့ဖြိုးတိုးတက်စေခဲ့ပြီး အောက်တိုဘာတော်လှန်ရေး အောင်မြင်မှုကို ရရှိစေခဲ့ပါတယ်။ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးကာလမှာ စစ်ကွန်မြူနစ်စနစ်မှ စီးပွားရေးပေါ်လစီသစ် (NEP) သို့ ပြောင်းလဲလိုက်ပြီး စက်မှုလုပ်ငန်းဖြစ်ထွန်းတိုးတက်လာရေး လမ်းညွှန်စာတာတွေကို ရေးဆွဲချမှတ်ခဲ့တယ်။ လီနင်က ခုလို "မာ့က်စ်ဝါဒ သန့်စင်ရေးကို ထိန်းသိမ်း"ပေမယ့် "သမရိုးကျ စာတတ်ပုဂ္ဂိုလ် အမူအကျင့် သိပ်ဆန်ပြီး ခေတ်မမီတော့တဲ့ စည်းမျဉ်းဥပဒေနဲ့ အယူဝါဒတွေအပေါ် ခေါင်းမာမာနဲ့တွယ်ကပ်နေတဲ့" လေ့လာဟန်မျိုးကို ဝေဖန်ရှုတ်ချလေ့ရှိ ပြီး တပါတီလုံးကို ရုရှားနိုင်ငံရဲ့ လက်တွေ့နဲ့ ပေါင်းစပ်ရေးကို စွဲစွဲမြဲမြဲဆုပ်ကိုင်ကာ မာ့က်စ်ဝါဒ ဖွံ့ဖြိုးတိုးတက်စေရမယ်။ ဒီလိုနဲ့ အသစ်ပေါ်ထွန်းခဲ့တဲ့ ဆိုဗီယက်နိုင်ငံရေး အာဏာဟာ ဖွံ့ဖြိုးတိုးတက်၊ ခိုင်မာမှုရရှိနိုင်လိမ့်မယ်လို့ အဆက်မပြတ် သတိပေး ပြောဆိုလေ့ရှိတယ်။

၂။ ပြည်တွင်းပြည်ပမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားမှုဟာ အောက်တိုဘာတော်လှန်ရေးရဲ့ "မူလအမှား"ဒါမှမဟုတ် "စီးပွားရေး ခေတ်နောက်ကျတဲ့ ရုရှားမှာ အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး လုပ်ရန် အကြောင်းအချက် အရင်းခံအားဖြင့် မရှိဘူး" စသဖြင့် အောက်တိုဘာတော်လှန်ရေးကို အပြစ်ရှာကြတယ်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားရတာမှာ အမှန်တကယ်ပဲ ဆိုးဝါးတဲ့ ချို့ယွင်းချက်တွေ တည်ရှိနေတာမို့ အဆက်မပြတ် ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ပေးဖို့ လိုပါတယ်။ ဒါကို အမှန်တကယ်ပဲ အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ အခုရုရှားသမ္မတပူတင်ပြောဖူးသလိုပါပဲ၊ "အဲဒီတုန်းက ပင်ကိုယ်အားဖြင့် ပြုပြင်ပြောင်းလဲရေးတွေ လုပ်ဆောင်လို့ ရတဲ့အနေအထားမို့ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲမှုဟာ ပင်ကိုယ်အားဖြင့် ဖြစ်ပေါ်ဖို့ မလိုအပ်ပါဘူး"လို့ ထောက်ပြလိုက်တယ်။ သူက "ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲမှုရဲ့ အကြောင်းရင်းဟာ အဲဒီတုန်းက ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ ခေါင်းဆောင်တွေမှာ တာဝန်ရှိတယ်"လို့ အလေးထား ပြောဆိုတယ်။

လူမှုစနစ်ဟောင်းတရပ်ကို ဖြိုဖျက် လူမှုစနစ်သစ်တရပ် ထူထောင်ရေးဆိုတဲ့ လူမှုတော်လှန်ရေးဟာ ခက်ခဲပါတယ်။ ကြမ်းတမ်းပါတယ်။ အကွေ့အကောက် အတက်အဆင်းအမျိုးမျိုးကို ကျော်ဖြတ်ပြီးမှ အောင်ပွဲရနိုင်တာပါ။ ရပြီးရင်လည်း အောင်ပွဲကို ထိန်းသိမ်းရေးကလည်း ခက်ခဲပါတယ်။ ဒီနေ့ ကမ္ဘာကြီးဟာ စနစ် (၂) ခု အပြိုင်တည်ရှိနေတာပါ။ ဒါပေမဲ့ အရင်းရှင်စနစ်က အင်အားကောင်း၊ ဆိုရှယ်လစ်စနစ်က အင်အားချည့်နဲ့နေတဲ့ အနေအထားပါ။ အရင်းရှင်စနစ်ဟာ လက်ဦးမှုရှိ အသာစီးရနေမှု အခြေအနေကို အားထားပြီး မိမိကိုယ်ကို ထိန်းညှိနေနိုင်ဆဲလည်း ဖြစ်တယ်။ ဒါ့အပြင် ဆိုရှယ်လစ်စနစ်နိုင်ငံတွေနဲ့ ဆိုရှယ်လစ်စနစ်ကို ဖိနှိပ်ထားတဲ့ အခြေအနေဟာ ရပ်တန့်မသွားသေးဘူး။ ဒီအခြေအနေမျိုးအောက်မှာ ဂိုဘာချော့ဗ်စတဲ့ ဆိုဗီယက်ခေါင်းဆောင်တွေဟာ အောက်တိုဘာ တော်လှန်ရေးက ညွှန်ပြခဲ့တဲ့မှုတွေကို စွန့်လွှတ်ခဲ့ကြတာ ဖြစ်တယ်။ ဆိုဗီယက် ကွန်မြူနစ်ပါတီရဲ့ လူ့အဖွဲ့အစည်းတရပ်လုံးအပေါ် ခေါင်းဆောင်မှုကို စွန့်လွှတ်ပစ်တယ်၊ တချိန်တည်းမှာ အနောက်တိုင်းရဲ့ ပါတီစုံစနစ်ကို ကျင့်သုံးတယ်၊ နိုင်ငံတော်ရဲ့ ဆိုရှယ်လစ်စနစ် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ကို စွန့်လွှတ်ပစ်လိုက်တယ်။ ဒါဟာ ဆိုဗီယက်ပြည်ထောင်စုသမိုင်း၊ ဆိုဗီယက် ကွန်မြူနစ်ပါတီသမိုင်းကို ဘက်စုံကနေ ပစ်ပယ်လိုက်တာ၊ လီနင်ကို ပစ်ပယ်တာ၊ စတာလင်ကို ပစ်ပယ်တာ၊ ဆိုရှယ်လစ်စနစ် လမ်းကြောင်းကို ပစ်ပယ်သွားတာ၊

သမိုင်းအနတ္တဝါဒ (historical nihilism) ကို ကျင့်သုံးတာ၊ အတွေးအခေါ်ကို ပရမ်းပတာ လုပ်ပစ်လိုက်တာမို့ ပါတီရဲ့ အဆင့်အသီးသီး အဖွဲ့အစည်းတွေဟာ ဘာမှ သုံးမရသလို ဖြစ်သွားတော့တာပဲ။ နောက်ဆုံးမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲသွားတော့တာပါပဲ။ ဒီအခါ ရုရှားမှာ မူလကရှိခဲ့တဲ့ တန်ဖိုးတရားအမြင်များ ပျောက်ကွယ်သွားပြီး တန်ဖိုးတရားအမြင်တွေမှာ တိမ်းစောင်းမှုပေါ်လာတယ်။ ဒီနေ့ လူအများအပြားဟာ အမေရိကန်၊ ဥရောပကို နှုတ်ဖျားက မချဖြစ်လာတယ်။ အနောက်တိုင်းရဲ့ နိုင်ငံရေးစနစ်တွေ၊ တန်ဖိုးတရားအမြင်တွေ၊ နေထိုင်မှုဘဝ ပုံစံတွေကို တခုတည်းသော ရွေးချယ်စရာတွေအဖြစ် ထင်မှတ်လာကြတယ်။

ဒီတော့ အနောက်တိုင်းအရင်းရှင်ကမ္ဘာရဲ့ တကယ့်အဖြစ်မှန်က ဘယ်လိုပါလဲ။ တကယ့်ဖြစ်ရပ်များကို လေ့လာကြည့်ကြပါစို့။ ဒုတိယ ကမ္ဘာစစ်ပြီး နောက်ပိုင်းမှာ အရင်းရှင် တိုင်ပြည်များဟာ (၃၀) ခုနှစ်ကလို ကြီးမားတဲ့ကျပ်တည်းမှုကပ် ဖြစ်ပေါ်တဲ့အကြိမ်ဟာ စစ်မဖြစ်ခင်ကထက် အများကြီး မြင့်လာခဲ့တယ်။ ဥပမာ–အမေရိကန်မှာ(၁၀) ကြိမ်၊ အင်္ဂလန်မှာ (၈) ကြိမ်၊ ဂျပန်မှာ (၇) ကြိမ်၊ ဂျာမနီမှာ (၆) ကြိမ်၊ ပြင်သစ်မှာ (၅) ကြိမ် အသီးသီး ပေါ်ပေါက်ခဲ့တယ်၊ အထူးသဖြင့် (၇၀) ခုနှစ်နောက်ပိုင်းမှာ အစဉ်အလာ စက်မှုလုပ်ခင်းများ ဆုတ်ယုတ်တာ၊ စျေးနှုန်းတွေ တရားနည်းလမ်း မကျတာနဲ့ နိုင်ငံတကာငွေကြေးအခြေအနေ မငြိမ်မသက်ဖြစ်တာတို့ကြောင့် အရင်းရှင်စနစ် စီးပွားရေးကျပ်တည်းမှုကပ်ဟာ အရင် အခါများနဲ့ မတူတဲ့ ထူးခြားချက်သစ်များ ပေါ်ပေါက်လာတယ်၊ ထုတ်လုပ်ရေးပိုလျှံရုံမက ထုတ်လုပ်ရေးမှလည်ပတ်မှု၊ ခွဲဝေမှုစတဲ့ ကွင်းဆက်အသီးသီးထိ တိုးချဲ့လာပြီး အဆောက်အအုံ လက္ခဏာဆောင်တဲ့ ကျပ်တည်းမှုကပ်အဖြစ် ဖော်ပြခဲ့တယ်။ (၁၉၇၄–၁၉၇၅ )ခုနှစ်၊ (၁၉၇၉–၁၉၈၂) ခုနှစ်များမှာ ဖြစ်ပေါ်ခဲ့တဲ့ ရေနံကျပ်တည်းမှုကပ်။ (၁၉၉၀–၁၉၉၄) ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ ကြွေးမြီကျပ်တည်းမှုကပ်။ (၁၉၉၇) ခုနှစ်က ပေါ်ပေါက်ခဲ့တဲ့ ငွေကြေးကျပ်တည်းမှု ကပ်များဟာ အဲဒီအဆောက်အအုံ လက္ခဏာဆောင်တဲ့ ကျပ်တည်းမှုကပ်ရဲ့ ထင်ရှားပေါ်လွင်တဲ့ ဖော်ပြချက်များဖြစ်တယ်။ လတ်တလောနှစ်များ အတွင်းမှာ အရင်းရှင်နိုင်ငံများဟာ အဲဒီအဆောက်အအုံလက္ခဏာဆောင်တဲ့ ကျပ်တည်းမှုကပ်များရဲ့ အခက်အခဲအအနှောင့်အယှက်များကို တောက်လျှောက်ခံခဲ့ရပြီး လုပ်ခင်းကိုင်ခင်းကြီးများ ဒေဝါလီခံရတဲ့ အခြင်းအရာများဟာ မကြာမကြာ ပေါ်ပေါက်ခဲ့ပြီး၊ စတော့ရှယ်ယာ ဈေးကွက်များဟာ လှိုင်းတံပိုးကြီးများအကြား ရောက်နေတဲ့လှေငယ်ပမာ မငြိမ်မသက်ဖြစ်နေတယ်၊ အဆောက်အအုံ လက္ခဏာဆောင်တဲ့ အလုပ်လက်မဲ့ဖြစ်မှု ဟာလည်း အတက်သာတက်ပြီး အောက်ကိုမကျခဲ့ပါ။

ဒီလိုနဲ့ ၂၀၀၈ မှာ ၁၉၂၉ –၃၀ က ပေါ်ပေါက်ခဲ့တဲ့ စီးပွားရေးကပ်ကြီးထက် ပိုမိုကြီးမား ပြင်းထန်တဲ့ အဆောက်အအုံလက္ခဏာဆောင်တဲ့ စီးပွားရေးကပ်ကြီးတခု အမေရိကန်မှာ စတင်ပေါ်ပေါက်ခဲ့ပြန်တယ်။ ဒီကပ်ရဲ့ ရိုက်ခတ်မှုဟာ ကနေ့အထိ အရှိန်မသေသေးဘူးလို့ သုံးသပ်သူများက ဆိုကြပါတယ်။ အကျိုးဆက်အဖြစ် အထင်ရှားဆုံးကတော့ ဥရောပ ၅ နိုင်ငံ (ပေါ်တူဂီ၊ အီတလီ၊ အိုင်ယာလန်၊ စပိန်၊ ဂရိ) တို့မှာ ငွေကြေးအကျပ်အတည်းနဲ့ ကြွေးမြီကပ်များ ပေါ် ထွက်လာခြင်းပါပဲ။

အနောက်တိုင်း အရင်းရှင်ကမ္ဘာမှာ ဥစ္စာခနတိုးများလာတာကို မငြင်းဆန်နိုင်ပေမယ့် ဒါနဲ့အတူ အလုပ်လက်မဲ့ဖြစ်မှု၊ အိုးမဲ့အိမ်မဲ့ဖြစ်မှုနဲ့ ဆင်းရဲမွဲတေမှုတွေ တပါတည်း ကပ်ပါလာတယ်ဆိုတာကိုလည်း အသိအမှတ် ပြုဖို့လိုပါတယ်။ အမေရိကန် လွှတ်တော် ဘတ်ဂျက်ဌာနက ၁၉၉၉ စက်တင်ဘာလမှာ ထုတ်ဖော်ခဲ့တဲ့ ကိန်းဂဏန်းများအရ ၁၉၇၇ ခုမှ စတင်ပြီး တပြည်လုံး လူဦးရေအနက် (၁) ရာခိုင်နှုန်းသာရှိတဲ့ ကြွယ်ဝချမ်းသာ တဲ့အလွှာများရဲ့ နှစ်စဉ်ဝင်ငွေဟာ ထင်ထင်ရှားရှားတိုးများလာပြီး၊ အလယ်အလတ်အလွှာကတော့ တိုးပွားမှု သိပ်မကြီးလှဘဲ၊ (၂၀) ရာခိုင်နှုန်းရှိတဲ့ အောက်ဆုံးအလွှာ လူထုရဲ့ တကယ့်လက်တွေ့ကတော့ ဝင်ငွေကျဆင်းလို့တောင် လာခဲ့တယ်။ မျက်မှောက်မှာဆိုရင် ၄၀ ရာခိုင်နှုန်းရှိတဲ့ အိမ်ထောင်များဟာ ဥစ္စာခနမရှိကြပါ။ သို့မဟုတ် အမေရိကန်ဒေါ်လာထောင်အချို့ရှိတဲ့ ဥစ္စာခနသာ ရှိကြတယ်။

အိမ်ထောင်အများအပြားရဲ့ အကြွေးဟာ မိမိပိုင်ဥစ္စာခနထက်ပင် များပြားနေကြတယ်။ ဆင်းရဲတဲ့လူများဟာ စုဝေးနေထိုင်ကြတာကြောင့် မြို့ကြီးမြို့ငယ်များမှာ ဆင်းရဲသား ရပ်ကွက်များဖြစ်တည်လာနေတယ်။ အမေရိကန် ပညာရှင် ‘ဟန်တင်တန်’ က ဒီမှာ ရှိကြတဲ့ ဆင်းရဲသားတွေဟာ “အလွန်အမင်းဆင်းရဲမှု ဝဲသြဃဂယက်ထဲမှာ” ကျရောက်နေတယ်လို့ ထောက်ပြခဲ့တယ်။ အမေရိကန်

မှာ အိုးမဲ့အိမ်မဲ့ ၅ သန်း ၈သိန်းရှိတယ်။ (၁၉၉၄) နုတ်ထွက်စ သမ္မတ ဖြစ်တဲ့ ကလင်တန်က "သူတို့ဟာ လူ့အဖွဲ့အစည်းရဲ့ စွန့်ပယ်မှုကို ခံရပြီး၊ လူ့အဖွဲ့အစည်းနဲ့ ကင်းကွာနေတဲ့ လူများဖြစ်လာနေတယ်"၊ "အခုဆိုရင် ကျွန်တော်တို့နဲ့ အများကြီးဝေးလံတဲ့ ကမ္ဘာလောကမှာ နေထိုင်နေကြရတယ်"လို့ ပြောခဲ့တယ်။ (ဘော့စတွန်၊ ကမ္ဘာတလွှား သတင်းစာ၊ ၁၉၉၄ ဖေဖော်ဝါရီ ၆) အခြားတိုင်းပြည်များရဲ့ အခြေအနေဟာလည်း ထူးမခြားနားပဲ၊ ဒီမှာ အဲဒါတွေကို အလေးထား တင်ပြမနေတော့ဘူး။

အနောက်တိုင်းဖွံ့ဖြိုးပြီး တိုင်းပြည်များရဲ့ အစိုးရ အဆက်ဆက်ဟာ အလုပ်အကိုင်ရရှိရေးကို အသံကုန်ဟစ်အော်ခဲ့ ကြပေမယ့် အစဉ်လိုလိုပဲ ပါးစပ်ဖျားမှာသာ ကန့်သတ်နေပြီး လက် တွေ့အကောင်အထည်ဖော်မှုမရှိကြပါ။ ၁၉၉၄ ခု၊ အမေရိကန်၊ ဒက် ထရွိုက်မြို့ နိုင်ငံတကာ ဆွေးနွေးပွဲမှာ အလုပ်လက်မဲ့ဖြစ်မှုဟာ မျက် မှောက်အရင်းရှင်စနစ်ကို အသက်ထွက်သွားစေနိုင်တဲ့ အချက်ဖြစ် လာတယ်လို့ အနောက်တိုင်း ဖွံ့ဖြိုးပြီး အရင်းရှင် ၇ နိုင်ငံအုပ်စု (G-7) က ဝန်ခံခဲ့တယ်။ ပြင်သစ် ပညာရှင်တဦးက "အလုပ်လက်မဲ့ဖြစ်မှု ဟာ ကနေ့အနောက်တိုင်းက ရင်ဆိုင်နေရတဲ့ အကြီးဆုံး လုံခြုံရေး ပြဿနာဖြစ်တယ်။ ဒီပြဿနာကို ဖြေရှင်းဖို့ နည်းနာရှာမတွေ့ရင် အရင်းရှင်စနစ်ဟာ မိမိဘာသာ ပြိုပျက်သွားလိမ့်မယ်"လို့ ပိုမိုပွင့် လင်းစွာ သတိပေးခဲ့တယ်။ ၁၉၉၇ ခုနှစ် မေလက ဥရောပမှာ အလုပ် လက်မဲ့ ဆန့်ကျင်ရေးကို အဓိက အချက်အချာထားတဲ့ "ဥရောပ စစ်ချီခြင်း"ဆိုတဲ့ နိုင်ငံကျော်လွန်တဲ့ လူထုလှုပ်ရှားမှု တရပ်ပေါ်ခဲ့ တယ်။ "အဲဒီလူ့အဖွဲ့အစည်းဟာ ဘယ်သူ့အတွက် အကျိုးဆောင် တဲ့ လူ့အဖွဲ့အစည်းလဲ"၊ "ကျွန်တော်တို့ ဆက်ပြီး သည်းမခံနိုင် တော့ဘူး" စတာတွေဟာ အဲဒီအချိန်က ဒေါသပေါက်ကွဲနေတဲ့ လူငယ် အလုပ်သမားများနဲ့ ကျောင်းသားများ ထုတ်ဖော်တဲ့ ဟစ်အော်ကြွေးကြော်မှု ဖြစ်တယ်။

၂၀၁၁ ခုရောက်တော့ ကမ္ဘာ့အချမ်းသာဆုံးလို့ဆိုတဲ့ အမေရိကန်မှာ "ဝေါလမ်းမကို သိမ်းပိုက်ကြ"ဆိုတဲ့ လမ်းပေါ်ထွက် ဆန္ဒပြတဲ့ လူထုလှုပ်ရှားမှုကြီးတခု စက်တင်ဘာ ၁၆ ရက်နေ့က စတင်ပေါ်ပေါက်ခဲ့တယ်။ အောက်တိုဘာ ၁၆ ရက်ရောက်တော့ ဒီလှုပ်ရှားမှုဟာ ကမ္ဘာ့ အရင်းရှင်နိုင်ငံအသီးသီးကို ရိုက်ခတ်သွားပြီး မြို့ပေါင်း ၉၅၁ မြို့မှာ ချီတက်ကန့်ကွက်ပွဲတွေ ပေါ်ပေါက်လာတော့ တယ်။ ဆန္ဒပြသူတွေ ကိုင်ဆောင် ထားတဲ့ ဆိုင်းဘုတ်တွေကတော့ "အရင်းရှင်စနစ် ကျဆုံးပါစေ" "အရင်းရှင်စနစ် အဆုံးသတ်လေ့" ဆိုတဲ့ ကြွေးကြော်သံများ ဖြစ်ပါတယ်။

ဒီတော့ အရင်းရှင်ကမ္ဘာရဲ့ အခြေအနေကို ချုပ်လိုက်ရင် ...

၁။ ဒီနေ့ အနောက်တိုင်းရဲ့ လစ်ဘရယ်ဝါဒသစ် စီးပွားရေး ပေါ်လစီဟာ လူထုရဲ့ မယုံသင်္ကာ ဖြစ်မှုတွေ တိုးလို့သာ ခံခဲ့ရတယ်။ တကယ်တော့ လစ်ဘရယ်ဝါဒသစ်ဟာ သာမန်လူထုအတွင်း ဘယ် တုန်းကမှ လက်ခံမှုမရှိပါဘူး။

အုပ်စိုးသူလူတန်းစားနဲ့ ဦးဆောင်မှုအဆင့်နေရာ ရနေတဲ့ ပညာတတ်တွေကသာ အမြတ်တနိုးထားနေတာလို့ 'အမေရိကန်ရဲ့ လစ်ဘရယ်ဝါဒသစ်နဲ့ ဆိုရှယ်လစ်ဝါဒ အခြေအနေ' အင်တာဗျူး တခုမှာ ဖတ်ရပါတယ်။

၂။ ဈေးကွက်ဟာ ၉၆ ပါးရောဂါ ပျောက်ဆေး မဟုတ်ဘူး။ အကျုပ်အတည်းပေါ်တိုင်း ဈေးကွက်ကို ကောင်းမွန်ကျန အောင် ပြုပြင်ပြောင်းလဲပေးပြီး ပိုမိုဆိုးလျော့မှု ရရှိလာတယ်။ ဒါပေမဲ့ ဈေး ကွက်ဟာ ဒီလောက်များတဲ့ ကပ်ဘေးတွေကို ဘာကြောင့် မရှောင် ကွင်းနိုင်ရတာလဲ။ ဒါကြောင့် အနောက်တိုင်း နိုင်ငံတွေက "လွတ်လပ် တဲ့ ဈေးကွက်အင်အား"ဟာ အနန္တတန်ခိုးရှိတယ်ဆိုတာကို မယုံကြည်ကြတော့ဘူး။

၃။ ဒီမိုကရေစီဟာ ပြဿနာအားလုံးကို မဖြေရှင်းနိုင် ပါဘူး။ ဒီမိုကရေစီဟာ အနောက်တိုင်းနိုင်ငံတွေရဲ့ ယေဘုယျ ကမ္ဘာ့ တန်ဖိုးတရားရဲ့ အတွေးအခေါ်အတွက် ဟန်ပြဖြစ်တယ်။ (မဲပြား+ ငွေကြေး) ကို အမေရိကန် ဒီမိုကရေစီနိုင်ငံရေးရဲ့ အမှတ်လက္ခဏာ ဖြစ်တယ်လို့ ဆိုကြတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ရဲ့ ပုံသဏ္ဍာန်၊ သဘောတရား၊ တွေးခေါ်ယူဆမှုတွေနဲ့ ပတ်သက်လို့ လူသားတွေက နက်နက်ရှိုင်းရှိုင်း စူးစမ်းလေ့လာရေးတွေ လုပ်သွားဖို့ တောင်းဆိုခြင်း ခံနေရတယ်။

၄။ ကမ္ဘာ့မှုပြုခြင်းက အရင်းရှင်စနစ်အတွက် ဘယ်လိုမှ ထွက်လမ်းရှာမပေးနိုင်ဘူး။ အများတကာ့ အများစုဖြစ်တဲ့ ပညာရှင်တွေက စီးပွားရေးကမ္ဘာ့မှုပြုခြင်းဟာ မျက်မှောက်အရင်းရှင် စနစ်ရဲ့ အရေးကြီးတဲ့ ကြန်အင်လက္ခဏာဖြစ်တယ်လို့ ယူဆတဲ့

အပြင် မာ့က်စ်က စီးပွားရေး အကျပ်အတည်းဟာ အရင်းရှင်စနစ် ပင်ကိုယ်သဘာဝရဲ့ အပြင်ပန်း ဖော်ပြချက်ဖြစ်တယ်ဆိုတာနဲ့ ပတ်သက်တဲ့ အတွေးအခေါ်ဟာ မှန်ကန်မြဲ မှန်ကန်တယ် ဆိုတာကို တညီတညွတ်တည်းနဲ့ တပြိုင်တည်း အတည်ပြုခဲ့ကြတယ်။ ကမ္ဘာ့မှု ပြုခြင်းဖြစ်စဉ်အရကြည့်ရင် ၂၀ ရာစု ၈၀ ခုနှစ်များ နှောင်းပိုင်းကနေ ယခုကာလအထိ နှစ် ၃၀ အပိုင်းအခြားဟာ ကမ္ဘာ့မှုပြုခြင်းရဲ့ တိုးချဲ့မှု အမြန်ဆုံးကာလဖြစ်ပြီး တချိန်တည်းမှာ ပြဿနာ အများဆုံးနဲ့ ဖျက်ဆီးမှု အများဆုံးကာလလည်းဖြစ်တယ်။ ဒီဖြစ်စဉ်ဟာ ခေတ်နောက်ကျတဲ့ နိုင်ငံတွေ ဒေသတွေအဖို့ ပြောရင် အပြုသဘောဆောင်တဲ့ ယဉ်ကျေးမှုအကြောင်းရပ်နဲ့ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်ပေးတဲ့ ခေတ်မီရေးအင်အားစုတရပ်ဖြစ်တယ်။ ဒါပေမဲ့ ဒီတိုးချဲ့မှုမျိုး အတွင်းက တန်းတူမှုမရှိတဲ့၊ တရားမျှတမှုမရှိတဲ့၊ သမာသမတ်မကျတဲ့ အခြင်းအရာတွေနဲ့ သွေးညှီနံ့တွေကိုတော့ ဖယ်ရှားမပစ်လို့ မဖြစ်ဘူး။ တချိန်တည်းမှာ ဒီတိုးချဲ့မှုက ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူတွေကို အရင်းအနှီးနဲ့ ကျားထိုးကစားမှု အတွင်းမှာ ဖွံ့ဖြိုးတိုးတက်စေတယ်။ ခေတ်မီယဉ်ကျေးမှုတွေနဲ့ အလွန်များပြားလှတဲ့ အတွင်းသဘောအနှစ်သာရတွေနဲ့ ထိတွေ့စေပါတယ်။ အရင်းအနှီးရဲ့ ပင်ကိုယ်သဘာဝကို အဆက်မပြတ်သိရှိနားလည်စေတယ်။ အရင်းအနှီးကို ခုခံဆန့်ကျင်ရေးနည်းနာကို ဆုပ်ကိုင်ပြီး မိမိရဲ့အခွင့်အရေးတွေကို တဆင့်တိုးကာကွယ် ထိန်းသိမ်းရင်း ကမ္ဘာကြီးကို ပိုမိုတရားနည်းလမ်းကျတဲ့၊ သမာသမတ်ကျတဲ့ ဦးတည်ချက်အတိုင်း ဖွံ့ဖြိုးတိုးတက်သွားရေးကို တွန်းဆော်ပေးရမယ်။ အရင်းရှင်စနစ်ရဲ့ သမိုင်းက ဆိုရှယ်လစ်စနစ် အတွေးအခေါ်နဲ့ အရင်းရှင်စနစ် ဖွံ့ဖြိုးတိုးတက်မှုဟာ တပူးတွဲတွဲနဲ့ ခွဲမရနိုင်ဘူးဆိုတာ ဖော်ပြနေတယ်။ ဒါကြောင့်အရင်းရှင်စနစ် ကမ္ဘာ့မှုပြုခြင်းရဲ့ ဘေးထွက်ပစ္စည်းတခုကတော့ ဆိုရှယ်လစ်စနစ်အတွေးအခေါ်ကို ကမ္ဘာ့အဝန်းအဝိုင်းအတွင်း အကျယ်အပြန့် ဝါဒဖြန့်ပေးမှုဖြစ်တယ်။

မျက်မှောက် ဘဏ္ဍာငွေကြေးအကျပ်အတည်းက တစုံတရာ ကျော်လွန်လာတဲ့အခါ အနောက်တိုင်းပညာရှင်တချို့က အရင်းရှင်စနစ်ဟာ ''နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်''သို့ တိမ်းညွတ်လာတယ်လို့ သုံးသပ်ကြတယ်။

''နိုင်ငံတော် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်ဟာ ဆိုရှယ်လစ်စနစ်အတွက် အပြည့်စုံဆုံး ရုပ်ဝတ္ထုပြင်ဆင်မှုဖြစ်ပြီး ဆိုရှယ်လစ်စနစ်ရဲ့ ''ဝင်ပေါက်''ဖြစ်တယ်။ သမိုင်းမှာ အထစ်တထစ် တက်တာဖြစ်ပြီး ဒီအထစ်ဟာ ဆိုရှယ်လစ်စနစ် အဆင့်သို့ တက်လှမ်းလိမ့်မယ်။ ကြားအဆင့် ဆိုတာ မရှိတော့ပါ''လို့ လီနင်က သင်ကြားခဲ့တယ်။

အထက်မှာ ပြောခဲ့သလိုပဲ အရင်းရှင်စနစ် ဖြစ်ထွန်းတိုးတက်မှုဟာ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှုကို ကမ္ဘာတရပ်လုံး လက္ခဏာဆောင်ရေးအတွက် အင်အားကြီးမားလာစေတယ်။ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ ထုတ်လုပ်ရေးစွမ်းအားစုနဲ့တကွ၊ အဲဒီ ထုတ်လုပ်ရေးစွမ်းအားစုရဲ့ တောင်းဆိုမှုအရ မနေရှင်လူတန်းစားက ထုတ်လုပ်ရေးဆက်ဆံမှုကို ထိန်းညှိတာဟာ ဆိုရှယ်လစ်စနစ်အတွက် ရုပ်ဝတ္ထုရှေးဦးလိုအပ်မှုကို ဖန်တီးပေးပါတယ်။ အရင်းရှင်စနစ်က ဆိုရှယ်လစ်စနစ် အကြောင်းရပ်များကို အဆက်မပြတ်စုဆောင်းထားကာ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းတဲ့သင်္ကေတကို စုဆောင်းပေးတယ်လို့ မာ့က်စ်နဲ့ အိန်ဂယ်တို့က ယူဆတယ်။ အဲဒီအဓိပ္ပာယ်အရ ပြောရရင် မျက်မှောက်ခေတ် အရင်းရှင်စနစ် နိုင်ငံတော် လက်ဝါးကြီးအုပ်မှုမှ ''နိုင်ငံတကာ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်''သို့ ဖြစ်ပေါ်တိုးပွားလာတာဟာ ဆိုရှယ်လစ်စနစ်နဲ့ ပိုမိုဝေးလံသွားတာ မဟုတ်ဘဲ ဆိုရှယ်လစ်စနစ်နဲ့ ပိုမိုနီးလာတာဖြစ်တယ်။ လီနင်က နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်ရဲ့ ''ဝင်ပေါက်'' ဖြစ်တယ်လို့ ကျွန်တော်တို့ကို သရုပ်ပါပါ ခိုင်းနှိုင်းပြခဲ့တယ်။ ဒီတော့ ''နိုင်ငံတကာ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်''ဟာ တကမ္ဘာလုံးရဲ့ ဆိုရှယ်လစ်စနစ် ''ဝင်ပေါက်'' ဖြစ်တယ်လို့ ပြောနိုင်ပါပြီ။

### ၃။ ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာ့သမိုင်းထဲကို သူ့အလိုလို ရောက်လာခြင်းမဟုတ်

လွန်ခဲ့တဲ့ အနှစ် ၁၆၀ ကျော်က မာ့က်စ်နဲ့ အိန်ဂယ်တို့က ''ကွန်မြူနစ်ပါတီကြေညာစာတမ်း''မှာ ''အရင်းရှင်စနစ် မုချကျဆုံးရမယ်'' ''ဆိုရှယ်လစ်စနစ် မုချအောင်ပွဲခံရမယ်''လို့ ကြွေးကြော်ခဲ့တယ်။ ဒါဟာ ကွန်မြူနစ်တွေ ဆုပ်ကိုင်ထားတဲ့ ''မုချတရား'' နှစ်ပါးပါပဲ။ တနည်းပြောရရင် သမိုင်းရုပ်ဝါဒက သင်ကြားပေးလိုက်တဲ့ အမှန်တရား ပါပဲ။ ကွန်မြူနစ်တွေရဲ့ ယုံကြည်ချက်ပါပဲ။

လွန်ခဲ့တဲ့ ရာစုနှစ်တခုအတွင်း ကမ္ဘာ့သမိုင်း ဖြစ်ပေါ်တိုးပွားမှုဟာ အကွေ့အကောက်များရှိပေမယ့် အခြေခံအားဖြင့် ဒီဦးတည်ချက်အတိုင်း ချီတက်လျက်ရှိတယ်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပြီးတဲ့နောက် ထောင်သောင်းချီတဲ့ မြစ်များဟာ လှည့်ပတ် စီးဆင်းပြီး တောင်တန်းအသွယ်သွယ်ဟာ အရှေ့ဘက်ကို မျက်နှာမူတဲ့ အသွင်မျိုး ပေါ်ပေါက်လာတယ်။ ဒါကြောင့် ၂၀ ရာစု ၆၀ ခုနှစ်များမှာ အမေရိကန်သမ္မတကနေဒီက "အချိန်ဟာ ကျွန်တော်တို့ရဲ့ မိတ်ဆွေ မဟုတ်တော့ဘူး" လို့ အထိတ်တလန့်အော်ခဲ့တယ်။ ဒါပေမဲ့ ၂၀ ရာစု ၈၀ ခုနှစ်များနဲ့ ၉၀ ခုနှစ်များအကြားမှာ ကမ္ဘာ့သမိုင်းဟာ အရင်တခါမှ မရှိဖူးခဲ့တဲ့ ပြင်းထန်တဲ့ ကွေ့ကောက်မှု ဖြစ်ပေါ်ခဲ့တယ်။ ဆိုလိုတာက အောင်တေးသံကို သီဆိုနေတဲ့ နိုင်ငံတကာ ဆိုရှယ်လစ်လှုပ်ရှားမှုဟာ ဒီရေနိမ့်သို့ ကျဆင်းသွားခဲ့ရတယ်။ ကျပ်တည်းမှုကပ် အထပ်ထပ်ဖြစ်နေတဲ့ အနောက်တိုင်း အရင်းရှင်စနစ်ကမ္ဘာဟာ ပြောင်းလဲမှုအသစ်များ ပေါ်ပေါက်လာတယ်။ အဲဒီနောက်ပြန်လှည့်မှုကို မြင်လိုက်ရတဲ့အခါ နိုင်ငံတကာ လက်ဝါးကြီးအုပ် အရင်းရှင်လူတန်းစားဟာ "သမိုင်း နိဂုံးချုပ်သွားပြီ" လို့ ထင်မှတ်မှားခဲ့ကြတယ်။

ဆိုရှယ်လစ်စနစ်ဟာ ကမ္ဘာ့သမိုင်းအတွင်း အကြောင်းမဲ့ ပေါ်ပေါက်လာတာမဟုတ်သလို အရင်းရှင်စနစ်နဲ့ ကမ္ဘာကို ဗိုလ်လုဖို့ သက်သက် ရောက်လာတာ မဟုတ်ဘူး။ တကယ်စင်စစ်တော့ ဆိုရှယ်လစ်စနစ်ဟာ အရင်းရှင်စနစ်ကိုယ်တိုင်က ခေါ်ယူလာတဲ့ အစားထိုးမယ့်သူနဲ့ ဆက်ခံမယ့်သူ ဖြစ်တယ်။ တနည်းပြောရရင် အရင်းရှင်စနစ်အဝန်းအဝိုင်းအတွင်းမှာ အရင်းရှင်စနစ်ရဲ့ အခြေခံ ပဋိပက္ခများကို မဖြေရှင်းနိုင်လို့ ပေါ်ပေါက်လာတဲ့ အထွက်ပစ္စည်း ဖြစ်တယ်။ ကုန်ကုန်ပြောရရင် သမိုင်းဖြစ်စဉ် ၂ ခုဆိုတဲ့ "မုချတရား ၂ ပါး" ရဲ့ ဖြစ်နိုင်မဖြစ်နိုင်ဆိုတဲ့ ပြဿနာပါပဲ။ ဒီတော့ နိုင်ငံတကာ ဆိုရှယ်လစ် လှုပ်ရှားမှုအတွင်း ဖြစ်ပေါ်ခဲ့တဲ့အကွေ့အကောက်ဟာ ဆိုရှယ်လစ်စနစ်ရဲ့ ကြောင်လိမ်လှေကားပမာ ရှေ့တက်တဲ့ ကြားဖြတ်ဇာတ်လမ်းတခုမျှသာ ဖြစ်တယ်။ ဒါကြောင့် အရင်းရှင်ကမ္ဘာမှာ ပေါ်ပေါက်တဲ့ ပြောင်းလဲမှုအသစ်ဟာ တခြား ဘာမှမဟုတ်ဘဲ၊ "မုချ တရား ၂ ပါး" ကို အကောင်အထည်ဖော်တဲ့ဖြစ်စဉ်ကို တဆင့်တိုးပြီး တွန်းပို့တာပဲဖြစ်တယ်။ ဒီအဓိပ္ပာယ်အရဆိုရင် အချိန်ဟာ အရင်းရှင်စနစ်ရဲ့မိတ်ဆွေ ထာဝစဉ် မဖြစ်နိုင်တော့ပါဘူး။

ဆိုရှယ်လစ်စနစ်သာလျှင် လူသားသမိုင်းရဲ့ အနာဂတ် ဖြစ်ပါတယ်။

လီနင်နဲ့ ဗော်ရှီဗစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ ရုရှားပြည်မှာ အောက်တိုဘာတော်လှန်ရေး အောင်ပွဲခံလိုက်ခြင်းဟာ လူသားလူ့အဖွဲ့အစည်းအနေနဲ့ ဆိုရှယ်လစ်စနစ်သို့ ပထမဆုံးအကြိမ် တက် လှမ်းလိုက်ခြင်းဖြစ်တယ်။

ဒါကြောင့် ဒီနှစ် ၂၀၁၇ ခုနှစ်မှာ ကျရောက်လာတော့မယ့် အောက်တိုဘာတော်လှန်ရေး နှစ် (၁၀၀) ပြည့်တော့မယ့် ထွန်းပြောင်တဲ့ မင်္ဂလာအခါသမယမှာ ပြည်တွင်းပြည်ပ ကမ္ဘာ့နေရာ အသီးသီးမှာ သဏ္ဍာန်မျိုးစုံနဲ့ ရောက်ရှိရပ်တည်နေကြရတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များ၊ ကေဒါရဲဘော်များအနေနဲ့ မိမိပါတီရဲ့ ရောက်ရှိနေတဲ့ ပကတိဘာဝနဲ့အညီ အောက်တိုဘာတော်လှန်ရေး အောင်ပွဲအလံကို မြင့်မြင့်မားမားလွှင့်ထူပြီး အောက်တိုဘာ ဆိုရှယ်လစ်အနှစ် (၁၀၀) ပြည့်အခမ်းအနားများကို အနှစ်သာရရှိစွာ အထိမ်းအမှတ်ပြုကြပါစို့။

အောက်တိုဘာ တော်လှန်ရေးဂုဏ်ရောင် ထာဝစဉ်ထွန်းပြောင်ပါစေ။

မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် အဓွန့်ရှည်ပါစေ။

ဥက္ကဋ္ဌသခင်သန်းထွန်း၊ ဥက္ကဋ္ဌသခင်ဇင်၊ ဥက္ကဋ္ဌသခင်ဗသိန်းတင်နဲ့တကွ အထွေထွေအတွင်းရေးမှူး ရဲဘော်ကြင်မောင်နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ပထမမျိုးဆက်များ အပါအဝင် ကျဆုံးသွားတဲ့ မျိုးဆက်အသီးသီးမှ ခေါင်းဆောင်များ၊ အဆင့်အသီးသီးမှ ပါတီဝင်များ၊ ကေဒါများ၊ ရဲဘော်များရဲ့ အသက်သွေးချွေးပေးလှူစွန့်လွှတ်မှုများ ထာဝစဉ် ဥဒါန်းတွင်ပါစေ။

ဗမာပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

**၂၀၁၇ စက်တင်ဘာ ၈။**

**ကိုးကား။ ။ (၁) တရုတ်ဘာသာ ဝက်ဆိုဒ်များ၊ (၂) မော်ကွန်းတိုက်ရှိ မှီငြမ်းကိုးကား စာစောင်များ။**

# တိုက်ပွဲအလီလီမှသည်
# အောင်ပွဲဆီသို့

အလုပ်သမား၊ လယ်သမားနဲ့ ကျောင်းသားစတဲ့ အဖိနှိပ်ခံပြည်သူလူထုရဲ့ တရားမျှတတဲ့ တိုက်ပွဲတွေကို ထောက်ခံဝန်းရံပေးဖို့ လိုအပ်ပါတယ်။ အဲဒီအထဲမှာ လက်ပံတောင်းဒေသ ပြည်သူလူထုရဲ့ တရားမျှတတဲ့ တိုက်ပွဲတွေလည်း ပါဝင်ပါတယ်။

လက်ပံတောင်းတောင်ဒေသ ပြည်သူတွေရဲ့ တိုက်ပွဲတွေကို ထောက်ခံရုံသာမက သူတို့ရဲ့ သူရသတ္တိ၊ ဇွဲနပဲနဲ့ တိုက်ပွဲဝင်စိတ်ဓာတ်ကိုလည်း လေးစားဂုဏ်ပြုသင့်ပါတယ်။ လက်ပံတောင်းဒေသ ပြည်သူလူထုဟာ တိုက်ပွဲအလီလီကို နှစ်နဲ့ချီပြီး ရေရှည်ဆင်နွှဲလာခဲ့တာ ယနေ့ထက်တိုင်ပါပဲ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စတင်လုပ်ဆောင်မယ့်အချိန်မှာ လက်ပံတောင်း ဒေသခံများပိုင်ဆိုင်တဲ့ လယ်မြေဧက ၇၀၀၀ ကျော်ကို သိမ်းဆည်းခဲ့ပါတယ်။ ဒေသခံပြည်သူလူထုရဲ့ ဆန့်ကျင်ကန့်ကွက်မှုတွေကြောင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ရပြီး အဲဒီကော်မရှင်ရဲ့ အစီရင်ခံစာမှာ အစားထိုး မြေဧက ၁၉၀၀ အား ဖော်ထုတ်ပေးရေးဆိုတာ ပါရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီမြေဧက ၁၉၀၀ ကို အခုထိ အစားထိုးဖော်ထုတ်ပေးအပ်တာ မရှိသေးလို့ လက်ပံတောင်းတောင် ဒေသခံတွေ ဒီနေ့အထိ တိုက်ပွဲဝင်နေရတာပါ။ (စက်တင်ဘာလ ၂၉ ရက်နေ့ လက်ပံတောင်းတောင် ဒေသခံပြည်သူများရဲ့ ဆန္ဒပြပွဲ) မျက်မှောက်ကာလမှာ လူထုရဲ့ဒီလို တိုက်ပွဲဝင်တောင်းဆိုချက်တွေကို သက်ဆိုင်ရာအာဏာပိုင်တွေက ပြေလည်အောင် ဖြေရှင်းမပေးတဲ့ အပြင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေသာမက စစ်တပ်ကိုယ်တိုင် ဆန္ဒပြဒေသခံလူထုကို စစ်ပွဲတပွဲအသွင် ရင်ဆိုင်ပြီး ဒေသခံလူထုတွေကို သေနတ်ပိုက်အနေအထားနဲ့ ဖြိုခွဲခဲ့ပါတယ်။ ဒေသခံလူထုရဲ့ သပိတ်စခန်းကိုလည်း မိုးရွာနေလို့ လူထုတွေ ရွာထဲ မိုးခိုနေတဲ့ ညအချိန်မတော်မှာ ဝင်ရောက်ဖျက်ဆီး၊ ဗီနိုင်းနဲ့အလံတွေကို သိမ်းယူဖျက်ဆီးခဲ့ကြပါတယ်။ (မန္တလေးမြို့မှာ တလောက ဖြစ်ပေါ်ခဲ့တဲ့ လယ်သမားသပိတ်စခန်းတွေကို ညကြီးသန်းခေါင် ဝင်ရောက်စီးနင်းဖြိုခွဲတဲ့ပုံစံမျိုးပါပဲ။)

ဖိနှိပ်မှုကို ခေါင်းငုံ့မခံဘူးဆိုတဲ့ သူရသတ္တိကို လက်ပံတောင်း ဒေသ ပြည်သူလူထုက အထင်အရှား ပြသနိုင်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့တုန်းကလည်း မြေသိမ်းခံ လက်ပံတောင်းတောင် ဒေသခံများကို မီးလောင်ဗုံးနဲ့ ဖြိုခွင်းခဲ့ရာမှာ ပြည်သူ့တိုက်ပွဲကို ဝန်းရံခဲ့တဲ့ သံဃာတော် အပါး ၁၀၀ မီးလောင်ဗုံး ဒဏ်ရာတွေ ရရှိခဲ့ကြရပါတယ်။ ဒါပေမဲ့ ပြည်သူတွေရဲ့ တိုက်ပွဲဝင် စိတ်ဓာတ်နောက်တွန့်သွားခဲ့ပါသလား။ ကြေးနီစီမံကိန်းမှ မြေယာများကို တိုးချဲ့ခြံစည်းရိုးခတ်တဲ့အချိန် လုံခြုံရေးရဲတပ်ဖွဲ့နဲ့ ဒေသခံလူထုပဋိပက္ခ တင်းမာနေချိန် ရဲတပ်ဖွဲ့ဘက်မှ သေနတ်နဲ့ ပစ်ခတ်ခဲ့လို့ မိုးကြိုးပြင်အလယ်ရွာသူ ဒေါ်ခင်ဝင်း ဦးခေါင်းကို သေနတ်ထိမှန်ပြီး ပွဲချင်းပြီး သေဆုံးခဲ့ရပါတယ်။ ဒါပေမဲ့ လက်ပံတောင်းတောင် ဒေသပြည်သူလူထုရဲ့ တိုက်ရဲတဲ့ စိတ်ဓာတ်ကို ချိုးနှိမ်ဖယ်ရှားနိုင်ခဲ့ပါသလား။

လက်ပံတောင်းတောင် ဒေသခံပြည်သူတွေရော ဝန်းရံသူများပါ သက်ဆိုင်ရာ အာဏာပိုင်တွေရဲ့ ဖိနှိပ်မှုကြောင့် အချုပ်ခံရ၊ ထောင်ကျခံကြရ၊ အမှုဖွင့် အရေးယူခံကြရတာလည်း အကြိမ်ကြိမ်အလီလီပါ။ လတ်တလောမှာပဲ လူစုလူဝေးနဲ့ ဆန္ဒပြစီတန်းလှည့်လည်တဲ့အတွက်ဒေါ်မာချို၊ မစန္ဒာ၊ ဒေါ်စန်းနွဲ့၊ ဒေါ်ညိုလေးတို့လေးဦးအား အမှုဖွင့် အရေးယူထားပါတယ်။ သူတို့ဘာလို့ ဆန္ဒပြရသလဲ။ မြန်မာဝမ်ပေါင် ကုမ္ပဏီဘက်မှ ဒေသခံလယ်မြေတွေကို ကျူးကျော်ပြီး ရေဆိုးမြောင်းတွေ တူးဖော်နေလို့ပါ။ ပလပ်မြေ ပိုလျှံမြေဆိုပြီး ပြန်ပေးထားတဲ့မြေတွေနဲ့ လျော်ကြေးမထုတ်ထားတဲ့ မြေတွေမှာ ရေဆိုးမြောင်းတွေ တူးဖော်လာလို့ပါ။

လက်ပံတောင်းတောင် ဒေသက ပြည်သူတွေ ဘာလို့ အဆက်မပြတ် တိုက်ပွဲ အလီလီ တိုက်နေရပါသလဲ။

အဆက်မပြတ် ဖိနှိပ်မှုတွေ ရှိနေလို့ အဆက်မပြတ် တိုက်ပွဲဝင်မှုတွေ ရှိနေရတာပါ။ အစားထိုး မြေကေ ၁၉၀၀ မရသေးတဲ့အပြင် လျော်ကြေးမယူဘဲ သိမ်းပိုက်ခံထားရတဲ့ မြေတွေမှာ သီးနှံလျော်ကြေးတွေလည်း မရသေးပါဘူး။ ဒေသခံမြေတွေမှာ မတရား ကျောက်တူးတာ၊ ကျောက်သယ်ကားတွေ မဆင်မခြင် ရမ်းကားမှုကြောင့် ကျွဲနွားတွေ လူတွေသေဆုံးရတာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအဖြစ် သီးနှံတွေ ကွမ်းပင်တွေ ထိခိုက်တာ၊ ရေတွေ ရေပြာအိုင်လိုဖြစ်နေပြီး ငါးတွေသေတာ၊ သောက်သုံးရေတွေ မသန့်စင်တာအပြင် ချင်းတွင်းနဲ့ ရောဝတီပါ ထိခိုက်နိုင်တာ စသဖြင့် အဆက်မပြတ် ထိခိုက်မှုဘေးဒုက္ခတွေကို ဒေသခံပြည်သူတွေ ခံစားနေရတာပါ။

ဒေသခံတွေအနေနဲ့ တောင်တွေပျောက်ကွယ်ဆုံးရှုံးရတာ၊ ဘုရား ကျောင်းကန်နဲ့ သိမ်တွေ အဖျက်ဆီးခံရတာ၊ လယ်မြေတွေ အသိမ်းခံရတာ သံဃာတော်တွေ မီးလောင်ပုံးဒဏ်ခံရတာ၊ လူသတ်ခံရတာတွေ ရှိခဲ့ပေမယ့် လူထုအတွက် ထိထိရောက်ရောက် အကျိုးကျေးဇူး မရခဲ့သလို ရှေ့မှာလည်း ဖောင်းကတာ၊ မန်ကျည်းတန်းကျောက်ဖြူတိုင်၊ ဆည်တည်း၊ မိုးကြိုးပြင်၊ လယ်တီ၊ ဝက်မှေး ၊ တုံ့ရွာ စတဲ့ ရွာတွေအထိ တိုးချဲ့သိမ်းယူလိုတဲ့ အကြံတွေရှိနေတဲ့အတွက် ဒီနေ့တိုက်ပွဲဝင်နေသလို ရှေ့ဆက်ပြီး တိုက်ပွဲအလီလီ ဆင်နွှဲရဦးမှာ ဖြစ်ပါတယ်။

တိုက်ပွဲဝင် လက်ပံတောင်းတောင် ပြည်သူလူထုအနေနဲ့ မိမိတို့ဆင်နွှဲရမယ့် တိုက်ပွဲတွေမှာ အလေးထား သတိပြုသင့်တဲ့ အချက်တချို့ရှိနေပါတယ်။ လက်ပံတောင်းတောင် လူထုရင်ဆိုင်နေရတာ ရန်ကုန်မြို့ပေါ်က စက်ရုံအလုပ်သမားတွေလို အလုပ်ရှင်နဲ့ ထိပ်တိုက်ရင်ဆိုင်ပြီးမှ အာဏာပိုင်တွေရဲ့ မတရားမှု ဘက်လိုက်မှုတွေကိုပါ ဆန့်ကျင်ရင်ဆိုင်ရတဲ့အခြေအနေနဲ့ မတူပါဘူး။ ဦးပိုင်ဆိုတဲ့ စစ်အုပ်စုရဲ့ အကျိုးစီးပွားနဲ့ထိပ်တိုက်ရင်ဆိုင်နေရတာပါ။ ဦးပိုင်ဟာ စစ်အုပ်စုရဲ့ အထိမခံတဲ့ အကျိုးစီးပွားတခု ဖြစ်ပါတယ်။ ဝမ်ပေါင်ကို ဖိတ်ခေါ်လာသူကလည်း ဦးပိုင်ရဲ့ ဖခင် စစ်အုပ်စုကိုယ်တိုင်ပါပဲ။ စစ်အုပ်စုက ကြေးနီစီမံကိန်းကို စစ်တပ်ဖွဲ့နဲ့ လုံခြုံရေးရဲတပ်ဖွဲ့တို့ကို သုံးပြီး အသေအလဲ ကာကွယ်နေတာ ဝမ်ပေါင်အတွက် သက်သက်မဟုတ်ပါဘူး။ စစ်အုပ်စုအကျိုးစီးပွားကို ကာကွယ်နေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ခြေဆုံးခေါင်းဆုံး လက်နက်တပ်ဆင်ထားတဲ့ ဒီလို ရန်သူကို ရင်ဆိုင်တဲ့နေရာမှာ တိုက်ပွဲဆင်ဖို့ အကျိုးအကြောင်း ခိုင်လုံတဲ့ အပေါ်မှာ အခိုင်အမာအခြေအနေအရ တလှမ်းချင်း တဆင့်ချင်း တိုက်ပွဲဝင်သွားဖို့ လိုပါလိမ့်မယ်။

နောက်တချက် အနေနဲ့ မိမိတို့ ဒေသခံ ပြည်သူလူထုရဲ့ ညီညွတ်မှုသာမက တပြည်လုံးပြည်သူလူထုရဲ့ ထောက်ခံဝန်းရံမှုကို ပိုမိုရရှိအောင် ကြိုးပမ်းသွားကြရပါလိမ့်မယ်။ မျက်မှောက်ကာလမှာလည်း ဘယ်အစိုးရတက်တက် စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်က ကြီးစိုးခြယ်လှယ်နေဆဲ ဖြစ်ပါတယ်။ တိုက်ပွဲဝင်သူတွေရဲ့ ယာယီ အောင်မြင်မှုတွေဟာလည်း စစ်အာဏာရှင်စနစ်ရှင်သန်နေသေးသမျှ လုံးဝဥဿုံ စိတ်ချနိုင်လောက်တဲ့ အနေအထားကို မရောက်နိုင်သေးပါဘူး။ ဒါကြောင့် မိမိတို့ရဲ့ လက်တွေ့တိုက်ပွဲများကို ဆင်နွှဲရင်း စစ်အာဏာရှင်စနစ် လုံးဝဥဿုံ ဖြိုချရေးကိုလည်း ရည်မှန်းချက် ထားရမှာ ဖြစ်ပါတယ်။ စစ်အာဏာရှင်စနစ် လုံးဝဥဿုံ ဖြိုချရေးအတွက် တိုက်တဲ့တိုက်ပွဲများမှာလည်း ပါဝင်နိုင်သလောက် ပူးပေါင်းပါဝင်တာနဲ့ ကူညီနိုင်သလောက် ကူညီတာ လုပ်ဆောင်သင့်ပါတယ်။ တရားရှိရင် ကူသူများမယ်ဆိုတဲ့ စကားအတိုင်း မိမိတို့ရဲ့ တရားတဲ့ တိုက်ပွဲများအပေါ် စာနာသူ ကူညီသူ ပိုမိုများပြားလာအောင် လှုံ့ဆော်စည်းရုံးသင့်ပါတယ်။

တိုက်ပွဲအလီလီမှသည် အောင်ပွဲဆီသို့။ ။



# စစ်တပ်ဟာ စစ်တန်းလျားကို ပြန်ချိန်တန်ပြီ

နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်လို့ တရုတ်ပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတ နိုင်ငံခေါင်းဆောင် ရဲဘော်မော်စီတုန်းက အများနား လည်လွယ်တဲ့နည်းနဲ့ ရှင်းပြခဲ့တယ်။ တကယ်တော့ မော်စီတုန်းဟာ မာ့က်စ်ဝါဒီပီပီ မာ့က်စ်ဝါဒကို အများနားလည်နိုင်တဲ့ စကားနဲ့ လိုရင်းတိုရှင်း ရှင်းပြလိုက်တာပဲ ဖြစ်တယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ လူ့အဖွဲ့အစည်းတခုလုံးရဲ့ သမိုင်းကို ခြေခြေမြစ်မြစ်နိုက်နိုက်ချွတ်ချွတ် စူးစမ်းလေ့လာပြီး အပြန်အလှန်သုံးသပ်တဲ့အခါမှာ သမိုင်းဆိုင်ရာရုပ်ဝါဒဆိုတဲ့ အမှန်တရားကို ဖော်ထုတ်နိုင်ခဲ့ကြတယ်။ လူ့သမိုင်းမှာ လူ့ယဉ်ကျေးမှု စတင်ကတည်းက လူ့အဖွဲ့အစည်းဟာ လူတန်းစားတွေအဖြစ် ကွဲပြားသွားတယ် ဆိုတာ တွေ့ရှိတယ်။ လူတန်းစားတွေအဖြစ် ကွဲပြားသွားတဲ့ လူ့အဖွဲ့အစည်းမှာ လူတန်းစားတရပ်က လူတန်းစားတရပ်ကို ဖိနှိပ်အုပ်စိုးလေ့ ရှိတယ်ဆိုတာကိုလည်း တွေ့ရှိကြတယ်။ ဆိုလိုတာက လူ့အဖွဲ့အစည်းမှာ အုပ်စိုးတဲ့ လူတန်းစားနဲ့ အဖိနှိပ်ခံလူတန်းစားဆိုပြီး ကွဲပြားသွားတယ်လို့ မာ့က်စ်က မြင်တွေ့သွားပါတယ်။ အဲ့ဒီ အုပ်စိုးတဲ့ လူတန်းစားဟာ အကြမ်းဖက်ဖိနှိပ် အုပ်စိုးလေ့ ရှိတယ်ဆိုတာကို တွေ့ရှိကြတယ်။ အကြမ်းဖက်ဖိနှိပ်မှုကို တွန်းလှန်တဲ့ အဖိနှိပ်ခံလူတန်းစားကလည်း အကြမ်းဖက်နည်းကိုပဲ အသုံးပြုရတယ်ဆိုတာကို မာ့က်စ်တို့ တွေ့ရှိတယ်။ ဒါကြောင့် လူ့သမိုင်းဟာ လူ တန်းစားတိုက်ပွဲသမိုင်း ဖြစ်တယ်။ နိုင်ငံတော် အစိုးရဆိုတာ အုပ်စိုးသူ လူတန်းစားရဲ့ ဖိနှိပ်ရေးယန္တရားတခုပဲ ဖြစ်တယ်။ လက်နက်ကိုင် တပ်ဖွဲ့တွေ၊ ထောင်တွေဆိုတာ အစိုးရယန္တရားထဲက ဖိနှိပ်ရေးကိရိယာတွေပဲ ဖြစ်တယ်လို့ မာ့က်စ်က ဆိုပါတယ်။

မာ့က်စ်တို့ရဲ့ ဒီတလောကလုံးဆိုင်ရာ အမှန်တရားကို ကွန်မြူနစ်တိုင်းနားလည်သဘောပေါက် လက်ခံယုံကြည်ကြပါတယ်။ မိမိဘဝလက်တွေ့နဲ့ ဆက်စပ်ပြီး ဘယ်လိုကျင့်သုံးရမယ် ဆိုတာကိုလည်း ကွန်မြူနစ်တို့ နားလည်ကြပါတယ်။ ဒါကြောင့် မော်စီတုန်းက ကမ္ဘာမှာ ဖြစ်ပျက်နေတာတွေရော၊ တရုတ်ပြည် လက်တွေ့ဘဝတွေကိုရော ခြုံငုံသုံးသပ်ပြီး အများနားလည်လွယ်တဲ့

စကားနဲ့ မာ့က်စ်ဝါဒကို ရှင်းပြရာမှာ ပြောဆို သုံးနှုန်းလိုက်တာပဲ ဖြစ်ပါတယ်။

တရုတ်ပြည်မှာ မာ့က်စ်ဝါဒ သဘောတရားနဲ့ တရုတ်ပြည်လက်တွေ့ အခြေအနေကို ပေါင်းစပ်လှုပ်ရှားတာကို ဒီလို တွေ့နိုင်ပါတယ်။ အဲ့ဒါကတော့ တရုတ်ပြည် ကွန်မြူနစ်ပါတီကို ထူထောင်တယ်၊ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုကို တိုက်ရိုက်နဲ့ အကြွင်းမဲ့ခေါင်းဆောင်မှုကို ခံယူတဲ့ တရုတ်ပြည်လွတ်မြောက်ရေး တပ်မတော်ကို ထူထောင်တယ်၊ စစ်ဘုရင်တွေကို တိုက်ခိုက်ရှင်းလင်းခဲ့တယ်၊ ဂျပန်ခုခံဆန့်ကျင်ရေးစစ်ပွဲကို အောင်မြင်အောင် ဆင်နွှဲတယ်၊ ကူမင်တန်ဖောက်ပြန်တဲ့ အစိုးရကို တိုက်ခိုက်ရှင်းလင်းပြီး တရုတ်ပြည်သစ် (တရုတ်ပြည်သူ့သမ္မတနိုင်ငံ) ကို ထူထောင်ခဲ့တယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ အဖိနှိပ်ခံလူတန်းစားတွေကို ကိုယ်စားပြုပြီး နိုင်ငံရေးအာဏာကို လူထုတရပ်လုံး ပါဝင်တဲ့ လက်နက်ကိုင်တော်လှန်ရေးနည်းနဲ့ အရယူနိုင်ခဲ့လို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်နိုင်ခဲ့ပါတယ်။ ဒီမိုကရေစီသစ် နိုင်ငံရေးလမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့လို့ ကနေ့ဆိုရင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ဆိုရှယ်လစ်ပဏာမအဆင့်ကို တက်လှမ်းနိုင်နေပြီ ဖြစ်တယ်။ တရုတ်ပြည်မှာ နိုင်ငံရေး တည်ငြိမ်မှု ရှိတယ်၊ ငြိမ်းချမ်းရေး ရှိတယ်၊ ဖွံ့ဖြိုးတိုးတက်မှုကလည်း မှန်မှန်ကြီး ဖြစ်ပေါ် တိုးပွားနေတယ်။

၁၉၁၇ ခုနှစ် အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးဟာ ဆိုဗီယက် ကွန်မြူနစ်ပါတီ (ဗော်ရှီဗစ်) ရဲ့ ခေါင်းဆောင်မှု အရ လူထုကြီးတရပ်လုံး ပါဝင်တဲ့ လက်နက်ကိုင်တော်လှန်ရေး ဖြစ်ပါတယ်။ ဒါကြောင့် တော်လှန်ရေးအောင်ပွဲခံပြီးတဲ့နောက်မှာ အလုပ်သမား၊ လယ်သမား လူတန်းစားတွေဟာ အုပ်စိုးသူလူတန်းစား ဖြစ်လာတယ်။ အလုပ်သမား၊ လယ်သမားအာဏာ (ဆိုဗီယက်အာဏာ) ကို ထူထောင်ခဲ့တယ်၊ ကမ္ဘာ့ ပထမဆုံး ဆိုရှယ်လစ်နိုင်ငံ ထူထောင်နိုင်ခဲ့တယ်။ တနည်းအားဖြင့် ပစ္စည်းမဲ့ဒီမိုကရေစီ အာဏာရှင်စနစ်ကို ထူထောင်နိုင်ခဲ့တယ်။ တပ်နီတော်ဟာ ဗော်ရှီဗစ်ပါတီရဲ့ ခေါင်းဆောင်မှုအောက်မှာ လှုပ်ရှားနေတာ ဖြစ်တယ်။

ဒါပေမဲ့ ခရုးရှော့အမှူးရှိတဲ့ ပြန်လည်ပြင်ဆင်ရေးဝါဒဟာ ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီမှာ အာဏာရလာပြီးတဲ့ နောက်မှာ ဆိုဗီယက်ယူနီယံဟာ တစတစ အသွေးအရောင် ပြောင်းလာပြီး နောက်ဆုံးမှာ ဘောရစ်စ်ယဲလ်ဆင် ခေါင်းဆောင်တဲ့ နေရှင်အုပ်စုဟာ လက်နက်ကိုင်အကြမ်းဖက်ပြီး အာဏာရယူလိုက်တာကြောင့် ဆိုဗီယက်ယူနီယံကြီးလည်း ပြိုကွဲသွားပြီး နေရှင်လူတန်းစားဟာ အုပ်စိုးသူလူတန်းစား ပြန်ဖြစ်လာပါတယ်။

ဒီကနေ့ ကမ္ဘာမှာ လစ်ဘရယ် နေရှင် ဒီမိုကရေစီရဲ့ စံပြနိုင်ငံကြီးဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတဟာ အမေရိကန် ပြည်ထောင်စုရှိ လက်နက်ကိုင်တပ်အားလုံးရဲ့ ဦးစီးချုပ်လည်း ဖြစ်ပါတယ်။ ဆိုလိုတာက အမေရိကန်သမ္မတ ဦးဆောင်တဲ့ အစိုးရဟာ အမေရိကန်စစ်တပ်ကြီးကို အမိန့်ပေးညွှန်ကြားတာ ဖြစ်တယ်။ ကမ္ဘာမှာ ဒီဟာက အစဉ်အလာတခုလို ဖြစ်နေပြီး နေရှင်ဒီမိုကရေစီ နိုင်ငံအားလုံးမှာလည်း ဒီလိုပဲ ကျင့်သုံးပါတယ်။ အဓိပ္ပာယ်က လစ်ဘရယ်ဒီမိုကရေစီမှာလည်း နေရှင်ဒီမိုကရေစီ အာဏာရှင်စနစ်ကို ကျင့်သုံးပါတယ်။ ဆိုလိုတာက လစ်ဘရယ်ဒီမိုကရေစီ နိုင်ငံတွေဟာလည်း အာဏာဟာ သေနတ်ပြောင်း ထဲက ထွက်လာတယ်ဆိုတာကို လက်တွေ့ကျင့်သုံးနေကြတာပဲ ဖြစ်ပါတယ်။

စစ်အုပ်စုတွေက စစ်အာဏာ သိမ်းမှုလုပ်ပြီး စစ်အာဏာရှင်စနစ်ကို ထူထောင်တဲ့ နိုင်ငံတွေမှာတော့ နေရှင်ဒီမိုကရေစီ (ဝါ) လစ်ဘရယ်ဒီမိုကရေစီပါ ဆိတ်သုဉ်းသွားရပါတယ်။ ဒီလိုနိုင်ငံမျိုးတွေမှာတော့ နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်ဆိုတာ ထပ်ပြီးရှင်းပြစရာ မလိုအောင်ကိုပဲ ရှင်းပါတယ်။

ဗမာပြည်မှာ ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ကစပြီး စစ်အုပ်စုက အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ်ကို ထူတောင်ထားတာ ကနေ့အထိပဲ။ အသွင်သဏ္ဍာန်တွေတော့ အမျိုးမျိုးပြောင်းခဲ့ပါတယ်။ မဆလ ၇၄ အခြေခံဥပဒေ၊ နဝတ၊ နအဖ၊ ကြံ့ဖွံ့အစိုးရ ၂၀၀၈ အခြေခံဥပဒေစတဲ့ အသွင်သဏ္ဍာန်တွေ ပြောင်းခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပြောင်းတဲ့အသွင်သဏ္ဍာန်ကတော့ လူတွေ မျက်စိလည်စေတယ်။ ၂၀၁၅ ရွေးကောက်ပွဲဟာ ၂၀၀၈ အခြေခံဥပဒေအရ လုပ်တဲ့ ရွေးကောက်ပွဲ ဖြစ်တယ်။ ဒီချုပ် အပြတ်အသတ် အနိုင်ရတယ်။ လွှတ်တော်နဲ့ အစိုးရအဖွဲ့မှာ ဒီချုပ်က နေရာအများစု ရတယ်၊ ဒီချုပ် အစိုးရဖွဲ့တယ်။ ဒါပေမဲ့ ဒီချုပ်အစိုးရဟာ ဖွဲ့စည်းမှုအရ၊ ပုံသဏ္ဍာန်အရပဲ တည်ရှိတာ ဖြစ်ပါတယ်။ တကယ်တော့ အစိုးရဟာ အာဏာမရှိပါဘူး။ တကယ့်

အာဏာဟာ စစ်အုပ်စုရဲ့ ကိုယ်စားလှယ် ကာချုပ်ဆီမှာပဲ ရှိပါတယ်။ ဒီချုပ်အစိုးရဟာ စစ်တပ်၊ ရဲတပ်ဖွဲ့ စတဲ့ ဘယ်လက်နက်ကိုင် တပ်ဖွဲ့ကိုမှ အမိန့်ပေးညွှန်ကြားခွင့် မရှိ ပါဘူး။

၂၀၀၈ အခြေခံဥပဒေအရ ကာလုံမှာ သမ္မတက ဦးဆောင်ရတယ်ဆိုတာ သမ္မတ (ဦး) ဗိုလ်သိန်းစိန်လိုသမ္မတမျိုးကို ဆိုလိုတာ ဖြစ်ပါတယ်၊ ဒီချုပ်သမ္မတကို မဆိုလိုပါ။ ဒါကြောင့် ဒီချုပ်အစိုးရဖွဲ့ပြီး ဘာစီမံကိန်းတွေပြောပြော ကာချုပ်က လုပ်ချင်ရာ လုပ်တာပါပဲ။

၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးကိစ္စ ဒီချုပ်လုံးပန်းခဲ့သမျှ ကာချုပ်က အမြဲပယ်ချခဲ့လို့ အရာမထင် ဖြစ်နေတယ်။ ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးကို တရား နည်းလမ်းတကျဖြစ်အောင် ဒီချုပ်က အကောင်အထည် ဖော်ချင်တယ်။ ကာချုပ် က မူ (၆) ချက် အသေကိုင်ထားတော့ NCA လည်း တိုးလို့တန်းလန်း ဖြစ်နေတယ်။ တိုက်ပွဲတွေလည်း ကာချုပ်က ဖြစ်ချင်တဲ့အချိန်မှာ ထဖြစ်နေတော့တာပဲ။ ၂၁ ရာစုပင်လုံ ဆိုတာလည်း မရေမရာကိစ္စတခု ဖြစ်လာနေတယ်။

ဒါတွေအားလုံးဟာ ဒီချုပ်က လက်နက်ကိုင်တပ်ကို အမိန့်ပေးခွင့် မရှိလို့ ဖြစ်တယ်။ လက်နက်ကိုင်တပ်ကို စစ်အုပ်စုက လက်ကိုင်တုတ်အဖြစ် အသုံးချနိုင်နေလို့ ဖြစ်ပါတယ်။ ဗမာပြည်မှာ နိုင်ငံရေးအင်အားစုအချို့ ပုဂ္ဂိုလ်တချို့က နိုင်ငံရေးအာဏာဟာ သေနတ်ပြောင်းက ထွက်လာတယ် ဆိုတာကို နားမလည်လက်မခံဘဲ ဒီမိုကရေစီစကားလုံးတွေကို အကောင်အထည်မဲ့ ပြောနေကြတယ်။ ငြိမ်းချမ်းရေးစကားလုံးတွေကို လက်တွေ့ကျကျ မရှင်းပြနိုင်ဘဲ ဗလုံးဗထွေးပြောနေကြတယ်။ ဒါပေမဲ့ ဗမာပြည်စစ်အုပ်စုကတော့ အာဏာဟာ သေနတ်ပြောင်းထဲက ထွက်လာတယ်ဆိုတာကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ခဲ့လို့ စစ်အာဏာရှင်စနစ်ကို ကနေ့အထိ တည်တံ့အောင် ထိန်းသိမ်းထားနိုင်တာ ဖြစ်တယ်။

ဒီချုပ်အစိုးရဟာ စစ်တပ်ကို တကယ်တမ်း ဦးစီးညွှန်ကြား အမိန့်ပေးနိုင်တယ်ဆိုရင် အစိုးရအာဏာ အပြည့်အဝရှိပြီး လုပ်ငန်းအဝဝလည်း အခုလောက်ဆို အတော်အဆင်ပြေ ချောမွေ့လောက်ပါတယ်။ အခုတော့ စစ်အာဏာရှင်စနစ်ကို ထိန်းသိမ်းကာကွယ်တဲ့ ၂၀၀၈ အခြေခံဥပဒေအရ ဖွဲ့ရတဲ့ ဒီချုပ်အစိုးရဖြစ်တော့ အာဏာလည်း မရှိ။ လုပ်ငန်းတွေလည်း ကမောက်ကမဖြစ်ဆိုတာမျိုးနဲ့ ကြုံတွေ့နေရတော့ တာပဲ။

၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်းရေးကို ဦးစားပေး မလုပ်ရင် စစ်အုပ်စုက ၂၀၀၈ အခြေခံဥပဒေ ခိုင်သည်ထက်ခိုင်အောင်နဲ့ စစ်အာဏာရှင်စနစ် အသားကျအောင် လုံးပန်းသွားပါလိမ့်မယ်။ တနည်းအားဖြင့် ပြောရရင် ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အရပ်သား အစိုးရဟာ သေနတ်ကို အမိန့်ပေးနိုင်တဲ့ အစိုးရဖြစ်အောင် လုံးပန်းကြရမယ်။ စစ်တပ်ကို နေရာမှန်ဖြစ်တဲ့ အစိုးရဝန်ထမ်းဘဝကို အပီအပြင် ပြန်ရောက်အောင် လုံးပန်းကြရမှာ ဖြစ်ပါတယ်။ တကယ်တော့ စစ်တပ်ဟာ စစ်တန်းလျားကို ပြန်ချိန်တန်တာ ကြာခဲ့ပြီ။ ၁၉၉၀ ပြည့်နှစ်ကတည်းကပါ။

**ဗမာပြည်စစ်အုပ်စုကတော့ အာဏာဟာ သေနတ်ပြောင်းထဲက ထွက်လာတယ်ဆိုတာကို လက်တွေ့ကျကျ ကျင့်သုံးနိုင်ခဲ့လို့ စစ်အာဏာရှင်စနစ်ကို ကနေ့အထိ တည်တံ့အောင်ထိန်းသိမ်းထားနိုင်တာ ဖြစ်တယ်။**

# နိုင်ငံတကာကဗျာ

(To the Martyred Students and Workers Killed in the Shanghai Massacre, 1925.)
(၁၉၂၅ခုနှစ်၊ ရှံဟဲလူသတ်ပွဲတွင်အသတ်ခံရသည့်ကျောင်းသားနှင့်အလုပ်သမားများသို့)

Across great China's sundials
The sun and moon plied their shuttle.
The day came, the night—
Now my tears flow again,
It is May 30th.

0 brothers: were you fools or heroes
To march to the international settlement?
The imperialist bullets were of steel,
Your bodies only of flesh and blood;
Which was stronger,
The egg or the stone? 0 hear:
Your children call for their fathers.
Your widows burn paper money and sob.
Your father mourns, he has lost his strong sons and will starve.

But see:
Chiang Kai-shek's new wife has a beautiful diamond ring
And a twelve-thousand dollar automobile with expensive musical horns,
And he rolls in splendor to his palace while his mercenaries cheer.
He has glory and power,
While you are dead.

But 0 my brothers: don't envy that traitor general.
All China knows that workers' blood and sweat
Pay for those luxuries.

တရုတ်နိုင်ငံက နေနာရီတွေကိုဖြတ်ပြီး
နေနဲ့လဟာ လွန်းထိုးနေကြတယ်။
နေ့ရောက်လာ၊ ညကူးသွား
ဒီအခါမှာ ငါ့မျက်ရည်တွေ စီးဆင်းရပြန်ပြီ
မေလ ၃၀ ရက်ကို ရောက်ပြန်ပြီပေါ့၊

သွေးချင်းတို့– နိုင်ငံတကာစာရင်းရှင်းပွဲကို သွားရအောင်
သင်တို့ဟာ အရူးတွေလား၊ သူရဲကောင်းတွေလား
နယ်ချဲ့သမားတွေရဲ့ကျည်ဆန်တွေဟာ သံမဏိနဲ့လုပ်ထားတာ
သင့်တို့ကိုယ်ဟာ အသွေးအသားနဲ့ပဲ လုပ်ထားတာ။
ဘယ်ဟာက ပိုမာကြောသလဲ၊
ကြက်ဥလား၊ ကျောက်တုံးလား။ နားထောင်လိုက်ပါ–
သင်တို့ရဲ့ကလေးတွေဟာ အဖေကို ခေါ်နေကြတယ်။
သင်တို့ရဲ့မုဆိုးမတွေဟာ ငွေစက္ကူအတုတွေ
မီးရှို့*ပြီး ငိုနေကြတယ်။
သင့်အဖေက ငိုနေတယ်၊
သူ့ခမျာ အားကောင်းမောင်းသန်သားတွေကို ဆုံးရှုံးပြီး
ငတ်ရတော့မယ်။

ဒါပေမဲ့ ကြည့်ပါ။
ချန်ကေရှိတ်ရဲ့မယားအသစ်လေးမှာ လှပတဲ့စိန်လက်စွပ်နဲ့
နောက်ပြီး ဂီတသံထွက်တဲ့ဟွန်းတွေ တပ်ထားတဲ့
ဒေါ်လာတသိန်းကျော်တန် ကားကြီးနဲ့။
သူဟာ သူ့ကြေးစားလက်ကိုင်တုတ်တွေရဲ့ ဩဘာသံတွေအကြားမှာ
ကားကြီးကို တငြိမ့်ငြိမ့်စီးသွားတယ်။
သင်သေဆုံးချိန်မှာ
သူ့မှာက ဂုဏ်ရှိန်နဲ့ အာဏာရှိနေတာကိုး။

All China will find revenge.
And you, my brothers, were not foolish or mad,
But the first sparks of the fire to burn him up.
You will live while it blazes,
The fire of World Revolution.

New Masses May 30th, 1928.

အို ညီနောင်သားချင်းတို့။ အဲဒီသစ္စာဖောက်ဗိုလ်ချုပ်ကို
အားမကျကြပါနဲ့။
အလုပ်သမားတွေရဲ့သွေးတွေချွေးတွေနဲ့
အဲဒီစည်းစိမ်တွေကို ရခဲ့တယ်ဆိုတာ
တရုတ်တနိုင်ငံလုံး သိပါတယ်။
တရုတ်တနိုင်ငံလုံးကပဲ လက်စားချေပါလိမ့်မယ်။
ကျွန်ုပ်ရဲ့ညီနောင်ဖြစ်တဲ့သင်တို့ဟာ
အရူးအပေါတွေ မဟုတ်ပါဘူး။
သင်းကို မီးလောင်တိုက်သွင်းပေးမယ့် ရှေးဦး မီးပွားတွေသာ၊
အဲဒီမီးပွားတွေက
ကမ္ဘာ့တော်လှန်ရေး မီးရှူးတန်ဆောင်ကို ထွန်းညှိပေးမယ့်အချိန်မှာ
သင်တို့ ရှင်သန်နေဦးမှာပါပဲ။ ။

(ငွေစက္ကူအတု မီးရှို့တယ်ဆိုတာ တရုတ်အသုဘတွေက ထုံးစံပါ၊)
၁၉၂၈ ခုနှစ်၊ မေလ ၃၀ ထုတ် တရုတ်လူထုသစ်မဂ္ဂဇင်းမှ




# အောက်တိုဘာတော်လှန်ရေး၏ သင်ခန်းစာတရပ်

ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးကို ရှေ့တန်းရောက်အရင်းရှင် နိုင်ငံများတွင် တပြိုင်တည်းဆင်နွှဲရမည်ဟု မာ့က်စ်နှင့်အိန်ဂယ်တို့က တွေးခေါ်ယူဆခဲ့ကြပေသည်။ ပြင်သစ်ဓနရှင်တော်လှန်ရေး (၁၇၈၉ – ၉၉) ၏ အတွေ့အကြုံနှင့်သင်ခန်းစာများကို အခြေခံ၍ ထိုသို့ စဉ်းစားတွေးခေါ်ခဲ့သည်ဟု ယူဆရကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး၏အစီရင်ခံစာ (၁၉၉၄) တွင် ဖော်ပြပါရှိပါသည်။ ထိုပြင်သစ်ဓနရှင်တော်လှန်ရေး ဖြစ်သောအခါတွင် ကျန်ပဒေသရာဇ်တိုင်းပြည်များ (ဗြိတိန် – ပရပ်ရှား – ဟော်လန် – စပိန် – ရုရှား စသည်တို့) က ဝိုင်းတိုက်ခဲ့ကြသည်။ ထို့အတူ အရင်းရှင် အုပ်စိုးမှုကို တနိုင်ငံတည်းတွင်သာ ဖြိုလှဲပါက ကျန်အရင်းရှင်နိုင်ငံများက ဝိုင်းတိုက်ခြင်းကို ခံရမည်ဟု ယူဆသဖြင့် ရှေ့တန်းရောက်အရင်းရှင်နိုင်ငံများတွင် တပြိုင်တည်း ပစ္စည်းမဲ့တော်လှန်ရေးလုပ်ရန် မာ့က်စ်နှင့်အိန်ဂယ်တို့က ဆော်ဩခဲ့ခြင်း ဖြစ်သည်ဟု ယူဆကြောင်းလည်း အစီရင်ခံစာတွင် ဆက်လက်တင်ပြထားပေသည်။ ထို့ကြောင့်လည်း မာ့က်စ်နှင့်အိန်ဂယ်တို့က 'အနိုင်နိုင်ငံမှ အလုပ်သမားအပေါင်းတို့ သွေးစည်းကြ' ဟု ကြွေးကြော်သံထုတ်ခဲ့ခြင်း ဖြစ်သည်။

လီနင်ခေတ်ရောက်သောအခါ အရင်းရှင်စနစ်သည် အဆင့်သစ်တခုသို့ တိုးတက်ရောက်ရှိသွားပြီ ဖြစ်သည်။ ၁၉၁၆ ခုနှစ်တွင် လီနင်က "အရင်းရှင်စနစ်၏အမြင့်ဆုံးအဆင့် – နယ်ချဲ့စနစ်" ဆိုသောကျမ်းကို ရေးသားပြုစုခဲ့သည်။ ထိုကျမ်းတွင် ထိုအချိန်က အရင်းရှင်စနစ် ရောက်ရှိနေသောအဆင့်ကို အခိုင်အမာခွဲခြမ်းစိတ်ဖြာ၍ တင်ပြထားသည်။ အရင်းရှင်စနစ်သည် ယင်း၏အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်သို့ ရောက်ရှိသွားပြီဖြစ်ကြောင်း၊ သေပန်းပွင့်နေသော အရင်းရှင်စနစ်ဖြစ်ကြောင်းနှင့် နယ်ချဲ့အချင်းချင်း ကိုလိုနီများ ပြန်လည်ခွဲဝေလုယက်သော နယ်ချဲ့စစ်ပွဲ ပေါ်ပေါက်လာပုံ (ထိုအချိန်တွင် နယ်ချဲ့တို့၏ ပထမကမ္ဘာစစ် ဖြစ်နေပြီဖြစ်သည်) တို့ကို တင်ပြခဲ့သည်။ ထို့အပြင် နယ်ချဲ့စနစ်သည် ပစ္စည်းမဲ့တို့၏ တော်လှန်ရေးခေတ်ဖြစ်သည်ဟုလည်း တင်ပြဆော်ဩခဲ့သည်။

နယ်ချဲ့စနစ်အောက်တွင် အရင်းရှင်စနစ်၏ မညီညာသော ဖြစ်ပေါ်တိုးတက်မှုနှင့်ပဋိပက္ခတို့ လွန်စွာသည်းသန်ပြင်းထန်လာပြီး ထိုမညီညာသော ဖြစ်ပေါ်တိုးတက်မှုက နယ်ချဲ့စစ်ပွဲများကို ဖြစ်ပေါ်စေသည်ဟု လီနင်က ရှင်းလင်းတင်ပြခဲ့သည်။ တဖန် ထိုနယ်ချဲ့စစ်ပွဲများက နယ်ချဲ့စနစ်၏ အင်အားကို ချည့်နဲ့လျော့ရဲစေမည်ဖြစ်ပြီး အင်အားအနည်းဆုံး ကွင်းဆက်တွင် ပစ္စည်းမဲ့တော်လှန်ရေးကို ဆင်နွှဲအောင်မြင်နိုင်ကြောင်းကိုလည်း တင်ပြခဲ့သည်။ တနည်းအားဖြင့် နိုင်ငံအများအပြားတွင်သာမက တနိုင်ငံတည်းတွင်လည်း ပစ္စည်းမဲ့တော်လှန်ရေးကို အောင်မြင်အောင် ဆင်နွှဲနိုင်ကြောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။ လက်တွေ့တွင်လည်း ရုရှားပြည်တွင် အောက်တိုဘာ ပစ္စည်းမဲ့တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပေသည်။

၁၉၁၄ ခုနှစ်တွင် ရုရှား၊ ပြင်သစ်၊ ဗြိတိန်နှင့် အိုင်ယာလန်တို့ကတဖက် – ဂျာမနီ၊ ဩစထရီးယား–ဟန်ဂေရီတို့ကတဖက် တိုက်ကြသော ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလေသည်။ ရုရှားနိုင်ငံမှ ဖောက်ပြန်သောဇာဘုရင်သည် အလုပ်သမား၊ လယ်သမား အများအပြားကို စစ်တပ်အတွင်း အတင်းအကျပ်သွတ်သွင်း၍ ဂျာမနီနှင့် စစ်တိုက်သည်။ သို့ရာတွင် စစ်လက်နက် ရိက္ခာစသည်တို့ကို

ရှေ့တန်းသို့ လုံလောက်အောင် မပေးပို့နိုင်။ သို့ဖြင့် စစ်ပွဲမှာ အရှုံးကြီးရှုံးနေရသည်။ ပြည်တွင်းတွင်လည်း စီးပွားရေးကျပ်တည်းမှုမှာ ကြီးသထက်ကြီးလာသည်။ အလုပ်သမားတို့၏ သပိတ်တိုက်ပွဲများ အရှိန်အဟုန်ဖြင့် ကြီးထွားလာနေသည်။ ဗော်ရှီဗစ်ပါတီကလည်း အလုပ်သမား၊ လယ်သမားများအကြားတွင်သာမက ရှေ့တန်းစစ်မျက်နှာမှ စစ်သည်များအကြားအထိ သွားရောက်စည်းရုံးကြသည်။ သို့ဖြင့် အခြေအနေရင့်မှည့်လာသောအခါ ဖေဖော်ဝါရီတော်လှန်ရေး၊ ထိုမှတဆင့် အောက်တိုဘာပစ္စည်းမဲ့တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပေတော့သည်။

အောက်တိုဘာတော်လှန်ရေး အောင်မြင်စေခဲ့သည့် အကြောင်းအချက်များစွာရှိသည့်အနက် အချက်တရပ်ကို တင်ပြလိုပါသည်။ ယင်းမှာ ဇာဘုရင်၏ အဓိကဖိနှိပ်ရေးယန္တရားကြီးတခု ဖြစ်သည့် စစ်တပ်တွင်းမှ အစိတ်အပိုင်းအချို့ကို တော်လှန်ရေးအင်အားစုဘက် ပါလာအောင် စည်းရုံးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ စစ်တပ်ကြီး၏ အောက်ခြေအများစုပိုင်းမှာလည်း အလုပ်သမား၊ လယ်သမားတို့ပင် ဖြစ်သည် မဟုတ်ပါလော။ လီနင်ကိုယ်တိုင်ကလည်း ဇာဘုရင်စစ်တပ်ကြီးမှာ စစ်ဝတ်စုံဝတ်ထားသော လယ်သမားများပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

အောက်တိုဘာတော်လှန်ရေးတွင် ဇာဘုရင်၏ ဖိနှိပ်ရေးတပ်ကြီးကို မိမိဘက်ပါလာအောင် စည်းရုံးရေးလုပ်ငန်းကို အရေးကြီးလုပ်ငန်းတရပ်အဖြစ် ဗော်ရှီဗစ်တို့က အားစိုက်လုပ်ဆောင်ခဲ့ကြသည်။ တော်လှန်ရေး ကြွေးကြော်သံအဖြစ် 'ငြိမ်းချမ်းရေး၊ မြေယာနှင့် ပေါင်မုန့် (အစားအစာ)' ဟူ၍ တင်ထားသည်ကိုကြည့်လျှင် သိသာပေသည်။ ရှေ့တန်းတွင် စစ်တိုက်နေသော စစ်သားများက စစ်မတိုက်ချင်ကြတော့။ တပြည်လုံးက ပြည်သူတွေကလည်း ထိုစစ်ကို ဆန့်ကျင်ကြသည်။ ဗော်ရှီဗစ်များက ရှေ့တန်းအထိ သွားရောက်ပြီး စစ်သားများကို အထက်မှ စစ်မိန့်ပေးသည်ကို မနာခံဘဲ သေနတ်ပြောင်းကို မိမိရန်သူအစစ်ဖြစ်သည့် ဇာဘုရင်ဘက်လှည့်ရန် စည်းရုံးကြသည်။ ထို့အပြင် မြေယာဝေခြမ်းရေးလုပ်မည် ဆိုသောအခါတွင် စစ်မြေပြင်ရှိ လယ်သမားများ မိမိဒေသကို ပြန်ကြတော့သည်။ သို့ဖြင့် တပ်တွင်းမှ ဘက်ပြောင်းလာသူများနှင့် အလုပ်သမား၊ လယ်သမားတို့ ပူးပေါင်း၍ တပ်နီတော်ကို ဖွဲ့စည်းနိုင်ခဲ့သည်။

အောက်တိုဘာတော်လှန်ရေးတွင် ယခုကဲ့သို့ ဇာဘုရင်၏စစ်တပ်ကို မိမိဘက်ကူးပြောင်းရေးလုပ်ငန်းကို အရေးပေး လုပ်ဆောင်ဖြစ်ခဲ့ခြင်းမှာ ၁၉၀၅ တော်လှန်ရေး၏ သင်ခန်းစာကို နမူနာယူခဲ့ခြင်းကြောင့် ဖြစ်သည်။ ၁၉၀၅ တော်လှန်ရေးမှာ မအောင်မြင်ခဲ့သော်လည်း နောင်ပေါ်ပေါက်လာမည့် တော်လှန်ရေးများအတွက် သင်ခန်းစာများ တပုံတပင် ပေးသွားခဲ့သည်။ ထိုသင်ခန်းစာများကို နိဂုံးချုပ်နိုင်ခဲ့၍ အောက်တိုဘာ တော်လှန်ရေး အောင်မြင်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း လီနင်က ၁၉၀၅ တော်လှန်ရေးဆိုသည့် ဝတ်စုံပြည့်အစမ်းဇာတ်တိုက်ခြင်းသာ မရှိလျှင် အောက်တိုဘာ တော်လှန်ရေးကို အောင်မြင်အောင် ဆင်နွှဲနိုင်မည်မဟုတ်ဟု ပြောခဲ့ခြင်း ဖြစ်သည်။

၁၉၀၅ တော်လှန်ရေးတွင်လည်း ဇာဘုရင်တပ်မှ တော်လှန်ရေးဘက် ကူးပြောင်းမှုများရှိခဲ့သော်လည်း မလုံလောက်ခဲ့ချေ။ ယင်းနှင့်ပတ်သက်၍ 'မော်စကိုအုံကြွမှု၏ သင်ခန်းစာများ' တွင် လီနင်က အောက်ပါအတိုင်း သုံးသပ်နိဂုံးချုပ်ထားသည်။ ဆိုလိုရင်းပေါ်စေရန် ခပ်ရှည်ရှည် ကိုးကားဖော်ပြလိုက်ပါသည်။

> တော်လှန်ရေးသည် လူထု လက္ခဏာမဆောင်ဘူး၊ စစ်တပ်ကိုလည်း ဂယက်မရိုက်ဘူးဆိုလျှင် အလေးအနက်ထားပြီး တိုက်နေရန် မလိုတော့ချေ။ စစ်တပ်များ အကြားတွင် အလုပ်လုပ်ကြရမည်။ ဤသည်မှာ ပြောစရာပင်မလို။ သို့သော် စစ်တပ်သည် ကျွန်ုပ်တို့၏ စည်းရုံးမှုကြောင့် သို့မဟုတ် ၎င်းတို့ကိုယ်တိုင် သဘောပေါက် နားလည်မှုကြောင့် တချက်တည်းနှင့် ကိုယ့်ဘက်သို့ ပါလာကြမည်ဟု ယူဆ၍ မဖြစ်ပေ။ ဤအမြင်မှာ အဘယ်မျှပုံသေကျကြောင်း၊ အသက်မဲ့ကြောင်း မော်စကိုပုန်ကန်မှုက ပြသခဲ့ပေပြီ။ တကယ့်တကယ်ကျတော့ စစ်မှန်သော လူထုအုံကြွမှုတိုင်းတွင် မလွဲမသွေ ပေါ်ပေါက်လေ့ရှိသည့် စစ်တပ်များအတွင်း တွေဝေယိမ်းယိုင်မှုဆိုသည်မှာ တော်လှန်ရေးတိုက်ပွဲ ပိုမိုပြင်းထန်လာတိုင်း **စစ်တပ်များအတွက်** တကယ့်**တိုက်ပွဲဆီ**သို့ ခေါ်ဆောင်သွားသည်ချည်း ဖြစ်သည်။ မော်စကို အုံကြွမှုသည် ဖောက်ပြန်မှုနှင့် တော်လှန်ရေးတို့အကြား စစ်တပ်များ ကိုယ့်ဘက်ပါရန် ပြင်းပြင်းထန်ထန် အရှုံးအမှုးတိုက်ပွဲဝင်ကြသည့် ဥပမာ



တခုပင် ဖြစ်သည်။ ဒူဘာဆော့ဗ်ကိုယ်တိုင်က မော်စကို မြို့စောင့်တပ်၏ တပ်သား ၁၅,၀၀၀ အနက် ၅,၀၀၀ သာ လျှင် စိတ်ချရသည်ဟု ပြောခဲ့သည်။ ဤတွေဝေသူ များအား အစိုးရသည် အမျိုးမျိုးသော သွေးရူးသွေးတန်း အနိုင်ဆုံးနည်းလမ်းများဖြင့် ထိန်းချုပ်ခဲ့ကြသည်။ သူတို့ကို မေတ္တာရပ်ခံသည်၊ မြှောက်ပင့်သည်။ လာဘ်ထိုးသည်။ နာရီ၊ ဆုငွေစသည်များ ဆုချသည်။ ဗော့ဒကာ အရက် ဖြင့် ယစ်မူးအောင်လုပ်သည်၊ လိမ်ညာသည်၊ ခြိမ်း ခြောက်သည်၊ စစ်တန်းလျားများဆီကို ပြန်ပို့ပြီး လက်နက် ဖြုတ်သည်။ မယုံကြည်ရဆုံးဟု ထင်မှတ်ရသူ စစ်သား များကို ကောက်ကျစ် ရက်စက်စွာဖြင့် ဖယ်ရှားပစ်သည်။ ဤမှာဘက်တွင် ကျွန်ုပ်တို့သည် အစိုးရထက် နောက်ကျ ကျန်ရစ်ကြောင်း ပြောင်မခြွင်းမချန် ဝန်ခံခဲ့ရပေမည်။ အစိုးရက အောင်မြင်စွာ ပြုလုပ်သွားသကဲ့သို့ တွေဝေနေ သော တပ်များအပေါ် တက်တက်ကြွကြွ ရဲရဲရင့်ရင့် ထိထိ ရောက်ရောက်နှင့် သဲသဲမဲမဲ တိုက်ပွဲဝင်ရန် ကိုယ့်မှာရှိ သော အင်အားများကို အသုံးမချနိုင်ခဲ့ကြချေ။ ကျွန်ုပ်တို့ သည် တပ်တွင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး၊ ရှေ့တွင် စစ်တပ်ကို အတွေးအခေါ်အရ “ကိုယ့်ဘက်ပါလာ အောင်” ဆထက်ထမ်းပိုး အားထုတ်သွားမည်။ သို့သော် အုံကြွမှု၏ လက်ရှိအချိန်အခါတွင် စစ်တပ်အား ခန္ဓာကိုယ် အရလည်း တိုက်ခိုက်ရမည်ဆိုသော အချက်ကို မေ့ပစ် လိုက်ပါက ကျွန်ုပ်တို့မှာ သနားစရာကောင်းသော လူနုံ လူအများ ဖြစ်သွားပေလိမ့်မည်။ (မော်စကိုအုံကြွမှု သင်ခန်းစာများ – ဗမာပြည်ကွန်မြူနစ်ပါတီ – ဗဟို ဘာသာပြန်ဌာန။ ၂၀၀၇ ခုနှစ်ထုတ်မှ)

အထက်ပါ ၁၉၀၅ ရုရှားတော်လှန်ရေးဖြစ်ရပ်များကိုကြည့်ပါက ဗမာပြည်၏ ၁၉၈၈ အုံကြွမှုတွင်လည်း အလားတူဖြစ်စဉ်များ ရှိခဲ့ သည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်၍လည်း ၁၉၈၈ အရေးတော် ပုံနှင့် ပတ်သက်၍ နိဂုံးချုပ်ရာတွင် အချက်တချက်အဖြစ် အထွေထွေ အတွင်းရေးမှူးအစီရင်ခံစာ (၁၉၉၄) တွင် ယခုလို ဖော်ပြခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။

ရန်သူ့စစ်တပ်ထဲမှာ မြှုပ်နှံထားတာဟာ သော့ချက်အကျ ဆုံး တာဝန်တခု ဖြစ်ပါတယ်။ ရန်သူ့စစ်တပ်ရဲ့ တချို့ အစိတ်အပိုင်းကို ပြည်သူတွေဘက် ကူးပြောင်းလာ အောင် အများပိုင်းကို ကြားနေလာအောင် စစ်အုပ်စုရဲ့ အမိန့်ကို မနာခံသူတွေ ဖြစ်လာအောင်လုပ်နိုင်မှ လူထု တိုက်ပွဲ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

မဟာအောက်တိုဘာတော်လှန်ရေး နှစ်တရာပြည့် ကာလတွင် ထိုတော်လှန်ရေးအကြောင်းကို ပြန်လည်လေ့လာခြင်း ဖြင့် မိမိတို့၏ တော်လှန်ရေးအတွက် စိတ်ဓာတ်ခွန်အားများသာမက နမူနာနှင့်သင်ခန်းစာများကိုလည်း ရယူနိုင်ပါကြောင်း တင်ပြလိုက် ရပါသည်။

# ကာ့ဒ်နိုင်ငံတော်ထူထောင်ရေး ခရီးကြမ်း

(၁)

ပြီးခဲ့တဲ့ စက်တင်ဘာ ၂၅ ရက်နေ့က အီရတ်နိုင်ငံမြောက်ပိုင်း ကာ့ဒ်ဒေသအုပ်ချုပ်ရေးနယ်မြေမှာ လွတ်လပ်တဲ့ ကာ့ဒ်သမ္မတ နိုင်ငံတော် ထူထောင်မလားဆိုတဲ့ ဆန္ဒခံယူပွဲကို ကာ့ဒ်ဒေသန္တရအစိုးရ (KRG) က ဦးစီးကျင်းပခဲ့တယ်။ မဲပေးခွင့်ရှိသူ ၄ သန်းနီးပါး အနက် ၇၂% ကျော် မဲပေးခဲ့တယ်။ ရာခိုင်နှုန်း ၉၀ ကျော်က ကာ့ဒ်နိုင်ငံတော်ထူထောင်ဖို့ ဆန္ဒမဲပေးခဲ့ကြတယ်။ မဖြစ်မနေ အကောင်အထည် ဖော်ရမယ့်ဆန္ဒခံယူပွဲ မဟုတ်ဘူး (non-binding) လို့ ပြောကြပေမယ့် ကာ့ဒ်ဒေသအစိုးရကတော့ ဟုတ်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ ချက်ချင်းလွတ်လပ်ရေး ကြေညာမှာ မဟုတ်ဘဲ အီရတ်ဗဟိုအစိုးရနဲ့ နိုင်ငံသစ်ထူထောင်ရေးအတွက် ဆွေးနွေးသွားမယ်လို့ ဆိုပါတယ်။ အီရတ်ဗဟိုအစိုးရကတော့ ဒီဆန္ဒခံယူပွဲဟာ တရားမဝင်ဘူးလို့ပဲ ရပ်ခံထားပါတယ်။

ဒီဆန္ဒခံယူပွဲ မကျင်းပဖို့ အီရတ်ဗဟိုအစိုးရက အထူးသတိပေးခဲ့သလို ကုလသမဂ္ဂနဲ့ အမေရိကန်အပါ နိုင်ငံတကာကလည်း အလားတူ ထုတ်ပြောခဲ့ကြတယ်။ အိမ်နီးချင်း တူရကီ၊ အီရန်တို့ကလည်း အလားတူ သတိပေးသလို ခြိမ်းခြောက်မှုတွေလည်း ပြုလုပ်ခဲ့ကြတာ ဖြစ်တယ်။ ထောက်ခံတဲ့နိုင်ငံဆိုလို့ အစ္စရေးလ်တနိုင်ငံပဲ ရှိတယ်။ ဒါလည်း သူကိုယ်တိုင်က နိုင်ငံမဲ့ဘဝကနေ နိုင်ငံတနိုင်ငံထူထောင်လာခဲ့လို့ ဘဝတူချင်းဆိုပြီး စာနာတာကြောင့်တော့ မဟုတ်ပါဘူး။ သူက ရန်သူအဖြစ်သတ်မှတ်ထားတဲ့ အီရန်ရဲ့နယ်စပ်မှာ သူ့အတွက်အသုံးဝင်မယ့် မဟာမိတ်နိုင်ငံတနိုင်ငံတိုးပြီဆိုပြီး ထောက်ခံလိုက်ပုံ ရပါတယ်။

ဘယ်လိုပဲပြောပြော အိမ်နီးချင်းနိုင်ငံတွေရဲ့အကျပ်ကိုင်မှုတွေက စတင်လာနေပြီ ဖြစ်ပါတယ်။ ဒီဒေသဆီ လေကြောင်းပျံသန်းမှုတွေ ပိတ်ပင်လိုက်ပြီ ဖြစ်တယ်။ ကာ့ဒ်ဒေသက ရေနံတင်ပို့မှုတွေကိုလည်း ပိတ်ဆို့ပစ်မယ်လို့တူရကီက ခြိမ်းခြောက်ထားတယ်။ ကာ့ဒ်ဒေသက ရေနံပိုက်လိုင်းက တူရကီကို ဖြတ်သွားတာ ဖြစ်တယ်။ ဒ့ါအပြင် ဆီးရီးယားကို တူရကီတပ်တွေ ဝင်ခဲ့သလို ဝင်မယ်လို့လည်း တူရကီသမ္မတ အာဒိုဝမ်က ပြောပါတယ်။ အီရတ်ကလည်း ဆန္ဒခံယူပွဲ မတိုင်မီ တရက်အလိုမှာကတည်းက မိုဆူးလ်မြို့နဲ့ဒါဟုခ်အကြားကားလမ်းကို ပိတ်ဆို့ထားပြီး ဖြစ်တယ်။ နောက်ထပ်လည်း တပ်တွေ စေလွှတ်ဦးမယ်လို့ ပြောထားပါတယ်။ အီရန်နဲ့ အီရတ်တို့ဟာ နယ်စပ်ကို သူတို့တပ်တွေ စေလွှတ်ပြီး ပူးတွဲစစ်ရေးလေ့ကျင့်မှုတွေ ပြုလုပ်နေကြပြီ ဖြစ်တယ်။

(၂)

ကာ့ဒ်တွေဟာ အရှေ့အလယ်ပိုင်း ဒေသမှာ စတုတ္ထလူဦးရေအများဆုံး လူမျိုးဖြစ်တယ်။ အများစုက ဆွန်နီမွတ်စလင်တွေဖြစ်ပြီး မွတ်စလင်ဂိုဏ်းကွဲတွေနဲ့ ခရစ်ယာန်ဘာသာဝင်တွေလည်း ရှိတယ်။ သူတို့ နေထိုင်ရာ ဒေသဟာ ရှေးအခါက ပါရှန်းအင်ပါယာထဲမှာ ပါဝင်တယ်။ နောင်မှာ အော်တိုမင်အင်ပါယာနဲ့ပါရှန်းအင်ပါယာစစ်ဖြစ်ပြီး သူတို့ဒေသအများစုက အော်တိုမင်အင်ပါယာထဲ ပါသွားတယ်။ ၁၉၁၈ ခုနှစ် အော်တိုမင်အင်ပါယာ ပြိုကွဲတဲ့ အချိန်မှာ အီရန်က အဲဒီဒေသတွေ ပြန်တောင်းပေမယ့် အနောက်နိုင်ငံတွေက မပေးပါဘူး။ အော်တိုမင်အင်ပါယာကို ခွဲခြမ်းပစ်ရာမှာ တူရကီ၊ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေထဲ ကာ့ဒ်တွေနေထိုင်တဲ့ ဒေသတွေ အစိတ်စိတ်ကွဲပါသွားတယ်။

လက်ရှိအချိန်မှာ ကာ့ဒ်လူမျိုးစုစုပေါင်း သန်း ၃၀ ရှိတယ်လို့ ခန့်မှန်းကြတယ်။ အီရန်မှာ ၈.၁ သန်း (အီရန်စုစုပေါင်းလူဦးရေရဲ့ ၁၀%)၊ အီရတ်မှာ ၅.၅ သန်း (အီရတ် စုစုပေါင်းလူဦးရေရဲ့ ၁၇.၅%)၊ ဆီးရီးယားမှာ ၁.၇ သန်း (ဆီးရီးယား စုစုပေါင်းလူဦးရေရဲ့ ၉.၇%) နဲ့ တူရကီမှာ ၁၄.၇ သန်း (တူရကီ စုစုပေါင်းလူဦးရေရဲ့ ၁၄.၇%) ဖြစ်ကြတယ်။ နိုင်ငံတကာ (အများစုက ဥရောပမှာ) ရောက်နေတဲ့ ကာ့ဒ်လူမျိုး ၂ သန်းခန့် ရှိတယ်။

ရှည်ကြာလှတဲ့ သမိုင်းတလျှောက်မှာ ကာ့ဒ်တွေဟာ အနှိမ်ခံ၊ အပစ်ပယ်ခံဘဝကို ခါးသီးစွာ ခံစားဖြတ်သန်းခဲ့ရတယ်။

ကိုယ်နေထိုင်ရာ ဒေသတွေကနေ အတင်းအကျပ်ပြောင်းရွှေ့ခံရတာအပြင် ရက်ရက်စက်စက်သတ်ဖြတ်ခံရတာလည်း မနည်းပါဘူး။

(၃)

အဲဒီလို အဖိနှိပ်ခံရတာတွေကြောင့် ကာ့ဒ်တွေရဲ့ တော်လှန်ပုန်ကန်မှုတွေလည်း မကြာမကြာ ပေါ်ပေါက်ခဲ့ရတယ်။ တူရကီမှာဆို ၁၉၂၅၊ ၁၉၃၀ နဲ့ ၁၉၃၈ တို့မှာ ကာ့ဒ်တွေရဲ့ ပုန်ကန်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ ဒါပေမဲ့ တူရကီအစိုးရက ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့တယ်။ ၁၉၂၅ နဲ့ ၁၉၃၈ ခုနှစ်အကြားမှာ ကာ့ဒ်လူမျိုး ၁ သန်းကျော်ဟာ အတင်းအကျပ်နေရာရွှေ့ပြောင်းခံကြရတယ်။ ကာ့ဒ်ဘာသာစကား၊ ရိုးရာဝတ်စုံနဲ့ ကာ့ဒ်အမည်သုံးခွင့်တွေကိုတောင် ပိတ်ပင်ခံရတယ်။ ကာ့ဒ်တွေနေထိုင်တဲ့ ဒေသတွေကို စစ်အုပ်ချုပ်ရေးကြေညာထားတာ ၁၉၄၆ ခုနှစ်အထိ ဖြစ်တယ်။

ဒါပေမဲ့ ကာ့ဒ်တွေရဲ့ အုံကြွပုန်ကန်မှုတွေကတော့ မရပ်တံ့သွားပါဘူး။ လက်ရှိအချိန်မှာတော့ ကာ့ဒ်တွေရဲ့ ပုန်ကန်မှုကို **(PKK)** ဆိုတဲ့ အဖွဲ့က ဦးဆောင်နေတယ်။ တူရကီအစိုးရက ဒီအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာထားတယ်။ အမေရိကန်၊ ဥရောပသုံအဖွဲ့နဲ့ နေတိုးစစ်စာချုပ်အဖွဲ့တွေကလည်း အလားတူသဘောထားကြတယ်။ ကုလသမဂ္ဂ၊ ဆွစ်ဇာလန်၊ ရုရှား၊ တရုတ်နဲ့ အိန္ဒိယတို့ကတော့ **(PKK)** ကို အကြမ်းဖက်အဖွဲ့စာရင်းထဲ မထည့်သွင်းကြပါဘူး။

အီရန်နိုင်ငံ အရှေ့မြောက်ဘက်မှာ ကာ့ဒ်တွေရဲ့ဒေသ တည်ရှိတယ်။ ကာ့ဒ်တွေနေထိုင်တဲ့ တခြားနိုင်ငံတွေနဲ့မတူဘဲ ကာ့ဒ်၊ ပါရှန်းနဲ့ အီရန်တွေအကြားမှာ မျိုးနွယ်စုဘာသာစကားနဲ့ ယဉ်ကျေးမှု ဆိုင်ရာတွေ အတော်ကလေး နီးစပ်ဆက်နွယ်မှုတွေ ရှိတယ်။ အီရန်ရှိ ကာ့ဒ်တွေဟာ တူရကီနဲ့ အီရတ်မှာလောက် ရက်ရက်စက်စက် အကြမ်းဖက်ဖိနှိပ် မခံရဘူးလို့ ဆိုပါတယ်။ ဒါပေမဲ့ နိုင်ငံတကာမီဒီယာက အီရန်ရဲ့ ရက်စက်ဖိနှိပ်မှုကို သိပ်မဖော်ပြတာကြောင့် လူသိပ်မသိကြတာလို့တချို့ကလည်း ဆိုတယ်။ အီရန်မှာလည်း ကာ့ဒ်တွေရဲ့ ပုန်ကန်မှု ရှိခဲ့တယ်။ ၂၀၁၁ ခုနှစ်မှာ ကာ့ဒ်ပြောက်ကျားတပ်ဖွဲ့ **(PJAK)** ကို အီရန်အစိုးရက အကြီးအကျယ်စစ်ဆင်ရေးတွေလုပ်ပြီး နှိမ်နင်းခဲ့တယ်။ အရပ်သားတွေအပေါ် ရာပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြတယ်။ ကာ့ဒ်တက်ကြွလှုပ်ရှားသူတွေကိုလည်း အီရန်အစိုးရက ကွပ်မျက်ပစ်လေ့ရှိပါတယ်။

ဆီးရီးယားမှာတော့ အရှေ့မြောက်နဲ့ မြောက်ပိုင်းမှာ ကာ့ဒ်အများစု နေကြတယ်။ အလက်ပိုနဲ့ ဒမတ်စကတ်မြို့ကြီးတွေမှာ နေထိုင်တဲ့ ကာ့ဒ်လူမျိုးလည်း အတော်လေး များတယ်လို့ ဆိုတယ်။ ဆီးရီးယားမှာလည်း ကာ့ဒ်ဘာသာစကား အသုံးပြုခွင့်ကို ပိတ်ပင်ထားတယ်။ ကလေးမွေးဖွားလာရင်လည်း ကာ့ဒ်လူမျိုးနာမည်နဲ့ မှတ်ပုံတင်ခွင့်မရှိဘူး။ ကာ့ဒ်ဒေသအမည်တွေကို အာရပ်အမည်ပြောင်းပစ်တယ်။ စီးပွားရေးလုပ်ငန်းတွေ ဆိုရင်လည်း အမည်ဟာ အာရပ်ဘာသာနဲ့ မဟုတ်ရင် ခွင့်မပြုဘူး။ ကာ့ဒ်ဘာသာသင်ကျောင်းတွေ ခွင့်မပြုဘူး။ စာအုပ်၊ စာစောင်စတာတွေလည်း ကာ့ဒ်ဘာသာနဲ့ ထုတ်ဝေခွင့်မပြုပါ။ ကာ့ဒ် ၃၀၀, ၀၀၀ ကို ဆီးရီးယားနိုင်ငံသား မပေးဘူး။ ဆန္ဒပြပွဲတွေ အကြီးအကျယ် ဖြစ်ပြီးမှ ၂၀၁၁ ခုနှစ်မှာ သူတို့ကို နိုင်ငံသားပေးခဲ့တယ်။

အခု ဆီးရီးယားမှာ ပြည်တွင်းစစ်ဖြစ်လာတော့ ကာ့ဒ်အတိုက်အခံ အဖွဲ့တွေဟာ ပူးပေါင်းပြီး ၂၀၁၂ ခုနှစ်မှာ ကာ့ဒ်ဦးစီးကော်မတီကို ဖွဲ့တယ်။ အဲဒီလက်အောက်မှာ ပြည်သူ့ကာကွယ်ရေးယူနစ်တွေ **(People's Protection Units YPG)** ဖွဲ့တယ်။ သူတို့ဟာ အစ္စလမ်အစွန်းရောက်အဖွဲ့ **(ISIS)** တွေကို လက်စွမ်းပြ တိုက်ခိုက်နိုင်ကြတယ်။ အမေရိကန်ကလည်း လက်နက်အပါ အကူအညီတွေပေးတယ်။ ဒီလိုနဲ့ သူတို့ဟာ ကာ့ဒ်ဒေသအတော်များများကို ထိန်းချုပ်နိုင်လာကြတယ်။ တူရကီကတော့ ဒီလို ကာ့ဒ်တွေ ကိုယ့်ဒေသ ကိုယ်အုပ်ချုပ်နိုင်လာတာကို သဘောမတွေ့ပါ။ ဒါကြောင့် ကာ့ဒ်တွေ ရှေ့ဆက်မတိုးနိုင်အောင် ယူဖရေးတီးမြစ်ကာကွယ်ရေး ဒိုင်းစစ်ဆင်ရေးဆိုပြီး ဆီးရီးယားပြည်မြောက်ပိုင်းထဲ တူရကီတပ်တွေ ဝင်ခဲ့ကြတယ်။

ဆီးရီးယားမှာရှိတဲ့ ကာ့ဒ်တွေဟာလည်း အခုလို ရရှိလာတဲ့ အခွင့်အရေးကို လက်လွှတ်မခံဘဲ ပြီးခဲ့တဲ့ စက်တင်ဘာ ၂၂ ရက်နေ့က (အီရတ်နိုင်ငံ ကာ့ဒ် ဆန္ဒခံယူပွဲမတိုင်မီ ၃ ရက်အလို) ကွန်မြူန်း ရွေးကောက်ပွဲတွေ ကျင်းပခဲ့တယ်။ အီရတ်ကာ့ဒ်တွေလို သူတို့က လွတ်လပ်ရေးကြေညာတာ မဟုတ်တဲ့အတွက် ဆီးရီးယားအစိုးရကလည်း ဟန့်တားပိတ်ပင်တာ မလုပ်ခဲ့ဘူး။ ချောချောမွေ့မွေ့ပဲ ပြီးစီးသွားတယ်။ ဒါပြီးရင် နိုဝင်ဘာ ၃ ရက်နေ့မှာ ဒေသကောင်စီ ကိုယ်

စားလှယ်ရွေးကောက်ပွဲလုပ်မယ်။ နောက်နှစ် ဇန်နဝါရီ ၁၉ ရက်မှာတော့ ဆီးရီးယား မြောက်ပိုင်းရှိ ကာ့ဒ်ခရိုင် ၃ ခုအတွက် ပါလီမန်ရွေးကောက်ပွဲ ကျင်းပမှာ ဖြစ်တယ်။ ရှေ့ဘယ်လိုဆက်ဖြစ်ပေါ်တိုးပွားမလဲ ဆိုတာတော့ စောင့်ကြည့်ရမှာပါ။

(၄)

အီရတ်မှာလည်း ကာ့ဒ်တွေရဲ့ ပုန်ကန်ထကြွမှုတွေဟာ စဉ်ဆက်မပြတ်ဆိုသလို ဖြစ်ခဲ့တယ်။ အီရတ်အစိုးရကလည်း နည်းမျိုးစုံသုံးဖိနှိပ်ခဲ့တယ်။ ၁၉၈၀ ခုနှစ်တွေအတွင်း အီရတ် – အီရန် စစ်ဖြစ်နေချိန်မှာတောင် ကာ့ဒ်တွေအပေါ် ဖိနှိပ်စစ်ဆင်တာတွေ မရပ်တန့်ခဲ့ပါ။ ၁၉၈၆ မှ ၁၉၈၉ ခုနှစ် အတွင်းမှာ အီရတ်အစိုးရက ကာ့ဒ်တွေအပေါ် အကြီးအကျယ် စစ်ဆင်ရေးလုပ်ခဲ့တယ်။ လူမျိုးတုံးသတ်ဖြတ်မှုကြီးလို့လည်း ဆိုကြတယ်။ ကာ့ဒ်ကျေးရွာပေါင်း ၂ ထောင်ကျော် ဖျက်ဆီးခံရတယ်။ ကာ့ဒ် ၁၈၂, ၀၀၀ အသတ်ခံရတယ်။ ၁၉၉၁ ခုနှစ်မှာ ကာ့ဒ်ပုန်ကန်မှုပြိုကွဲပြီး ကာ့ဒ်ဒေသ အတော်များများကိုလည်း အီရတ်အစိုးရက ပြန်သိမ်းနိုင်ခဲ့တယ်။ ကာ့ဒ်လူမျိုး ၁.၅ သန်းဟာ အိုးအိမ်စွန့်ခွာပြီး အိမ်နီးချင်း တူရကီနဲ့အီရန်ကို ထွက်ပြေးခဲ့ကြတယ်။

၁၉၉၁ ခုနှစ် ဧပြီမှာ ကုလသမဂ္ဂက အီရတ်ကာ့ဒ်တွေအပေါ် ဖိနှိပ်မှုတွေကို ဆန့်ကျင်ကန့်ကွက်ပြီး ဖိနှိပ်မှုတွေ ချက်ချင်းရပ်တန့်ဖို့နဲ့ လူသားချင်းစာနာမှု အဖွဲ့အစည်းတွေကို အီရတ်က လက်ခံဖို့ ဆုံးဖြတ်ချက်အမှတ် ၆၈၈ ကို ချမှတ်ခဲ့တယ်။ အမေရိကန်ဦးဆောင်တဲ့ ညွန့်ပေါင်းအဖွဲ့ (၁၉၉၀ ဩဂုတ်မှ ၁၉၉၁ ဖေဖော်ဝါရီအထိ အီရတ် ပထမစစ်ပွဲနွှဲခဲ့တဲ့အဖွဲ့) ကလည်း ကာ့ဒ်တွေအတွက် လုံခြုံရေးဇုန်ကို အီရတ်နိုင်ငံ အတွင်းမှာပဲ သတ်မှတ်ပေးပြီး အီရတ်လေယာဉ်တွေ မပျံသန်းရဇုန်ကိုလည်း သတ်မှတ်ခဲ့တယ်။

ကာ့ဒ်ပြောက်ကျားတွေလည်း အသက်ရှုချောင်သွားပြီး ၁၉၉၁ ခုနှစ် အောက်တိုဘာမှာ အာဘီလ်နဲ့ဆူလေမန်နီယာတို့ကို သိမ်းနိုင်ခဲ့တယ်။ ၁၉၉၂ ခုနှစ် မေလမှာ ပါလီမန်ရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့ပြီး ကာ့ဒ်ဒေသအစိုးရ (KRG) ကို ဖွဲ့စည်းနိုင်ခဲ့တယ်။ ၂၀၀၃ ခုနှစ်မှာ အမေရိကန် ဦးဆောင်ပြီး အီရတ်ကို ဝင်တိုက်သိမ်းပိုက်တော့ ကာ့ဒ်တွေက ပျော်ပွဲရွှင်ပွဲတွေနဲ့ ကြိုဆိုခဲ့ကြတယ်။ အကူအညီတွေလည်း ပေးခဲ့ကြတယ်။ သူတို့ထိန်းချုပ်တဲ့နယ်မြေကိုလည်း တိုးချဲ့နိုင်ခဲ့တယ်။ (KRG) ရဲ့အာဏာပိုင်မှုနဲ့ သူ့နဲ့သက်ဆိုင်တဲ့ ဥပဒေတွေကို အီရတ်နိုင်ငံရဲ့ ပြင်ဆင်ရေးဆွဲတဲ့ ၂၀၀၅ အခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းနိုင်ခဲ့တယ်။

ဒီနောက်ပိုင်း ၂၀၁၄ ခုနှစ်ထဲမှာ (ISIS) တွေ အီရတ်မြောက်ပိုင်းကို ဝင်တိုက်ခိုက်ခဲ့ပြီး ဖာလူဂျာ၊ မိုဆူးလ်စတဲ့ မြို့ကြီးတွေ သိမ်းနိုင်သွားတယ်။ (ISIS) တွေကို အီရတ်တပ်တွေနဲ့အတူ ကာ့ဒ်လက်နက်ကိုင်တပ်ဖွဲ့ (Kurdish peshmerga) နဲ့ အခြားမျိုးနွယ်စုတပ်တွေ ပြန်တိုက်ကြတယ်။ ဒါကြောင့် မိုဆူးလ်မြို့ရဲ့ အစိတ်အပိုင်းတချို့ဟာလည်း ကာ့ဒ်တွေ ထိန်းချုပ်မှုအောက် ရောက်ခဲ့တယ်။

(၅)

အခုလို အီရတ်ကာ့ဒ်ဒေသအစိုးရက ကာ့ဒ်နိုင်ငံတော်ထူထောင်မယ်ဆိုပြီး ဆန္ဒခံယူပွဲလုပ်လိုက်တာဟာ ကာ့ဒ်လူမျိုးတွေရဲ့ နှစ်ရာချီ နိုင်ငံမဲ့ဘဝနဲ့ အနိုမ်ခံ၊ အဖိနှိပ်အသတ်ဖြတ်ခံဘဝက လွတ်မြောက်လိုတဲ့ ဆန္ဒက အရင်းတည်လာတာဖြစ်မယ်ဆိုတာကတော့ အငြင်းပွားစရာ မရှိပါဘူး။ ဒါပေမဲ့ လက်ရှိ (KRG) ရဲ့ သမ္မတ ဘာဇာနီ (Barzani) ဟာ ကာ့ဒ်တွေရဲ့ ဒီမျိုးချစ်စိတ်ကို အသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်တယ်လို့ စွပ်စွဲမှုလည်း ရှိပါတယ်။

၂၀၁၅ ဩဂုတ်လ ၁၅ ရက်နေ့ကတည်းက သမ္မတဘာဇာနီရဲ့ သက်တမ်းဟာ ပြည့်ခဲ့ပြီ ဖြစ်တယ်။ ကာ့ဒ်ဒေသ ပါလီမန်အမတ်တွေက သူ့ရဲ့သမ္မတသက်တမ်းကို တိုးပေးဖို့ ငြင်းဆန်ခဲ့ကြတယ်။ ဒါပေမဲ့ အဲဒီအချိန်က (ISIS) တွေရဲ့ရန်က ကြီးထွားနေတာကြောင့် သမ္မတနဲ့ပါလီမန်အကြား ပဋိပက္ခကို အရှိန်သတ်ထားခဲ့ကြတာ ဖြစ်တယ်။ အခုတော့ (ISIS) တွေရန်က တစုံတရာ အေးလာပြီမို့ ဒီကိစ္စက ရှေ့တန်းပြန်ရောက်လာနေချိန်ဖြစ်တယ်။ နိုဝင်ဘာ ၁ ရက်နေ့မှာ ပါလီမန်နဲ့ သမ္မတရွေးကောက်ပွဲကျင်းပဖို့ ရှိတယ်။ အဲဒီမတိုင်မီလေးမှာ အခုလို ဆန္ဒခံယူပွဲကို လုပ်ခဲ့တာပါ။

နောက်ပြီး အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ ဘာဇာနီဟာ ကာ့ဒ်သမိုင်းမှာ သူ့နာမည် တွင်ကျန်ခဲ့ချင်ပုံလည်း ရတယ်လို့ ဆိုကြတယ်။ နောက်တချက်ကလည်း အခုအခါ (ISIS) တွေဟာ အီရတ်နိုင်ငံထဲက ပြန်ဆုတ်နေရပြီး အီရတ်အစိုးရက နယ်မြေတွေ ပြန်သိမ်းနိုင်လာတယ်။ ချည့်နဲ့တဲ့ အစိုးရဘဝကနေ တစုံတရာ အင်အားပြန်တောင့်လာတဲ့ ဗဟိုအစိုးရဖြစ်လာချိန်မှာ ကာ့ဒ်တွေအနေနဲ့ ဖက်ဒရယ်ပြည်နယ် အခွင့်အရေးတွေ တောင်းဆိုရာမှာ အခွင့်အရေးတွေ သိပ်

မရနိုင်တော့ဘူးဆိုတဲ့ အချက်က အခုလို ဆန္ဒခံယူပွဲကို ကျင်းပဖြစ်စေခဲ့တယ်လို့လည်း ဆိုတယ်။

(၆)

ဒီဒေသဟာ ပထဝီနိုင်ငံရေးအရ အရေးပါသလို ရေနံနဲ့ သဘာဝဓာတ်ငွေ့ သိုက်ကြီး ရှိနေတဲ့နေရာမို့ ပိုမိုပြီး အရေးပါတဲ့ နေရာ ဖြစ်တယ်။ ဒါကြောင့် ကမ္ဘာ့အင်အားကြီးတွေ ခြေရှုပ်အားပြိုင်နေကြသလို ဒေသတွင်း အင်အားရှိ နိုင်ငံတွေကြားလည်း အားပြိုင်မှုတွေ ရှိနေပါတယ်။ သမိုင်းတလျှောက် ပဋိပက္ခတွေမျိုးစုံပြီး ပြင်းထန်သည်းသန်လှတဲ့ ဒေသ ဖြစ်ပါတယ်။




စစ်အေးခေတ်က ဆိုဗီယက်နဲ့ အမေရိကန်တို့ရဲ့ အားပြိုင်မှုဟာ ဒီဒေသမှာလည်း အလွန်ပြင်းထန်သည်းသန်ခဲ့တယ်။ အာဖဂန်မှာ ဆိုဗီယက်က ထောက်ခံအားပေးတဲ့ အစိုးရကို ပုန်ကန်တိုက်ခိုက်ဖို့ အမေရိကန်က စစ်သွေးကြွအဖွဲ့တွေ မွေးမြူအားပေးခဲ့တယ်။ အဲဒီလို အဖွဲ့တွေကနေ ဘင်လာဒင်ရဲ့အယ်လ်ကိုင်ဒါနဲ့ တာလီဘန်စတဲ့ အဖွဲ့တွေ ပေါ်ပေါက်ခဲ့တာ ဖြစ်တယ်။ အစွန်းရောက်အစ္စလမ် အဖွဲ့တွေရဲ့ မူလအစလို့ ဆိုရမှာပါ။

၁၉၈၉ ဆိုဗီယက်ယူနီယံ ပြိုကွဲတော့ အမေရိကန်က အခွင့်ကောင်းယူပြီး သူ့ဩဇာခံနယ်ပယ်တွေကို မီးကုန်ယမ်းကုန် တိုးချဲ့ပါတော့တယ်။ ပင်လယ်ကွေ့ ပထမစစ်ပွဲကို အမေရိကန်ဦးဆောင်ပြီး ဆင်နွှဲတယ်။ အမေရိကန်မှာ ၉၁၁ အရေးဖြစ်တော့ အကြမ်းဖက်တိုက်ဖျက်ရေးကို အကြောင်းပြပြီး အမေရိကန်ဦးဆောင်တဲ့ စစ်ပွဲတွေ ဒီဒေသမှာ အတောမသတ် ဖြစ်လာတော့တယ်။ အမေရိကန်က သူ့ဩဇာချဲ့ဖို့ ကြိုးစားတာ ဒီဒေသတနေရာတည်းမှာ မဟုတ်ပါ။ ကမ္ဘာအနှံ့ ဖြစ်ပါတယ်။ ယူဂိုဆလားဗီးယားဆို အစိတ်စိတ်ကွဲသွားတယ်။ ဘောလ်ကန်နိုင်ဇေးရှင်း (Balkanization) ဆိုတဲ့ ဝေါဟာရတောင် ပေါ်လာခဲ့တယ်။ အရောင်တော်လှန်ရေး ဆိုတာတွေလည်း ခေတ်စားခဲ့တယ်။ အဲဒီအရောင်တော်လှန်ရေးတွေကနေ အမေရိကန်နဲ့ အနောက်ကို ယိမ်းတဲ့အစိုးရတွေ ပေါ်ပေါက်လာတယ်။ ရုရှားဟာလည်း ဖရိုဖရဲဖြစ် နောက်ဆုတ်နေခဲ့ရရာက နောက်ပိုင်း တစုံတရာ ပြန်လည်ထိန်းညှိနိုင်ပြီး အားပြန်တောင့်လာတော့ အမေရိကန်က သူ့ကို ဝိုင်းပတ်ဖို့ လုပ်နေတာတွေကို ပြန်ပြီးတော့ ရင်ဆိုင်လာနိုင်တယ်။ ဥရောပမှာ သူ့ကိုဝိုင်းပတ်ဖို့ လုပ်နေတာကို ယူကရိန်းမှာ ရုရှားက ခပ်ပြတ်ပြတ် ကိုင်လိုက်တယ်။ ခရိုင်းမီးယားကို ရုရှားနိုင်ငံထဲ ပြန်သိမ်းသွင်းတယ်။ သူ့အိမ်တံခါးဝ ရောက်နေပြီမို့ မကိုင်လို့လည်း မဖြစ်တော့ပါ။

အရှေ့အလယ်ပိုင်းမှာ အမေရိကန်က သူ့ဩဇာမကိုက်တဲ့ အစိုးရအဖွဲ့တွေကို တဖွဲ့ပြီးတဖွဲ့ အကြောင်းအမျိုးမျိုးပြ ဖြုတ်ချနေခဲ့တာ ဖြစ်တယ်။ အာဖဂန်နဲ့ အီရတ်မှာ သူ့စိတ်ကြိုက်အစိုးရတွေ တင်ခဲ့ပြီးပြီ။ ဒါပေမဲ့ အာဖဂန်နဲ့ အီရတ်ဟာ အခုချိန်ထိ တည်ငြိမ်မှု မရှိဘူး။ အစွန်းရောက်အကြမ်းဖက်အဖွဲ့တွေဟာလည်း ဒီဒေသမှာ နေရာအတော်များများ ပြန့်နေပြီ။

အဲဒီလို သူ့ကြောင့် ဒေသတခုလုံး ဝရုန်းသုန်းကား ဖြစ်နေတာတောင် အမေရိကန်က ဇက်ကြိုးမသတ်နိုင်ဘူး။ ဆီးရီးယား



အီရတ် ကာ့ဒ်ဒေသလူထုဆန္ဒခံယူပွဲ

မှာ အတိုက်အခံတွေကို ဝင်အားပေးကူညီတယ်။ သူအားပေးနေတဲ့ အဖွဲ့တချို့ဟာလည်း အစွန်းရောက်တွေ ဖြစ်တယ်။ (ISIS) တွေလည်း ဝင်လာတော့ အခြေအနေတွေက ပိုဆိုးလာတော့တယ်။ ဒုက္ခသည်တွေ သန်းနဲ့ချီ ထွက်ပြေးတာတွေ ဖြစ်လာတယ်။ နောက် ရုရှားကလည်း အမေရိကန်ကို လွှတ်ထားပေးလို့ မဖြစ်တော့ဘူးဆိုပြီး ဆီးရီးယားမှာ ဝင်ပါလာတယ်။ ဒါကြောင့် ဆီးရီးယားအာဆတ်အစိုးရလည်း အသက်ရှူချောင်သွားတယ်။

ဒီဒေသမှာ အဲဒီလို ဝရုန်းသုန်းကားဖြစ်နေတာဟာ ကာ့ဒ်တွေအတွက်တော့ အခွင့်အခါကောင်းတခုလို ဖြစ်ခဲ့တယ်။ အထက်မှာ ဖော်ပြခဲ့သလို ဒီအခြေအနေတွေအောက်မှာ သူတို့ရဲ့ အခွင့်အရေး၊ ဒေသနယ်ပယ် စတာတွေကို တိုးချဲ့ရယူနိုင်ခဲ့တယ်။ အခုတော့ ပထမဦးဆုံး ကာ့ဒ်နိုင်ငံထူထောင်ဖို့ ခြေလှမ်းကိုတောင်လှမ်းလိုက်ပြီ ဖြစ်တယ်။ ဒါပေမဲ့ ပထမခြေလှမ်းမှာကိုပဲ အကျပ်ဆိုက်နေရပြီ ဖြစ်တယ်။ ပထမဦးဆုံးသော ကာ့ဒ်နိုင်ငံတော်တရပ် ပေါ်ပေါက်မလားမပေါ်ပေါက်ဖူးလားဆိုတာကို ယတိပြတ်တော့ မပြောနိုင်သေးပါ။ ကမ္ဘာ့အင်အားကြီးတွေနဲ့ ဒေသတွင်းအင်အား (regional power) တွေရဲ့ အားပြိုင်မှုနဲ့ ပဋိပက္ခတွေ ဘယ်လိုဖြစ်ပေါ်လာကြမလဲ၊ ဘယ်လိုအင်အားစုဖွဲ့မှု အသစ် (realignment) တွေ ဖြစ်လာကြမလဲဆိုတာတွေအပေါ်မှာ များစွာတည်မှီနေတယ်လို့ပဲ ပြောရမှာ ဖြစ်ပါတယ်။

၅ – ၁၀ – ၂၀၁၇




## ပဋိပက္ခ မီးမွှေးတာရဲ့ အဓိက ပစ်မှတ်ဟာ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထု ဖြစ်တယ်

တောင်တွင်းကြီးနဲ့ တခြားမြို့တွေမှာ ဆူပူဖျက်ဆီးမှုဖြစ်အောင် ဖန်တီးသွားတာ တွေ့ရတယ်။ အစီအစဉ်ရှိရှိ ဖန်တီးတာပဲ။ အရင်လုပ်နေကျအတိုင်း နောက်ကွယ်ကနေ စေခိုင်းလုပ်သွားတာပဲ။ ဒါဟာ အကြမ်းဖက်ဖျက်ဆီးမှု အမျိုးအစားတခု ဖြစ်တယ်။ ဒါဟာ သာမန်ကြည့်ရင် မွတ်စလင် အမုန်းပွားရေးကိုသာ ဦးတည်ချက်ထားရေးလို့ ထင်စရာပဲ။ မဟုတ်ဘူး။ ရခိုင်အရေးမှာလည်း အကြမ်းဖက်မှု တိုက်ဖျက်ရေး ဦးတည်ချက်သက်သက်နဲ့ မွတ်စလင်မုန်းတီးရေးသက်သက် ဦးတည်ချက်လို့ ထင်စရာပဲ။ မဟုတ်ဘူး။ ဒီလိုဖန်တီးဖို့အတွက် လူစုံ အင်အားစုံ ထွက်အော်ရတယ်။ ကြံ့ဖွံ့ပါတီ ထွက်အော်ရတယ်။ ဦးသန်းဌေးထွက်ပြောရတယ်။ (သူပြောတာက တိုင်းပြည်ပျက်တော့မယ်၊ ဒီချုပ် အသုံးမကျဘူး၊ စစ်တပ်ကယ်မှ ရမယ်ဆိုတဲ့ သဘောပဲ။ တိုင်းပြည်ကို ချောက်ထဲကျတော့မှာမို့လို့ဆိုပြီး စစ်တပ်က အာဏာသိမ်း တိုင်းပြည်ကို အုပ်ချုပ်လာလိုက်တာ ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံဘဝ ကျရောက်သွားခဲ့ရတယ်။ ပြည်တွင်းစစ်ကို တိုးချဲ့ပြီး တိုင်းရင်းသားပြည်သူများကို သတ်ဖြတ်၊ သယံဇာတတွေကို ထုတ်ရောင်းချစားလိုက်တာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝ ကျရောက်သွားခဲ့ရပြီ။ အခုလည်းဆက်ပြီး တိုင်းပြည်အာဏာကို အငမ်းမရ လိုချင်နေကြပြန်ပြီ) ဒေါ်ခင်ဝိုင်းကြည်တို့တောင် ထွက်လှုပ်ရှားတယ်ဆိုတော့ ဘာသာရေးမီးမွှေးနေကျသူတွေ ခြေစုံတက်စုံ ထွက်လှုပ်ရှားတာပဲ။ ခြေဆင်းပျိုးကတည်းက ဗိုလ်မင်းအောင်လှိုင်ဆီသွားပြီး စစ်တပ်ကို ပင့်ရတယ်။ တကယ်က ရခိုင်မှာ မီးရှူးတန်ဆောင် ထိန်ထိန်ညီးဖို့ မီးတုတ်ကို လက်ဆင့်ကမ်းသယ်ယူနေတာ မဟုတ်ဘူး။ မီးပျိုးဖို့ မီးစ သွားတောင်းတာပဲ။ ပြည်ပစွက်ဖက်မှုတွေ ဝင်လာနိုင်အောင် အနောက်တံခါးကို ဟပေးထားတာပဲ။ အဲဒီမီးစကနေ ခု ရခိုင်မှာ အိမ်တွေ ရွာတွေ မီးလောင်နေတာပဲ။ မီးလောင်နေချိန်နဲ့ အချိန်ကိုက် ကာလုံခေါ်ရေးကို စစ်တပ်အသိုင်းအဝိုင်းအပါ အားလုံးက သံကုန် ဝိုင်းအော်ပေးကြတယ်။ ရခိုင်မှာ မီးတွေလောင်ရုံလောက်နဲ့ စစ်တပ်က သိကြားမင်းလို ဆင်းကယ်လို့ မရသေးဘူး။ ဒီတော့ တပြည်လုံးနေရာအနှံ့အပြားမှ မီးမွှေးဖို့ လုပ်ရတော့တယ်။ ဒါကြောင့် ၉/ ၁၁ ကြိုတင်တပ်လှန့်သံကို ထုတ်လွှင့်တော့တာပဲ။ ဒီတပ်လှန့်သံကို အစောကြီးကတည်းက ကြိုတင်လုပ်ထားတာပဲ။ ခု နောက်ပိုင်းကျတော့ မွတ်စလင်အသိုင်းအဝိုင်းကိုရော၊ ဗုဒ္ဓဘာသာ အဝန်းအဝိုင်းမှာပါ တဖက်နဲ့တဖက် ရန်မီးပွားအောင် ၂ ဖက်စလုံးကို ရန်မီးတောက်လောင်စေတဲ့ သတင်းပို့ချက်တွေ လုပ်လာကြတယ်။ ကာလုံခေါ်ရေး၊ စစ်တပ်က ကယ်တင်ရှင်လုပ်ရေးဆိုတာ ဘာလဲ။ ဒီချုပ် ဖယ်ရှားရေးဖြစ်တယ်။ စစ်အုပ်စုနဲ့ ကြံ့ဖွံ့တို့က အာဏာကို တင်းပြည့်ကျပ်ပြည့် ဆုပ်ကိုင်နိုင်ရေးဖြစ်တယ်။ ဒီအခြေအနေကို သူတို့ဘာလို့ ဒါလောက် သဲကြီးမဲကြီး လိုချင်နေရတာလဲ။ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပြည်သူတွေရဲ့ဆန့်ကျင်မှု တနေ့တခြား မြင့်တက်လာနေလို့ ဖြစ်တယ်။ ဒီချုပ်မှာ အားနည်းချက်တွေ ဘယ်လောက်ရှိပါစေ။ ပြည်သူတွေက စစ်တပ်နဲ့ ကြံ့ဖွံ့ပါတီအပေါ် မုန်းတီးရွံရှာမှုက လျော့ကျမသွားဘဲ ပိုမိုပြီး အရှိန်မြင့်လာလို့ဖြစ်တယ်။ (ဒီချုပ်အစိုးရလက်ထက်မှာ အရင် အစိုးရလက်ထက်က မသမာမှုတွေ လာဘ်စားမှုတွေ ပိုမိုပွင့်အန်ထွက်လာတာလည်း အကြောင်းတခု ဖြစ်တယ်။) ပြည်သူတရပ်လုံးက ၂၀၀၈ ဖွဲ့စည်းပုံကို ပိုမိုဆန့်ကျင်လာကြမှာ၊ လူထုအားနဲ့




၂၀၀၈ အခြေခံဥပဒေကို တိုက်ပွဲဝင် တွန်းလှန်လာကြမှာ သူတို့ကြိုမြင်တယ်။ သူတို့ ဒါကို ကြောက်ရွံ့ထိတ်လန့်တယ်။ သူတို့အာဏာကို တမိနစ် တစက္ကန့်လေးတောင်မှ မစွန့်လွှတ်ချင်ဘူး၊ တပြားဖိုးမှ အာဏာခွဲမပေးချင်ဘူး။ ဒီတော့ ထွက်ပေါက်အဖြစ် သူတို့လုပ်နိုင်တာက တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် မီးမွှေးပေးတာပဲ။ ဒါမှ သူတို့စစ်အုပ်စုနဲ့ စစ်တပ်က ကယ်တင်ရှင်ဖြစ်မယ်။ ဒီနောက် အာဏာကို အပြည့်အဝ ပြန်ချုပ်ကိုင်မယ်။ အဖိနှိပ်ခံပြည်သူလူထုကို တဆင့်တိုးဖိနှိပ်အုပ်ချုပ်မယ်။ ဒါပဲ။ ဒီရည်ရွယ်ချက် ဒီဦးတည်ချက်အတွက် လုပ်နေကြတာပဲ။

သူတို့မအုပ်ချုပ်ရတော့တဲ့အချိန်ကျရင် တိုင်းပြည်မငြိမ်မသက်ဖြစ်လိမ့်မယ်လို့ ဦးသိန်းစိန် ကြိုတင်ပြောသွားခဲ့တာလည်း ဒါပဲ။

ဒီလို တိုင်းပြည်မငြိမ်မသက် မီးလောင်စေအောင် ဖန်တီးမှုအတွင်း ရခိုင်မှာ ဒေသခံ တိုင်းရင်းသားတွေ၊ ဟိန္ဒူတွေ မွတ်စလင်တွေ သေကျေကြတယ်။ ကျန် တိုင်းပြည်ရဲ့နေရာအနှံ့အပြားမှာ ပဋိပက္ခတွေ၊ ရန်မီးတောက်လောင်မှုတွေ ဖော်ဆောင်နိုင်ခဲ့ရင် တပြည်လုံးက အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူတွေ သေကျေဆုံးရှုံးကြရဦးမယ်။ သူတို့ရည်ရွယ်ချက်အောင်မြင်မယ်ဆိုရင် ပြည်သူတွေ စစ်အုပ်ချုပ်မှုအောက်မှာ တဆင့်တိုးပြီး နှစ်ပေါင်းများစွာ ဆက်လက် မတရားဖိနှိပ်တာတွေ ခံကြရဦးမယ်။

သူတို့ အာဏာကို ရာနှုန်းပြည့် လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်နိုင်ပြီဆိုရင်တော့ ပြည်ပတိုင်းပြည်တွေကိုဖြစ်ဖြစ် တခြားအင်အားစုတွေကိုဖြစ်ဖြစ် အောက်ကျို့တောင်းပန်တာ၊ ဒူးထောက်တာတောင် လုပ်ဖို့ဝန်လေးမှာ မဟုတ်ဘူး။ သူတို့အာဏာ တည်မြဲရေးအတွက် ဘာမဆို လုပ်မယ့် စစ်အုပ်စု ဖြစ်တယ်။

သူတို့ ပဋိပက္ခ မီးမွှေးတာရဲ့ အဓိက ပစ်မှတ်ဟာ မွတ်စလင်မုန်းတီးရေးသက်သက် မဟုတ်ဘူး။ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကို တဆင့်တိုး ဖိနှိပ်နင်းချေရေးသာ ဖြစ်တယ်။

## ဂျော့ဆိုးရော့စ်၊ စပွတ်နစ်နဲ့ ဦးကိုကိုလှိုင်

ဘီလျံနာသူဌေးကြီးဂျော့ဆိုးရော့စ် (George Soros) ဟာ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးပါ။ ချမ်းသာတာသက်သက်ကြောင့် နာမည်ကြီးတာ မဟုတ်ပါဘူး။ သူဟာ ငွေကြေးဈေးကွက်တွေ ကမောက်ကမဖြစ်အောင်လုပ်ပြီး အမြတ်ထွက်အောင်လုပ်နိုင်သူ ဖြစ်တယ်။ ၁၉၉၇ အာရှငွေကြေးဈေးကွက် အကျပ်အတည်းဟာ သူ့လက်ချက်လို့ ဆိုကြပါတယ်။ မလေးရှားငွေ ပြိုလဲသွားတာဟာ သူ့လက်ချက်လို့ မလေးရှားဝန်ကြီးချုပ်က စွပ်စွဲခဲ့တယ်။ ထိုင်းနိုင်ငံကတော့ သူ့ကို ‘စီးပွားရေးစစ်ရာဇဝတ်ကောင်’ လို့တောင် သမုတ်ခဲ့ပါတယ်။ ဒါ့အပြင် သူဟာ နိုင်ငံရေးလောကမှာလည်း ဝင်ကစားတတ်တာကြောင့် နာမည်ပိုကြီးလာတာ ဖြစ်ပါတယ်။ ၁၉၇၀ ခုနှစ်များနဲ့ ၁၉၈၀ ခုနှစ်များမှာ သူဟာ ပွင့်လင်းအဖွဲ့အစည်း (open societies) တွေကို အရှေ့ဥရောပနိုင်ငံတွေမှာ ဖွဲ့ခဲ့တယ်။ ကွန်မြူနစ်စနစ်ပြိုကွဲတာမှာ အဲဒီအဖွဲ့တွေရဲ့အခန်းက မသေးဘူးလို့ ဆိုကြပါတယ်။

လတ်တလောရခိုင်အရေးအခင်းနဲ့ပတ်သက်ပြီး သတင်း ၂ ပုဒ်မှာ ဆိုးရော့စ်ရဲ့နာမည် ပါလာတာ တွေ့လိုက်ရပါတယ်။ တပုဒ်က စပွတ်နစ်သတင်းဆောင်းပါးဖြစ်ပြီး နောက်တပုဒ်ကတော့ စစ်တပ်ထုတ် မြဝတီသတင်းစာမှာ ဖြစ်ပါတယ်။ စပွတ်နစ်မှာပါတဲ့ဆောင်းပါးက ရုရှားသိပ္ပံအကယ်ဒမီ၊ အရှေ့တိုင်းလေ့လာရေး သုတေသနအဖွဲ့၊ အရှေ့တောင်အာရှ၊ ဩစတြေးလျနဲ့ သမုဒ္ဒရာပိုင်းဆိုင်ရာဗဟိုဌာနရဲ့ ဒါရိုက်တာတယောက်ဖြစ်တဲ့ ဒမီထရီမိုစရာကော့ဗ်နဲ့




ရုရှားပြည်သူ့မိတ်သဟာယ တက္ကသိုလ်၊ မဟာဗျူဟာမြောက်လေ့လာရေးနဲ့ ရှေ့အလားအလာသုံးသပ်ရေးအဖွဲ့က ဒုတိယဒါရိုက်တာ ဒမီထရီအက်ဂေါ်ချန်းကောဇ့်ဗ်တို့ရဲ့ ရခိုင်အရေးဆိုင်ရာ သုံးသပ်ချက်ကို ဖော်ပြထားတာပါ။ ရခိုင်အရေးဟာ ပြည်တွင်းရေးဖြစ်တယ်။ ဒါပေမဲ့ ပြည်ပနိုင်ငံကြီးတွေကလည်း ဒီပြည်တွင်းပဋိပက္ခကို ဝင်စွက်ဖက်ပြီး ကစားနေကြတယ်လို့ သူတို့က ဆိုပါတယ်။ ဒီအထဲမှာ ဂျော့ဆိုးရော့စ်ရဲ့ ပါဝင်စွက်ဖက်မှုလည်း ရှိတယ်လို့ ဆိုပါတယ်။

ဆိုးရော့စ် ရန်ပုံငွေထောက်ပံ့ ပေးထားတဲ့ အဖွဲ့အစည်းတွေ အများကြီးပါဝင်တဲ့ Burma Task Force ဟာ ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံအရေး တက်တက်ကြွကြွကိုလှုပ်ရှားနေပြီး သူတို့အမည်တပ်ထားတဲ့ မွတ်စလင်လူနည်းစုအပေါ် လူမျိုးတုံးသတ်ဖြတ်နေမှုကို ရပ်တန့်ပေးဖို့ နိုင်ငံတကာအသိုက်အဝန်းကို အကူအညီတောင်းခံတာတွေ လုပ်နေတယ်လို့ ဆိုပါတယ်။ နောက်ပြီး ဆိုးရော့စ်ဟာ နိုင်ငံတနိုင်ငံကို ခြေဦးလှည့်တဲ့အခါ အဲဒီနိုင်ငံရဲ့ ဘာသာရေး၊ လူမျိုးရေး ဒါမှမဟုတ် လူမှုရေးအမြင်မတူ၊ ဝိဝါဒကွဲတွေကို ရှာဖွေပါတယ်။ ပြီးရင် ဒီထဲကမှ ပဋိပက္ခတခုကိုထုတ်ပြီး အဲဒါကိုပဲ ကြွလာအောင် လုပ်တတ်ပါတယ်ဆိုပြီး အက်ဂေါ်ချန်းကောဇ့်ဗ်က ရှင်းပြပါတယ်။ ဒါကတော့ ရုရှားပညာရှင်တွေရဲ့ အမြင်ဖြစ်ပါတယ်။

စက်တင်ဘာ ၈ ရက်နေ့က မြဝတီမီဒီယာဂရုက ရခိုင်ပြည်နယ်အရေးနဲ့လုံခြုံရေးအမြင်ဆိုတဲ့ စကားဝိုင်းတခု ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတကာရေးရာ သုတေသီဦးကိုကိုလှိုင်နဲ့ ပြင်သစ်ပညာရှင်ဂျာ့က်ပီလိုက်ဒါတို့ ဦးဆောင်ဆွေးနွေးခဲ့ကြတယ်။ အဲဒီစကားဝိုင်းဆွေးနွေးပွဲကို မြဝတီသတင်းစာက စက်တင်ဘာ ၉ ရက်နေ့ကနေ စက်တင်ဘာ ၁၂ ရက်နေ့အထိ အခန်းဆက် ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဦးကိုကိုလှိုင်ပြောတဲ့အထဲမှာ ဂျော့ဆိုးရော့စ်ဟာ ဗမာပြည်ကို ၂ ကြိမ်လာသွားကြောင်း၊ စစ်တွေကိုလည်းရောက်ကြောင်း ပါပါတယ်။ စစ်တွေရောက်တဲ့အခါမှာ ဂျော့ဆိုးရော့စ်က လေယာဉ်ပေါ်ကတောင် မဆင်းကြောင်း၊ အဲဒီအချိန်က ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦး (ဗိုလ်ချုပ်) မောင်မောင်အုန်းက လေယာဉ်ပေါ်အထိ သွားတွေ့ရကြောင်းတွေကို အတော်လေးမခံချိမခံသာနဲ့ ပြောသွားတာကို ဖတ်လိုက်ရတယ်။ ဒီလို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင် လေယာဉ်ပေါ်အထိ အောက်ကျနောက်ကျခံပြီးသွားတွေ့ရတယ်ဆိုတာ အခုမှပဲ ကြားဖူးပါတော့တယ်။ ဦးကိုကိုလှိုင်အနေနဲ့ ပြောမယ့်ပြော အခုလောက်လေးနဲ့တင် ရပ်မနေဘဲ ဘာအကျိုးတွေမျှော်ကိုးပြီး အခုလိုသွားတွေ့ရတာဖြစ်တယ်၊ ဒါပေမဲ့ မှန်းချက်နဲ့နှမ်းထွက် ဘယ်လိုမကိုက်ဘဲ ဖြစ်သွားရတယ်ဆိုတာတွေကိုပါ တဆက်တည်း ဖွင့်ပြောပါလို့ တိုက်တွန်းလိုက်ရပါတယ်။

## မြောက်ကိုရီးယား အရေးယူပိတ်ဆို့မှုနဲ့ ပူတင်ရဲ့မှတ်ချက်

မြောက်ကိုရီးယားရဲ့ အနုမြူပုံးစမ်းသပ်ဖောက်ခွဲမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ဆို့မှုအသစ်တွေ ချမှတ်လိုက်ပြန်ပါပြီ။ ဒီပိတ်ဆို့မှုမှာ မြောက်ကိုရီးယားကို လောင်စာဆီတင်သွင်းတာနဲ့ ထုတ်ကုန်အထည်တွေကို ပမာဏကန့်သတ်တာတွေ ပါဝင်တယ်။ ပိတ်ဆို့မှုအသစ်တွေ ချမှတ်လိုက်လို့ မြောက်ကိုရီးယားက သူ့ရဲ့ တာဝေးပစ်ဒုံးပျံစမ်းသပ်မှုနဲ့ အနုမြူပုံးစမ်းသပ်မှုတွေ ရပ်တန့်သွားမလားဆိုတာကတော့ သံသယဖြစ်စရာပါ။ အခုလို ပိတ်ဆို့မှုတွေ ချမှတ်လိုက် မြောက်ကိုရီးယားကလည်း ထပ်ပြီးစမ်းသပ်ဖောက်ခွဲလိုက်နဲ့




သံသရာလည်နေတာ ကြာလှပါပြီ။
၁၉၉၄ ခုနှစ်တုန်းက
အမေရိကန်နဲ့မြောက်ကိုရီးယားအကြားမှာ
သဘောတူညီချက်တခု ရခဲ့ဖူးတယ်။
မြောက်ကိုရီးယားဘက်က
လည်ပတ်နေတဲ့ လျှပ်စစ်ထုတ်
အနုမြူဓာတ်ပေါင်းဖိုစက်ရုံတရုံကို
ပိတ်ပေးမယ်။ အနုမြူဓာတ်ပေါင်းဖိုစက်ရုံ
၂ ရုံ ဆောက်လုပ်နေတာကိုလည်း
ရပ်ဆိုင်းလိုက်မယ်။
(ဒီအနုမြူဓာတ်ပေါင်းဖိုတွေက
အနုမြူလက်နက်ထုတ်လုပ်နိုင်တယ်။)
အဲဒီစက်ရုံတွေအစား
အနုမြူလက်နက်ထုတ်မရတဲ့ (light
water)
လျှပ်စစ်ထုတ်အနုမြူဓာတ်ပေါင်းဖိုစက်ရုံ ၂
ရုံ ၂၀၀၃ ခုနှစ် အပြီး အမေရိကန်က
ပြန်ဆောက်ပေးမယ်။ ဒီကြားထဲမှာ
မြောက်ကိုရီးယားလိုတဲ့
လျှပ်စစ်စွမ်းအင်အတွက် အမေရိကန်က
လောင်စာဆီထောက်ပံ့ပေးမယ်။
ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေ
ရုပ်သိမ်းပေးမယ်။
အကြမ်းဖက်စနစ်ကျင့်သုံးတဲ့နိုင်ငံ
စာရင်းထဲကလည်း ပယ်ဖျက်ပေးမယ်။ ၂
နိုင်ငံ ဆက်ဆံရေး ပုံမှန်ဖြစ်အောင်
တည်ဆောက်သွားမယ်စတဲ့ အချက်တွေ
ပါဝင်တယ်။
ဒါပေမဲ့ အမေရိကန်ဘက်က
လောင်စာဆီပို့ပေးတာမှာလည်း
မကြာမကြာနှောင့်နှေးခဲ့တယ်။
တဖြည်းဖြည်းနဲ့ ပို့တောင်
မပို့ပေးနိုင်တော့ဘူး။
အစားထိုးဆောက်ပေးမယ်ဆိုတဲ့
အနုမြူစက်ရုံ ၂ ရုံလည်း
မဆောက်ပေးဖြစ်ခဲ့ဘူး။ ကုန်ကျစရိတ်
မတတ်နိုင်တာကြောင့်လို့ ဆိုတယ်။ ဒီလိုနဲ့
ဒီသဘောတူညီချက် ပျက်ခဲ့တယ်။
နောက်တော့ အခုဖြစ်နေတဲ့ ပိတ်ဆို့လိုက်
– ဖောက်ခွဲစမ်းသတ်လိုက်
သံသရာပြန်လည်လာခဲ့တာ ဖြစ်တယ်။
အခုတော့
မြောက်ကိုရီးယားရဲ့တာဝေးပစ်ဒုံးက
အစွမ်းထက်လာသလို
နောက်ဆုံးစမ်းသပ်ဖောက်ခွဲတဲ့
အနုမြူဗုံးကလည်း
အင်အားကြီးတယ်လို့ဆိုတယ်။
အမေရိကန်သမ္မတထရမ့်နဲ့
မြောက်ကိုရီးယားကြားမှာ
လေစစ်ပွဲကလည်း ပြင်းထန်လာခဲ့တယ်။
တချို့ကတော့
တတိယကမ္ဘာစစ်ဖြစ်တော့မတတ်
ပြောလာကြတယ်။
တောင်ကိုရီးယားမှာ အမေရိကန်ရဲ့
ဒုံးပျံကာကွယ်ရေး (Thadd) စနစ်တွေ
ချထားလာတယ်။ ထရမ့်ကတော့
ကုန်ကျစရိတ်ကို
တောင်ကိုရီးယားကလည်း
မျှခံရမယ်လို့ဆိုတယ်။ ဒါ့အပြင်
စစ်လက်နက်ပစ္စည်းတွေ
ဒေါ်လာဘီလျံနဲ့ချီပြီး ရောင်းပေးဦးမယ်လို့
ဆိုတယ်။
အမေရိကန်လက်နက်ကုမ္ပဏီကြီး
လော့ခ်ဟိမာတင် (Lockheed
Martin) ရဲ့ စတော့ရှယ်ယာဈေးတွေ
တက်လာတာကိုလည်း မြင်ကြရတယ်။
ဒီစစ်စရိတ်တွေတော့ အကုန်ခံနိုင်ကြတာ
တွေ့ရပြန်တယ်။
အခုနောက်ဆုံး ပိတ်ဆို့အရေးယူမှုချမှတ်ဖို့
အမေရိကန်က စိုင်းပြင်းနေချိန်မှာ
ရုရှားသမ္မတပူတင်ရဲ့ ပြောစကားက
မှတ်လောက်သားလောက်ဖြစ်ပြီး
ပြဿနာရဲ့သော့ချက်ကိုလည်း
ဒုတ်ဒုတ်ထိ ဖော်ပြနိုင်တယ်။
သူ့မှတ်ချက်ကတော့ –
"ဆက်ဒမ်ဟူစိန်နဲ့အီရတ်
ဘာဖြစ်သွားသလဲဆိုတာ
လူတိုင်းမှတ်မိကြမှာပါ။ ဟူစိန်က
ဖျက်အားပြင်းလက်နက် (WMD )
ထုတ်လုပ်မှုတွေကို စွန့်လွှတ်လိုက်တယ်။
ဒါပေမဲ့ သူကော သူ့မိသားစုပါ
အသတ်ခံကြရတယ်။ လူမမယ်
ကလေးငယ်လေးတွေပါ
အသတ်ခံခဲ့ကြရတယ်။ သူ့မြေးငယ်လေး
အပစ်သတ်ခံရတယ်ဆိုတာလည်း
ကျွန်တော်ယုံတယ်။ နိုင်ငံလည်း
အဖျက်ဆီးခံရတယ်။
မြောက်ကိုရီးယားကလည်း ဒါကို
သတိထားမိမှာပဲ။ သတိလည်း ရနေမှာပါ။
ပိတ်ဆို့အရေးယူမှုတချို့ ချမှတ်တာနဲ့
ဖျက်အားပြင်းလက်နက်ထုတ်လုပ်မှုတွေကို
မြောက်ကိုရီးယားက

# သတင်းနဲ့မှတ်ချက်

စွန့်လွှတ်လိုက်မယ်လို့ ခင်ဗျားထင်သလား။ ဒါကို (ဆက်ဒမ်ဟူစိန်ဖြစ်ရင်) မြောက်ကိုရီးယားက ဘယ်တော့မှ မေ့မှာမဟုတ်ဘူးဆိုတာ သေချာတယ်။ ဒီကိစ္စမှာ ဘယ်လိုအရေးယူပိတ်ဆို့မှုမျိုးကမှ အသုံးကျမှာ မဟုတ်သလို အကျိုးရလဒ်လည်းရှိမှာ မဟုတ်ဘူး။ မနေ့က ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်တယောက်ကို ပြောခဲ့သလိုပါပဲ။ မြောက်ကိုရီးယားတွေဟာ သူတို့လုံခြုံမှုရှိပြီလို့ မယူဆရသေးသရွေ့ ဒီလုပ်ငန်းတွေကို စွန့်လွှတ်မှာ မဟုတ်ဘူး။ မြက်သာ စားကြလိမ့်မယ်။” ... တဲ့။

---

## ထူးပေမယ့် မဆန်း

ဒီနေ့ခေတ်မှာ အလိမ္မာပစ္စည်းတွေ ပေါ်များတယ်။ အလိမ္မာဖုန်း (smart phone)၊ အလိမ္မာလက်ပတ်နာရီ (smart watch)၊ အလိမ္မာတီဗွီ (smart TV) စသဖြင့် အမျိုးပေါင်းစုံပါတယ်။ အဲဒီပစ္စည်းတွေရဲ့ အသုံးဝင်မှုကလည်း အံ့မခန်းပါပဲ။ လက်ကိုင်ဖုန်းဆိုရင် မရှိမဖြစ် ပစ္စည်းလို ဖြစ်နေတယ်။ ဖုန်းနဲ့မျက်နှာ မခွာနိုင်ဖြစ်ကြ၊ သွားလေရာ ယူသွားကြနဲ့ ဖြစ်နေတယ်။

ဆက်သွယ်ရေးအတွက်ကော သတင်းအချက်အလက် ရယူရေးအပြင် ဖျော်ဖြေရေး အတွက်လည်း အသုံးဝင်လှတယ်။ ဒါကြောင့် လူကြီးလူငယ်မရွေး စမတ်ဖုန်းသုံးကြတော့တာ ဖြစ်တယ်။ ကောင်းကျိုးတွေ များလှသလို ဆိုးကျိုးလည်းရှိတယ်။ ကိုယ့်ဖုန်းကို အဝေးက တစုံတယောက်က ထိုးဖောက်ဝင်ရောက်ပြီး ကိုယ်မသိဘဲ အမိန့်ပေးစေခိုင်းနေလို့ရတယ်။ ကိုယ်ပြောသမျှ၊ လုပ်သမျှ မှတ်တမ်းယူထားပြီး အဲဒီလူဆီ အကုန်ပို့ပေးတယ်။

မကြာသေးခင်ကပဲ အဲဒီလို ဖုန်းကို ဖောက်ထွင်းခံလိုက်ရတဲ့ သတင်းတပုဒ် ဖတ်လိုက်ရတယ်။ ဖုန်းပိုင်ရှင်က အိမ်ဖြူတော်အရာရှိချုပ် ဂျွန်ကယ်လီတဲ့။ သူ့ဖုန်းပြောသမျှတင်မက လူချင်းတွေ့ စကားပြောနေတာတွေကိုပါ အသံဖမ်းထားသတဲ့။ နောက်ပြီး သူဘယ်နေရာ ရောက်နေတယ်ဆိုတာကိုလည်း နေရာပြစနစ် (GPS) ကြောင့် အတိအကျသိနေတယ်။ သူကလည်း အိမ်ဖြူတော်အရာရှိချုပ်ဆိုတော့ သမ္မတထရမ့်နဲ့ မကြာမကြာတွေ့နေရတာဖြစ်လို့ သမ္မတရှိနေတဲ့ နေရာကိုပါ သိသွားနိုင်တော့တာ ဖြစ်ပါတယ်။ ဖုန်းပိတ်ထား (power off) တဲ့ အချိန်မှာတောင် ဖုန်းက အလုပ်ဆက်လုပ်နေတယ်လို့ ဆိုတယ်။ ကြောက်စရာ မကောင်းပါလား။ ကယ်လီရဲ့ဖုန်းကို ဘယ်သူက ထိုးဖောက်ထားသလဲဆိုတာတော့ မသိရပါ။ ဒါပေမဲ့ အရှေ့ဥရောပမှာရှိတဲ့ နေတိုးတပ်ဖွဲ့ဝင်တွေရဲ့ လက်ကိုင်ဖုန်းတွေကို ရုရှားဖောက်ထွင်းသမားတွေ (hackers) က ဝင်ဖောက်ပြီး အချက်အလက်တွေ ရယူနေတယ်ဆိုတဲ့ စွပ်စွဲချက်တွေလည်း ရှိပါတယ်။

ဒီသတင်းမတိုင်မီလေးကလည်း အမေရိကန်လုံခြုံရေးအေဂျင်စီ (NSA) မှ ကန်ထရိုက်တာတဦးသုံးတဲ့ ကွန်ပျူတာမှ ထိပ်တန်းလျှို့ဝှက်အချက်အလက်တွေ ခိုးယူဖို့ ရုရှားဖောက်ထွင်းသမားတွေက ကာစပါစကီးဗိုင်းရပ်စ်ကာကွယ်ရေး အပျော့ထည်ကို အသုံးပြုခဲ့တယ်ဆိုတဲ့ သတင်းထွက်လာပါတယ်။ ဒါကြောင့် အမေရိကန်အစိုးရက ရုရှားကုမ္ပဏီထုတ် ကာစပါစကီးဗိုင်းရပ်စ်ကာကွယ်ရေး အပျော့ထည်ကို အစိုးရဌာနတွေမှာ အသုံးမပြုဖို့ ပိတ်ပင်ခဲ့တယ်။

အမေရိကန်ကို ရုရှားက ထောက်လှမ်းတဲ့ သတင်းတွေချည်းမို့ အမေရိကန်ကကော ရုရှားကို မထောက်လှမ်းဘူးလားလို့ မေးစရာပေါ်လာပါတယ်။ ရုရှားမပြောနဲ့ တကမ္ဘာလုံးကို ထောက်လှမ်းနေတယ်လို့ပဲ ပြောရမှာပါ။ အမေရိကန်လုံခြုံရေး အေဂျင်စီက စနိုးဒင် ဖွင့်ချလိုက်လို့ အမေရိကန်အစိုးရ ဆွေ့ဆွေ့ခုန်ဖြစ်ခဲ့ရတာပါ။ သူ့

မဟာမိတ်တွေဖြစ်တဲ့ ဗြိတိန်၊ ဂျာမနီတို့က ဝန်ကြီးချုပ်ဖုန်းတွေပါမကျန် ကြားဖြတ်ခိုးနားထောင်ခဲ့တာတွေ ပေါ်သွားလို့ အိုဘားမား မျက်နှာပျက်ခဲ့ရတယ် မဟုတ်လား။ နိုင်ငံကြီးတွေ အခုလို အပြန်အလှန် သတင်းထောက်လှမ်းနေခဲ့ကြတယ်ဆိုတာ ကြာလှပြီ ဖြစ်ပါတယ်။ ခေတ်က ခိုနဲ့စာပို့တဲ့ခေတ် မဟုတ်တော့လို့ နည်းပညာတွေသာ ပြောင်းလဲထူးခြားသွားတာ ဖြစ်ပါတယ်။ ထူးပေမယ့် မဆန်းပါလို့ပဲ ပြောရပါမယ်။

---




## တွစ်တာမင်းသားကြီးထရမ့်၊ နေ့လူကြီးထိန်းဌာနနဲ့ အိုင်ကျူမြင့်သူများ

အမေရိကန်ရဲ့လက်ရှိသမ္မတထရမ့်ဟာ လူမှုကွန်ယက်တွစ်တာ (Twitter) သုံးရတာကို အလွန်စိတ်ပါသူတဦးဖြစ်တယ်။ တွစ်တာမင်းသားကြီးလို့တောင် ပြောရမှာပါ။ တွစ်တာသုံးတာမှာလည်း လူစုံတက်စုံနဲ့ လှည့်ရန်ဖြစ်ဖို့ သုံးနေသလို ဖြစ်နေပါတယ်။ သူ့ပြည်တွင်း သတင်းဌာနတွေနဲ့ ရန်ဖြစ်လိုက်၊ ဒီမိုကရက်ခေါင်းဆောင်တွေနဲ့တင်မကဘဲ ရီပတ်ဘလစ်ကန်ခေါင်းဆောင်တွေနဲ့ပါ ရန်ဖြစ်လိုက် ဖြစ်နေတာပါ။ နိုင်ငံတကာခေါင်းဆောင်တွေလည်း မလွတ်ကြပါဘူး။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကိုတော့ ဒုံးပျံလူသား (little rocket man) လို့ လှောင်ပြောင်ခေါ်ခဲ့တာပါ။

သူ့အစိုးရအဖွဲ့ဝင်တွေလည်း ချမ်းသာမပေးပါဘူး။ အခုနောက်ဆုံး အတွယ်ခံလိုက်ရသူကတော့ နိုင်ငံခြားရေးဝန်ကြီးရက်စ်တီလာဆင် ဖြစ်ပါတယ်။ မြောက်ကိုရီးယားအရေး ဖြေရှင်းဖို့ တောင်ကိုရီးယားသို့ ခရီးထွက်နေစဉ်ကလည်း 'အချိန်ဖြုန်းမနေနဲ့ တီလာဆင်' လို့ ပြောခဲ့တယ်။ အခုတခါတော့ သူ (ထရမ့်) ဟာ တီလာဆင်ထက် ဉာဏ်ရည်ညွှန်းကိန်း အိုင်ကျူ ပိုမြင့်တယ်လို့ ပြောလိုက်တာ ဖြစ်တယ်။ အရင်ကလည်း သူဟာ သမ္မတဘုရှ်၊ သမ္မတအိုဘားမားတို့အပါ အတော်များများကို အိုင်ကျူနိမ့်သူတွေလို့ ဝေဖန်ခဲ့ဖူးပါတယ်။

အိမ်ဖြူတော်ပြန်ကြားရေး အတွင်းဝန်ကတော့ တီလာဆင်ကို အခုလို ပြောတာဟာ သမ္မတကြီးက အရွှန်းဖောက်တာသက်သက်ပါလို့ ဖြေရှင်းပါတယ်။ အခုလို နံပါတ်ဝမ်းသမ္မတကြီးက ပြောချင်ရာပြောလိုက်၊ လုပ်ချင်ရာလုပ်လိုက် ဖြစ်နေတာကို အိမ်ဖြူတော်ဝန်ထမ်းနဲ့ အစိုးရအဖွဲ့ဝင်တွေက အမျိုးမျိုးဖာထေးနေကြရတာ ဖြစ်တယ်။ ဒါကြောင့် အိမ်ဖြူတော်လည်း နေ့လူကြီးထိန်းဌာန (Day Adult Care Centre) ဖြစ်နေပြီလို့ ရီပတ်ဘလစ်ကန်အထက်လွှတ်တော်အမတ် ဘော့ကော်ကာ (Bob Corker) က မှတ်ချက်ချလိုက်တာ ဖြစ်ပါတယ်။

အိုင်ကျူဆိုတော့ ဒီတလောလေးမှာပဲ အိုင်ကျူအကြောင်းပြောခဲ့တာတခုကို သတိရမိပါတယ်။ ဗမာပြည် စစ်တပ်ထွက်အရာရှိကြီးတဦးက ပြောခဲ့တာပါ။ သူက 'တပ်မတော်အရာရှိကြီးတွေ အားလုံး အိုင်ကျူမြင့်ကြသူတွေချည်းပဲ' လို့ ပြောလိုက်တာပါ။ (သေချာအောင် သမ္မတကြီးထရမ့်ဆီမှာ အစစ်အဆေးခံကြည့်ကြဖို့ အကြံပေးလိုပါတယ်။ လီကွမ်ယူကတော့ မြန်မာစစ်ခေါင်းဆောင်တွေကို ၂၀၀၇ ခုနှစ်တုန်းက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ရာမှာ မိုက်မဲသူတွေ၊ ထုံပေပေနိုင်သူတွေ၊ သူတို့နဲ့ ဆက်ဆံရတာ လူသေများနဲ့ စကားပြောရသလိုပဲလို့ ပြောခဲ့ဖူးပါတယ်။) ဒီအတိုင်းဆိုရင်တော့ ဗမာပြည်က စစ်ဗိုလ်ချုပ်ကြီးတွေ ရုံးတက်ကြတဲ့ စစ်ရုံးကိုလည်း အမည်သစ်ပေးမှ ဖြစ်တော့မှာပါ။ နံပါတ်ဝမ်းလုပ်ချင်ရာ လုပ်နေတာကို ဝိုင်းထိန်းနေကြတာ မဟုတ်လေတော့ 'နေ့လူကြီးထိန်းဌာန' လို့ အမည်ပေးဖို့တော့ မဖြစ်ပေဘူး။ ဘယ်လို အမည်ပေးကြရင် ကောင်းမလဲ။

---

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်